# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၁၁၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ပုံမှန်ထက် ပိုမိုသိုလှောင်၍ ဈေးနှုန်းကြီးမြင့်လာအောင် လုပ်ဆောင်နေမှုများအား ကြပ်မတ်စစ်ဆေးဖော်ထုတ်လျက်ရှိပြီး ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသူများအား အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၁၆**

ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး


စာမျက်နှာ ၃ ကော်လံ ၁ ◆


**ယနေ့ ဖတ်စရာ**

**ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း**


ဆောင်းပါး (စာ - ၆)


**အာဖဂန်ပြည်သူတွေရဲ့ အလိုချင်ဆုံးသော ငြိမ်းချမ်းရေး**


နိုင်ငံတကာရေးရာ (စာ - ၁၄)

မြန်မာ့အလင်း

# ကပ်ရောဂါကူးစက်မှု ပိုမိုကျဆင်းရေး ကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားရန်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားရန် ဟူသော လုပ်ငန်းစဉ် (၂) ရပ် ပါရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ပြီး ကပ်ရောဂါကို နိုင်နိုင်နင်းနင်း ထိန်းချုပ်လာနိုင်ပြီဖြစ်သည့် အခြေအနေ ရောက်ရှိလာသည်နှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ပတ်လာနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်တားဆီးရေး လုပ်ငန်းများကို အများပြည်သူ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ကာ ရရှိလာသည့် အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင်သွားကြရမည်ဖြစ်သည်။

"ရောဂါကူးစက်ဖြစ်ပွားမှုအနေဖြင့် ဇူလိုင် ၁၄ ရက်တွင် ၃၃ ဒသမ ၁၇ ရာခိုင်နှုန်း၊ ဇူလိုင် ၂၃ ရက်တွင် ၄၀ ဒသမ ၈၂ ရာခိုင်နှုန်းအထိ ရှိခဲ့ရာမှာ ဩဂုတ် ၁၅ ရက်တွင် ကူးစက်ဖြစ်ပွားသူ ၂၆ ဒသမ ၄၆ ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများ၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုတို့ကြောင့် ဖြစ်ပွားမှုရာခိုင်နှုန်း၏ ၁၄ ရာခိုင်နှုန်းကျော်အထိ လျှော့ချနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကူးစက်ဖြစ်ပွားမှုနှုန်း ပိုမိုကျဆင်းလာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးအမှာစကားတွင် ထည့်သွင်းပြောကြားခဲ့ရာ တစ်ယောက်တစ်လက်၊ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်း ပေါ်ထွက်လာခြင်းပင်ဖြစ်ပြီး အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရမှာလည်း ဖြစ်သည်။

ကိုဗစ်-၁၉ တတိယလှိုင်းကာလတွင် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းကို နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ဦးစားပေးသတ်မှတ်ချက်များဖြင့် ထိုးနှံပေးလျက်ရှိသလို ကာကွယ်ဆေးများ အဆက်မပြတ် ရောက်ရှိလာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားခြင်းအားဖြင့် ယခုနှစ်ကုန်တွင် မျှော်မှန်းထားသည့် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ကို ကာကွယ်ဆေးထိုးနှံ လွှမ်းခြုံထားနိုင်မည်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က "အဓိက ကတော့ ကာကွယ်ဆေးကို မှန်မှန်နဲ့ မြန်မြန်ထိုးပေးနိုင်ဖို့လည်း လိုတယ်၊ အဲဒီတော့ ကျွန်တော်တို့ ဒီနှစ်အကုန်မှာ တိုင်းပြည်လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်း မျှော်မှန်းထားတယ်ဆိုတော့ တစ်လကို ငါးသန်းထိုးနိုင်ဖို့လိုတယ်" ဟူ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆဋ္ဌမအကြိမ်ညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့ရာ လစဉ်ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ထိုးနှံသွားနိုင်သည်နှင့်အမျှ နှစ်ကုန်တွင် မျှော်မှန်းချက်ပြည့်မြောက်သွားနိုင်မည်ဖြစ်သည်။

ပြည်သူတစ်ဦးချင်းအနေဖြင့်မူ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြရန် လိုအပ်သလို ကာကွယ်ဆေးထိုးပြီးသည်ဖြစ်စေ၊ မထိုးရသေးသည်ဖြစ်စေ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး စည်းမျဉ်းစည်းကမ်းများဖြစ်သည့် လူစုလူဝေးကို ရှောင်ရှားခြင်း၊ မဖြစ်မနေ အပြင်ထွက်ရပါက ပါးစပ်၊ နှာခေါင်းစည်းကို မပျက်မကွက် တပ်ဆင်ခြင်း၊ လက်ကိုဆပ်ပြာဖြင့် မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေအကွာ နေထိုင်ခြင်းတို့ကိုလည်း လိုက်နာကျင့်သုံးကြခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားမှုများ ထိန်းချုပ်ဖြတ်တောက်နိုင်ရေးတွင် ကိုယ်စီပါဝင်နိုင်ကြပါစေကြောင်း။ ။

# မိဘပြည်သူများထံသို့ တိုက်တွန်းနှိုးဆော်ချက်

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ယခုလတ်တလော Coronavirus Disease 2019 (COVID-19 ) ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုနှုန်းမှာ တိုးတက်မြင့်မားလျက်ရှိပါသည်။
- မြန်မာသက္ကရာဇ် ၁၃၈၃ ခု၊ ဝါဆိုလဆန်း ၅ ရက်၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီအစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများက လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019(COVID-19) ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရတနသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူပေးခဲ့ပါသည်။
- ထို့အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) ကလည်း လတ်တလော ဖြစ်ပွားနေသော Coronavirus Disease 2019 (COVID-19) ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီးတွင် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရတနသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များက မြို့နယ်သံဃနာယကအဖွဲ့များသို့ ညွှန်ကြားဆောင်ရွက်ရန် အဆင့်ဆင့် အကြောင်းကြား လျှောက်ထားပြီး ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင်ရှိသော မိဘပြည်သူများအနေဖြင့် လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019 (COVID-19) ကမ္ဘာ့ ကပ်ရောဂါ အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ရတနသုတ် ပရိတ်တရားတော်ကို မိမိနေအိမ်တွင် နေ့စဉ်ရွတ်ဖတ်ပူဇော်နိုင်ကြပါရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သော ပျဉ်းမနားမြို့၊ ရန်အောင် (၁) ရပ်ကွက်၊ မဟာလယ်တီစံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဘဒ္ဒန္တက္ကုန္ဒာဝုဓ၊ သက်တော် (၇၃) နှစ်၊ သိက္ခာတော် (၅၃) ဝါ၏ အန္တိမစျာပနပွဲကို ကိုဗစ်-၁၉ ရောဂါ ကင်းစင်သည့်အချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမများ အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် ပျဉ်းမနားမြို့နယ်ရှိ အောက်ဆီဂျင်ထုတ်လုပ်သည့်စက် လည်ပတ်မှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် ထိရောက်စွာဆောင်ရွက်နိုင်ရန် အောက်ဆီဂျင် လုံလောက်စွာ ရရှိနိုင်ရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုး၊ ဒက္ခိဏခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ဈေးကုန်းဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ ပျဉ်းမနားမြို့ ပရဟိတအသင်းပိုင် အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ပျဉ်းမနားမြို့ပရဟိတအသင်းပိုင် အောက်ဆီဂျင်စက်ရုံ ဥက္ကဋ္ဌ ဦးတေဇာအောင်က စက်ရုံလည်ပတ်နေမှု၊ အောက်ဆီဂျင် ထုတ်လုပ်ပုံ ထုတ်လုပ်နည်း အဆင့်ဆင့်နှင့် ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို အသေးစိတ် လိုက်လံရှင်းလင်းတင်ပြရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က လိုအပ်သည်များ မှာကြားသည်။

အဆိုပါ အောက်ဆီဂျင် ထုတ်လုပ်သည့်စက်မှာ တရုတ်နိုင်ငံထုတ် PSA အမျိုးအစား Mobile Oxygen ထုတ်စက် 30m3/hr ထုတ်လုပ်မှုစွမ်းအား- 120/24hr အောက်ဆီဂျင်စက်မှာ NZO အမျိုးအစား ဖြစ်ပြီး တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး ၁၀၀ ခန့် ထုတ်လုပ်နိုင်ပြီး ထွက်ရှိသည့် အောက်ဆီဂျင်အိုးများထဲမှ ၂၅ လုံးကို လိုအပ်လျက်ရှိသည့် ဘုန်းတော်ကြီး ကျောင်းများ၊ သံဃာဆေးရုံများအား အခမဲ့ လှူဒါန်းပေးပြီး ကျန်အောက်ဆီဂျင်အိုးများကို တစ်လုံးလျှင် ငွေကျပ် ၇၀၀၀ ဖြင့် ပရဟိတအဖွဲ့များနှင့် အောက်ဆီဂျင် လိုအပ်သည့် ပြည်သူများသို့ ဖြန့်ဖြူးရောင်းချလျက် ရှိကြောင်း ပျဉ်းမနားမြို့ပရဟိတအသင်းပိုင် အောက်ဆီဂျင်စက်ရုံ ဥက္ကဋ္ဌထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**“ရောဂါဖြစ်ပွားမှု ကန့်သတ်ချက်များကြောင့် သယ်ယူပို့ဆောင်မှုစရိတ်နှင့် လုပ်အားခကုန်ကျစရိတ်များကြောင့် အတိုင်းအတာတစ်ခုအထိ ဈေးနှုန်းမြင့်မားမှု၊ သဘာဝကျသည့် ဈေးနှုန်းမြင့်တက်မှုများရှိသည်ကို မပြောလိုသော်လည်း မတန်တဆ ဈေးတင်ရောင်းချမှုများကို မဖြစ်စေလိုကြောင်း၊ စားသောက်ကုန်ပစ္စည်းများအား ပစ္စည်းပြတ်လပ်၍ ဈေးနှုန်းမြင့်မားလာစေရန်အတွက် ရည်ရွယ်ချက်ရှိစွာဖြင့် ပွဲရုံများ၊ ဂိုဒေါင်များတွင် သိုလှောင်ခြင်း၊ ဈေးကစားခြင်းများရှိနိုင်သဖြင့် အခြေခံစားကုန်၊ သုံးကုန်များ ဈေးနှုန်းမြင့်မားမှုမရှိစေရေး တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ်လုပ်ဆောင်”**

◆ ရှေ့ဖုံးမှ

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

### ကြိုးပမ်းဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအတွင်း ကိုဗစ် -၁၉ ရောဂါ တတိယလှိုင်း ကူးစက်ဖြစ်ပွားနေမှုများကို ဩဂုတ်လအတွင်း၌ ကူးစက် ဖြစ်ပွားနေမှုရာခိုင်နှုန်း၏ ထက်ဝက်ခန့်အထိ ကျဆင်းနိုင်ရေးကြိုးပမ်း လုပ်ဆောင်လျက်ရှိသည်ကို ယခင် အစည်းအဝေးများတွင် ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုအနေဖြင့် ဇူလိုင် ၁၄ ရက် တွင် ၃၃ ဒသမ ၁၇ ရာခိုင်နှုန်း၊ ဇူလိုင် ၂၃ ရက်တွင် ၄၀ ဒသမ ၈၂ ရာခိုင်နှုန်းအထိရှိခဲ့ရာမှ ဩဂုတ် ၁၅ ရက်တွင် ကူးစက်ဖြစ်ပွားသူ ၂၆ ဒသမ ၄၆ ရာခိုင် နှုန်းသာရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများ၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုတို့ကြောင့် ဖြစ်ပွားမှု ရာခိုင်နှုန်း၏ ၁၄ ရာခိုင်နှုန်းကျော်အထိ လျှော့ချနိုင်ခဲ့ ခြင်းဖြစ်ကြောင်း၊ ကူးစက်ဖြစ်ပွားမှုနှုန်း ပိုမိုကျဆင်းလာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### ထိန်းသိမ်းကြပ်မတ်

ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးပစ္စည်းများ၊ အခြေခံအိမ်သုံးဆေးဝါး ပစ္စည်းများနှင့် ပတ်သက်၍ ကုန်ဈေးနှုန်းကြီးမြင့်မှုများကြောင့် ဝယ်ယူသုံးစွဲသူ ပြည်သူလူထုအခက်အခဲမဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ပြီးဖြစ်ကြောင်း၊ သဘာဝမဟုတ်သည့် ကုန်ဈေးနှုန်းကြီးမြင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

မှုများ လျှော့ချနိုင်ရေး၊ ပုံမှန်ထက် ပိုမိုသိုလှောင်၍ ဈေးနှုန်းကြီးမြင့်လာအောင် လုပ်ဆောင်နေမှုများအား ကြပ်မတ်စစ်ဆေးဖော်ထုတ်လျက်ရှိပြီး ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသူများအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကြပ်မတ်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထုများအနေဖြင့် အခြေခံအိမ်သုံးဆေးဝါးများကို ပုံမှန်ဈေးနှုန်းများဖြင့် ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံသည် အခြေခံစားသောက်ကုန်များထုတ်လုပ်သည့် နိုင်ငံဖြစ်သဖြင့် အခြေခံစားသောက်ကုန်များ ကုန်ဈေးနှုန်းကြီးမြင့်နေမှုများကိုလည်း သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းအလိုက် စိစစ်ကြပ်မတ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှု ကန့်သတ်ချက်များကြောင့် သယ်ယူပို့ဆောင်မှုစရိတ်နှင့် လုပ်အားခကုန်ကျစရိတ်များကြောင့် အတိုင်းအတာတစ်ခုအထိ ဈေးနှုန်းမြင့်မားမှု၊ သဘာဝကျသည့် ဈေးနှုန်းမြင့်တက်မှုများရှိသည်ကို မပြောလိုသော်လည်း မတန်တဆ ဈေးတင်ရောင်းချမှုများကို မဖြစ်စေလိုကြောင်း၊ စားသောက်ကုန်ပစ္စည်းများအား ပစ္စည်းပြတ်လပ်၍ ဈေးနှုန်းမြင့်မားလာစေရန်အတွက် ရည်ရွယ်ချက်ရှိစွာဖြင့် ပွဲရုံများ၊ ဂိုဒေါင်များတွင် သိုလှောင်ခြင်း၊ ဈေးကစားခြင်းများရှိနိုင်သဖြင့် အခြေခံစားကုန်၊ သုံးကုန်များ ဈေးနှုန်းမြင့်မားမှု မရှိစေရေး တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ် လုပ်ဆောင်ပေးကြရန်လိုကြောင်း။

### အမြန်ဆုံးဖြန့်ဝေပေးလျက်ရှိ

အစိုးရအနေဖြင့် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများကိုရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရောက်ရှိလာသည့်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အမြန်ဆုံးဖြန့်ဝေပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဆေးများရောက်ရှိလာသည်နှင့် ပျက်စီးမှုမဖြစ်စေရန် စနစ်တကျထိန်းသိမ်းထားသိုရန်နှင့် တတ်နိုင်သရွေ့ အမြန်ဆုံးထိုးနှံပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ EAOs အဖွဲ့များအနေဖြင့် ၎င်းတို့နယ်မြေများအတွင်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်သွယ်လာခြင်းများ ရှိသဖြင့်

*စာမျက်နှာ ၄ သို့*


ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရှင်းလင်းတင်ပြစဉ်။


ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း ရှင်းလင်းတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ရှင်းလင်းတင်ပြစဉ်။


တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စု ဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ EAOs နယ်မြေများတွင် ကာကွယ်ဆေးထိုးနှံနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဦးစားပေးအုပ်စုအလိုက် စာရင်းပြုစုဆောင်ရွက်ကြရန်လိုကြောင်း။

### ကြိုးပမ်းလုပ်ဆောင်လျက်ရှိ

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့် စာသင်ကျောင်းများ ပိတ်ထားရသည်ဖြစ်သော်လည်း ရောဂါကူးစက်ဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်သည့်အချိန်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်ပါက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ စာသင်ကျောင်းအဆောက်အဦများ ကြံ့ခိုင်မှုပြည့်ဝနေစေရေးအတွက် လိုအပ်သည့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်များအလိုက် တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများအား စာပေသင်ကြားပေးကြရမည်ဖြစ်ပြီး အနီးကပ်ထိတွေ့ရမည့်သူများဖြစ်သဖြင့် ကာကွယ်ဆေးထိုးနှံရာတွင် ဦးစားပေးဖြင့် ထိုးနှံနိုင်ရေး လစ်ဟင်းမှုမရှိအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးနှင့်ပတ်သက်ပါက လူပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း၊ ကုမ္ပဏီများသော်လည်းကောင်း မည်သည့်ကန့်သတ်ချက်မျှ မထားရှိဘဲ တင်သွင်းခွင့်ပြုပေးထားပြီးဖြစ်သော်လည်း FDA မှ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ဆေးဝါးနှင့် ပစ္စည်းများဖြစ်စေရေး တာဝန်ရှိသည့် ဌာနဆိုင်ရာများက ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါကာကွယ် ကုသရေး ထိန်းချုပ်ရေးနှင့် ပတ်သက်၍ လုပ်ဆောင်နိုင်သည့်မှန်သမျှကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက လက်ရှိအချိန်တွင် ရောဂါပိုးကူးစက်ဖြစ်ပွားမှုနှုန်း အတိုင်းအတာတစ်ခုအထိ ကျဆင်းလာပြီဖြစ်ပြီး ကုသရေးလုပ်ငန်းများတွင် ပါဝင်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် သန့်ရှင်းရေးဝန်ထမ်းများ၏ ကိုယ်ခံအားပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ပေးနေမှုအခြေအနေ၊ Quarantine Center များနှင့် Positive Center များတွင် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများဖြန့်ခွဲ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ရောဂါပိုးတွေ့ရှိမှုနှုန်း များပြားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသိပညာပေးခြင်းများ ကြပ်မတ်ဆောင်ရွက်ခြင်းများကို ပိုမိုလုပ်ဆောင်သင့်သည့် အခြေအနေ။

### ၃၆ ရာခိုင်နှုန်းအထိ ကျဆင်းလာ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောဂါပိုး ကူးစက်ပြန့်ပွားမှု၊ သေဆုံးမှု အခြေအနေ၊ မြန်မာနိုင်ငံတွင် ကိုဗစ် - ၁၉ ရောဂါ တတိယလှိုင်း ကူးစက်ပြန့်ပွားဖြစ်ပေါ်ခဲ့သည့် အချိန်မှစ၍ ယနေ့အချိန်အထိ ဖြစ်ပွားသူ ၂၁၀၉၆၁ ဦး၊ သေဆုံးသူ ၁၀၀၄၈ ဦးရှိခဲ့သည့် အခြေအနေ၊ လက်ရှိအချိန်တွင် ရောဂါပိုးတွေ့ရှိမှုနှုန်းနှင့် သေဆုံးမှုနှုန်း ကျဆင်းလျက်ရှိပြီး ဇူလိုင်လ ဒုတိယအပတ်တွင် ရောဂါပိုး တွေ့ရှိမှုနှုန်းနှင့် ဩဂုတ်လ ဒုတိယအပတ်တွင် ရောဂါပိုးတွေ့ရှိမှုနှုန်း နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၃၆ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြည့်မည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီးတွင် ၇၄ ရာခိုင်နှုန်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၆၂ ရာခိုင်နှုန်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၅၃ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၄၀ ရာခိုင်နှုန်းကျော်အထိ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရသည့်အခြေအနေ။

### ချိတ်ဆက်လုပ်ဆောင်လျက်ရှိ

ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလျက်ရှိသည့် ဒေသများအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေ၊ သတ်မှတ်စည်းကမ်းချက်များ လိုက်နာရန် အားနည်းသည့် နေရာဒေသများ၌ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို လူထုနှင့် အနီးကပ်ရှိသည့် နေရာများအထိ လုပ်ဆောင်ပေးရန်လိုအပ်သည့် အခြေအနေ၊ **ကာကွယ်ဆေးများ ထပ်မံရောက်ရှိလာနိုင်ရေး ဆောင်ရွက်မှု အနေဖြင့် တရုတ်နိုင်ငံမှ ကာကွယ်ဆေးတစ်သန်းကို လာမည့်အပတ်အတွင်း ရရှိနိုင်ရေး ချိတ်ဆက်လုပ်ဆောင်လျက်ရှိပြီး ထပ်မံစာချုပ်ချုပ်ဆိုထားသည့် ၂၄ သန်းကိုလည်း ဝယ်ယူရရှိနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲမပြတ် ကြိုးပမ်းချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ။**

> ◆ **လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့် စာသင်ကျောင်းများ ပိတ်ထားရသည်ဖြစ်သော်လည်း ရောဂါကူးစက်ဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်သည့်အချိန်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်ပါက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ စာသင်ကျောင်းအဆောက်အဦများ ကြံ့ခိုင်မှုပြည့်ဝနေစေရေးအတွက် လိုအပ်သည့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်များ အလိုက် တာဝန်ရှိသူများက ဆောင်ရွက်**
>
> ◆ **ထို့ပြင် ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများအား စာပေသင်ကြားပေးကြရမည်ဖြစ်ပြီး အနီးကပ် ထိတွေ့ရမည့်သူများ ဖြစ်သဖြင့် ကာကွယ်ဆေးထိုးနှံရာတွင် ဦးစားပေးဖြင့် ထိုးနှံနိုင်ရေး လစ်ဟင်းမှုမရှိအောင် လုပ်ဆောင်**

ကမ္ဘာ့နိုင်ငံများတွင် ဗီဇပြောင်းရောဂါပိုး မျိုးစိတ်အသစ်များ ဆက်လက်တွေ့ရှိနေရမှု၊ ကူးစက်ပြန့်ပွားနိုင်မှု အခြေအနေနှင့် ဗီဇပြောင်းရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်မှုကို ကာကွယ်တားဆီးနိုင်ရေး ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေ၊ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည့် အခြေအနေနှင့် IDP Camp များတွင်လည်း ထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှ လှူဒါန်းသည့် ကာကွယ်ဆေးများရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်နေသည့်အခြေအနေ၊ အာဆီယံနိုင်ငံများ၊ အာဆီယံအပေါင်းနိုင်ငံများနှင့် ပူးပေါင်း၍ ကာကွယ်ဆေးများ ရရှိနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့မှုအခြေအနေ၊ တိုင်းရင်းဆေးများမှတစ်ဆင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး သုတေသနဆောင်ရွက်နေမှု အခြေအနေ။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် စေတနာရှင်အလှူရှင်များထံမှ အလှူငွေများ ရရှိမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကုသရေး ရန်ပုံငွေမှ သုံးစွဲထားရှိမှုအခြေအနေ၊ ဆိပ်ကမ်းများ၊ လေဆိပ်များ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပြုဆေးဝါးများနှင့် အခြားအိမ်သုံး အခြေခံဆေးဝါးများ တင်သွင်းဆောင်ရွက်နေမှုအခြေအနေ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုများ၊ သတင်းစာများနှင့် အခြားမီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ပြန်ကြားနေမှုအခြေအနေ၊ တိုင်းရင်းသားဘာသာစကားများ၊ အစီအစဉ်သစ်များဖြင့် ပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေမှုအခြေအနေ၊ လက်ရှိကာလတွင် အောက်ဆီဂျင်လိုအပ်ချက်များအတွက် တိုးမြှင့်ထုတ်လုပ်ပေးနေမှုအခြေအနေ၊ ဆေးဝါးများကို ဈေးနှုန်းကြီးမြင့်လာစေရန် ရည်ရွယ်ချက်ရှိစွာဖြင့် သိုလှောင်မှုများ မရှိစေရေး ဆေးဆိုင်များနှင့် ဆေးဝါးသိုလှောင်ထားသည့် ဂိုဒေါင်များအား စစ်ဆေးဆောင်ရွက်ခဲ့မှု၊ တွေ့ရှိမှုနှင့် အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာမှုနှင့် စနစ်တကျ ဆေးစစ်မှုများဆောင်ရွက်ပေးပြီး ၎င်းတို့ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးနေမှုအခြေအနေ။

### ဖြည့်စွက်မှာကြား

Relief Flight များ ပြေးဆွဲ၍ ခရီးသည်နှင့် ဆေးဝါးများ သယ်ယူ ပို့ဆောင်ပေးနိုင်ခဲ့သည့် အခြေအနေနှင့် ပို့ဆောင်ဆက်သွယ်မှု မပြတ်တောက်စေရေး လေယာဉ်၊ ရေယာဉ်များနှင့် ကုန်းလမ်းပို့ဆောင်ရေးတို့မှ ခရီးစဉ်များ ပြေးဆွဲဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရောဂါပိုးအတည်ပြုလူနာများအား တပ်မတော်စင်တာများတွင် ကုသဆောင်ရွက်ပေးနေမှုနှင့် လူနာများအား ကုသပေးနိုင်ရေး ဆေးတပ်ဖွဲ့ဝင်များကို တာဝန်ပေးအပ်ထားရှိသည့်အခြေအနေ၊ ဆေးဝါးများ တင်သွင်းဖြန့်ဖြူးမှု လွယ်ကူလျင်မြန်စေရေးအတွက် ဖြေလျှော့၊ ချိတ်ဆက်ဆောင်ရွက်ပေးနေမှုနှင့် ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဆေးဝါးစက်ရုံများမှ ဆေးဝါးများထုတ်လုပ်ပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက် မှာကြားသည်။

### ကိုဗစ်ကိုပဲအဓိကထားပြီး ဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရမှုနှင့် ပတ်သက်၍ **"နောက်တစ်ခုက ကျန်းမာရေးဝန်ထမ်းတွေ၊ တကယ်ကို ကျန်းမာရေးဝန်ထမ်းတွေက ရှေ့တန်းကျကျလုပ်ရတာ၊ ဆေးရုံတွေမှာ၊ ဖျားနာလာတဲ့သူတွေကို သူတို့ပဲကုရတာ၊ သူတို့ကိုကူးစက်ပြီဆို သူတို့ကို Priority ပေးရလိမ့်မယ်၊ ဦးစားပေးပြီးတော့ သူတို့ကို အထူးကိစ္စတစ်ရပ်အနေနဲ့ စောင့်ရှောက်ပေးဖို့ လိုပါတယ်၊ ဖြစ်တဲ့အချိန်မှာဖြစ်လို့ ပြန်ကုလို့ ပျောက်သွားရုံတင်မဟုတ်ဘူး၊ နောက်ဆက်တွဲပြဿနာတွေပါ ပြန်ကြည့်ဖို့လိုတာပေါ့။ တောက်လျှောက်ကို မှတ်ထားပြီးတော့ Register လုပ်ထားဖို့ လိုပါတယ်။ ကုသရင်းနဲ့ ကူးစက်ခြင်းခံရတဲ့ ပုဂ္ဂိုလ်တွေပေါ့။ သူတို့ကိုတော့ အထူးကိစ္စတစ်ရပ်အနေနဲ့ သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်များက ပြန်ကြည့်ပေးပါ။ ဝန်ကြီးဌာနအနေနဲ့လည်း ဒါကို မှတ်တမ်းတင်ထားပြီး စောင့်ရှောက်ပေးဖို့ ကျွန်တော်ပြောလိုပါတယ်၊ နောက်တစ်ခါ အရပ်ဘက် ကုသရေးနဲ့ပတ်သက်ပြီး တချို့နေရာတွေမှာ မနိုင်တဲ့အတွက်ကြောင့် တပ်မတော်က ဝင်ကူပေးရတာရှိတယ်။ တပ်မတော်က ဝင်ကူပေးရတာရှိသလို တပ်မတော်ဆေးရုံတွေမှာလည်း ကုသပေးနေတာတွေရှိတယ်။ ကိုဗစ်ကိုပဲအဓိကထားပြီး ဆောင်ရွက်ပေးနေတာတွေ။ ခုနကပြောတဲ့ ဥပမာအားဖြင့် Quarantine Center လိုဟာမျိုးတွေ၊ ကုသရေးစင်တာလိုဟာမျိုးတွေမှာ၊ ကျွန်တော်တို့က သီးခြားထားပြီး စောင့်ရှောက်ပေးထားသလိုပဲ၊ ဆေးရုံတွေမှာလည်း ကျွန်တော်တို့ ကုသပေးနေတာတွေရှိတယ်၊ ဒီလိုလူတွေအတွက်လည်း သီးခြား ချီးမြှင့်ပေးဖို့၊ ဆောင်ရွက်ပေးဖို့ လိုမယ်ဆိုတာကိုလည်း ကျွန်တော် ထည့်ပြီး ပြောလိုပါတယ်"** ဟု ပြောကြားသည်။

### ဂရုပြုဆောင်ရွက်ရန်လို

ထို့နောက် ရောဂါဖြစ်ပွား မှုနှုန်းများ ထက်ဝက်နီးပါးအထိကျဆင်းလာသည်ဆိုသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တွက်ချက်သည့်နှုန်းအရ အချို့မြို့နယ်များတွင် ရောဂါကူးစက်မှုနှုန်းများ များပြားမှု ရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အဆိုပါရောဂါ ကူးစက်မှုနှုန်း မြင့်မားနေသေးသည့် မြို့နယ်များတွင် ရောဂါကူးစက်မှုနှုန်းများ လျော့ကျစေရေး ဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊ ယခုအခါ အောက်ဆီဂျင်နှင့်ပတ်သက်၍ လက်ရှိအခြေအနေတွင် လုံလောက်မှုရှိနေပြီဖြစ်ကြောင်း၊ သို့သော် ယခုဖြစ်ပွားနေသည့် ရောဂါသည် လက်ရှိအချိန်တွင် လုံးဝကင်းစင်ပျောက်ကင်းသွားမည့်ရောဂါမဟုတ်သေးကြောင်း၊ အောက်ဆီဂျင်သည် ကိုဗစ်-၁၉ ရောဂါကုသရေးတွင်သာမက အခြားရောဂါကုသရေးများအတွက်လည်း လိုအပ်သည်များရှိကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ဆေးရုံများ၊ ခရိုင်နှင့် မြို့နယ်အဆင့်အလိုက်ဆေးရုံများနှင့် ဆေးရုံကြီးများတွင် အောက်ဆီဂျင်များ အမြဲတမ်းရရှိနေအောင် တွက်ချက်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လိုအပ်ချက်များဖြစ်ပေါ်လာပါကလည်း ဖြည့်ဆည်းပေးနိုင်ရေး တစ်နေရာနှင့်တစ်နေရာ အမြဲချိတ်ဆက်ဆောင်ရွက်ထားရန်လိုကြောင်း၊ အလားတူနိုင်ငံပိုင် အောက်ဆီဂျင်စက်ရုံများ၊ တပ်မတော်ပိုင် အောက်ဆီဂျင်စက်ရုံများနှင့် ပုဂ္ဂလိကပိုင်အောက်ဆီဂျင်စက်ရုံများမှ အောက်ဆီဂျင်ထုတ်လုပ်မှုများအား စာရင်းပြုစုထားပြီး ဆေးရုံများ၌ ဆေးရုံသုံးအောက်ဆီဂျင်များ အမြဲမပြတ်ရရှိရေးဆောင်ရွက်ထားရန်လိုကြောင်း၊ ရေရှည်အတွက်ကြည့်၍ တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း။

### ရောဂါကူးစက်မှုနှုန်း လျော့ကျလာ

ရောဂါစစ်ဆေးမှုနှင့် ပတ်သက်၍ စစ်ဆေးမှုများ ကျဆင်းလာသည့်အတွက် ရောဂါကူးစက်မှုနှုန်း လျော့ကျလာသကဲ့သို့ ရာခိုင်နှုန်းအရလည်း ကျဆင်းလာမှုများရှိကြောင်း၊ အဓိကအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မြေပြင်အခြေအနေမှန်များအား သိရှိနေရန်လိုကြောင်း၊

*စာမျက်နှာ ၅ သို့*

# စာနာမှုကင်းမဲ့သည့် လုပ်ရပ်

မိမိတို့အနေဖြင့် အောက်ဆီဂျင်လုံလောက်စွာ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်ပမှလည်း အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မှာယူတင်သွင်းလျက်ရှိသဖြင့် စနစ်တကျသုံးစွဲရန်နှင့် သိုလှောင်မှုနှင့်ပတ်သက်၍လည်း ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြောက်ဥက္ကလာပဆေးရုံတွင် အောက်ဆီဂျင်ပိုက်လိုင်းများ ဖျက်ဆီးခံရသည်ဟု ကြားသိရပြီး ဟုမ္မလင်းဆေးရုံတွင်လည်း အကြောင်းမဲ့လုပ်ငန်းခွင်ပျက်ကွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းအချို့က အောက်ဆီဂျင်အိုးများကို သိုဝှက်ထားခဲ့သည်ဟုသိရှိရကြောင်း၊ ထိုကဲ့သို့ လုပ်ရပ်များသည် အတွေးအခေါ်မဲ့ပြီး စာနာမှုကင်းမဲ့သည့် လုပ်ရပ်များပင်ဖြစ်ပြီး ဆေးရုံများအနေဖြင့်လည်း လူနာများ၏ ကျန်းမာရေးအတွက် လုံခြုံရေးတင်းကျပ်စွာ လုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၄ မှ*

ရောဂါကူးစက်ခံရသော်လည်း မိမိတို့အစီအစဉ်ဖြင့် ကျန်းမာရေးဌာနများသို့ လာရောက်ကုသမှုခံယူခြင်း မပြုသူများ မရှိရန်လိုကြောင်း၊ အဆိုပါ ရောဂါကူးစက်ခံရသူများမှတစ်ဆင့် အခြားသူများသို့ ကူးစက်ရန်အတွက် အန္တရာယ်များစွာရှိကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် သတင်းဖော်ထုတ် ကြပ်မတ်ဆောင်ရွက်ပြီး ရောဂါစစ်ဆေးမှုနှင့် ပတ်သက်၍ အထူးဂရုပြုဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ဆေးရုံတိုင်းတွင် ဆရာဝန် များရှိစေရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖြန့်ခွဲတာဝန်ပေးထားကြောင်း၊ လိုအပ်ချက်များရှိပါက တပ်မတော်မှ ဝင်ရောက်ကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆေးရုံတိုင်းတွင် ဆရာဝန်များရှိရေးသည် အရေးအကြီးဆုံးအချက်ပင်ဖြစ်ကြောင်း၊ ဆရာဝန်များ တာဝန်ထမ်းဆောင်မှုနှင့် နေထိုင်မှုများ အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ ယခင်ပထမလှိုင်းနှင့် ဒုတိယလှိုင်းတွင် ဆေးရုံများ၌ ပြင်ဆင်မှုများ အားနည်းခဲ့ခြင်းကြောင့် အခက်အခဲများဖြစ်ပေါ်ခဲ့သကဲ့သို့ ယခုတတိယလှိုင်းတွင်လည်း ရောဂါကူးစက်မှုမြန်ဆန်ပြင်းထန်မှုကြောင့် အခက်အခဲများဖြစ်ပေါ်ခဲ့သည်ကို သင်ခန်းစာယူ၍ ဆေးရုံများ အားလုံးတွင် ကုသရေးအတွက် အမြဲကြိုတင်ပြင်ဆင် ထားရှိရန်လိုကြောင်း၊ မိမိတို့ဒေသအလိုက် လူဦးရေကိုတွက်ချက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ ကြိုတင်ပြင်ဆင်ထားရန် လိုကြောင်း။

> ❊ **ဆေးရုံတိုင်းတွင် ဆရာဝန်များရှိစေရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖြန့်ခွဲတာဝန်ပေးထား၊ လိုအပ်ချက်များ ရှိပါက တပ်မတော်မှ ဝင်ရောက်ကူညီဆောင်ရွက်ပေးမည်၊ ဆေးရုံတိုင်းတွင် ဆရာဝန်များရှိရေးသည် အရေးအကြီးဆုံး အချက်ပင်ဖြစ်၊ ဆရာဝန်များ တာဝန်ထမ်းဆောင်မှုနှင့် နေထိုင်မှုများ အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေး၊ ယခင် ပထမလှိုင်းနှင့် ဒုတိယလှိုင်းတွင် ဆေးရုံများ၌ ပြင်ဆင်မှုများ အားနည်းခဲ့ခြင်းကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သကဲ့သို့ ယခု တတိယလှိုင်းတွင်လည်း ရောဂါကူးစက်မှု မြန်ဆန် ပြင်းထန်မှုကြောင့် အခက်အခဲများဖြစ်ပေါ်ခဲ့သည်ကို သင်ခန်းစာယူ၍ ဆေးရုံများအားလုံးတွင် ကုသရေးအတွက် အမြဲ ကြိုတင်ပြင်ဆင်ထားရှိ၊ မိမိတို့ဒေသအလိုက် လူဦးရေကိုတွက်ချက် ၍ သက်ဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ကြိုတင်ပြင်ဆင်ထား**

### ဂရုတစိုက်ကြည့်ပေးထား

ထို့နောက် လက်ရှိကာလအတွင်း ကြုံတွေ့လာရနိုင်သည့် သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်၍ လိုအပ်သည်များ ကြိုတင်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ဆက်လက်ပြောကြားရာတွင် **"နောက်တစ်ခုကတော့ ဆေးရုံများနဲ့ ပတ်သက်ပြီး တစ်ချက်ကျွန်တော်မှာချင်ပါတယ်။ အဲဒါကတော့ ရာသီဥတုကလည်း အခု မိုးတွေများပါတယ်။ ခုနကလည်း ဒုတိယဥက္ကဋ္ဌလည်း ပြောပါတယ်။ Weather forecast** အရ လာမယ့်နောက်ဆုံး အပတ်လောက်က နေစပြီးတော့ မိုးတွေပိုများလာဦးမယ့် သဘောတွေ ရှိတယ်။ အဲဒီတော့ ဆေးရုံထဲမှာလည်း ရေတွေမလျှံအောင်။ ဆေးရုံတွေ ရေမလျှံအောင်၊ ရေမဝင်အောင်၊ ရေစီးရေလာကောင်းအောင် အဲဒါတွေလည်း လုပ်ပေးထားပေါ့။ ဖြစ်လာရင် လူနာတွေရွှေ့ထုတ်ရတာ တော်တော်ခက်ပါတယ်။ တော်တော်အန္တရာယ်များပါတယ်။ လုပ်ရကိုင်ရတာ တော်တော်လေး လက်ဝင်ပါတယ်။ လူကောင်းတွေရွှေ့ရတာ ကိစ္စမရှိဘူး၊ လူမမာတွေ ရွှေ့ရတာကျတော့ တော်တော်ကို ဒုက္ခ၊ သုက္ခရောက်နိုင်တယ်။ ဒါကြောင့် ဆေးရုံနဲ့ ပတ်သက်ရင် ရေပိတ်နိုင်တဲ့ကိစ္စတွေ၊ မြောင်းတွေ ပိတ်နေတာတွေ၊ ချုံနွယ်ပိတ်ပေါင်းတွေ ရှိနေတာတွေ၊ အမှိုက်သရိုက် တွေမရှိအောင် ဒါလေးတွေ အကုန်လုံး ရှင်းပေးထားပါ။ နောက်တစ်ခါသွားဖို့လာဖို့အတွက် လမ်းတွေကိုလည်း ဂရုတစိုက်ကြည့်ပေးထားဖို့ ပြောလိုပါတယ်။ အရေးပေါ်ကယ်ဆယ်ရေးနဲ့ ပတ်သက်ရင်လည်း အမြဲတမ်းပြင်ထားပါ။ မိုးမကုန်မချင်းကတော့ တန်းမဖြုတ်ဖို့ ကျွန်တော်ပြောလိုပါတယ်။ တန်းမဖြုတ်ပါနဲ့ အားလုံးအဆင်သင့်ပြင်ထား။ ထမင်းကျွေးသင့်ရင်လည်း ကျွေးထား။ အဲဒီအတွက် ပိုက်ဆံအကုန်အကျခံရမယ်ဆိုလည်း အကုန်အကျခံမယ်။ သဘာဝဘေး အန္တရာယ်အတွက် ကျွန်တော်တို့ အကုန်အကျခံပေးမယ်။ အရေးကြီးတာတော့ ဖြစ်ကာမှ အကုန်လုံး မနိုင်မနင်းနဲ့ဖြစ်မှာကြောက်ရတာ။ အရေးကြီးတာတော့ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်တာကတော့ လက်ရှိအခြေအနေမှာ ရေကြီးရေလျှံနဲ့ ပတ်သက်တာ အခက်အခဲတွေ ဖြစ်လာနိုင်တယ်။ ဒါကို တွက်ချက်ပြီးတော့မှ ပြည်နယ်နဲ့တိုင်းတွေက ပြင်ထားပေးဖို့ရယ်။ အဓိက ကတော့ ဆေးရုံတွေမှာ ရေလျှံတာတို့၊ ဘာတို့မဖြစ်အောင်၊ လူနာတွေ ရွှေ့ထုတ်ရတဲ့ အဆင့်မျိုး၊ ဒုက္ခ၊ သုက္ခ မရောက်အောင် ဒါလေးလည်း ပြင်ထားဖို့ လိုမယ် ဆိုတာလေးလည်း ကျွန်တော်မှာလိုပါတယ်"ဟု ပြောကြားသည်။

### နည်းလမ်းပေါင်းစုံဖြင့် လက်ခံ

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးနှင့်ပတ်သက်သည့် Mask များ၊ Face Shield များ၊ PPE ဝတ်စုံများ၊ လက်အိတ်များနှင့် အခြားလိုအပ်သည့် ပစ္စည်းများအား ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်း၌ ထုတ်လုပ်လျက်ရှိသော်လည်း လိုအပ်ချက်များ များစွာရှိနေသေးကြောင်း၊ အဆိုပါပစ္စည်းများသည် လူထုအတွက် အဓိကလိုအပ်သည့် ပစ္စည်းများဖြစ်ကြောင်း၊ လိုအပ်ပါက ထုတ်လုပ်နိုင်ရေး ကြိုတင်တွက်ချက် ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် နိုင်ငံသားများကိုလည်း ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး စနစ်တကျ မျက်ခြည်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများ၏ ကုသရေးလုပ်ငန်းများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၁၆

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဘီးလင်းမြို့တို့တွင် ၆ ဒသမ ၀၆ လက်မစီ၊ ကန့်ဘလူမြို့တွင် ၅ ဒသမ ၉၉ လက်မ၊ ဇော်ဂျီးတူမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ သပိတ်ကျင်းမြို့နှင့် ကမမောင်းမြို့တို့တွင် ၄ ဒသမ ၀၉ လက်မစီ၊ သထုံမြို့တွင် ၃ ဒသမ ၈၅ လက်မ၊ သီပေါမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၆၃ လက်မ၊ ပလက်ဝမြို့နှင့် ရွှေဂူမြို့တို့တွင် ၂ ဒသမ ၅၅ လက်မစီ၊ နောင်ချိုမြို့နှင့် လောင်းလုံးမြို့တို့တွင် ၂ ဒသမ ၄၈ လက်မစီ၊ ခရမ်းမြို့တွင် ၂ ဒသမ ၄၄ လက်မနှင့် လှိုင်လင်မြို့တွင် ၂ ဒသမ ၃၆ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း

## ဖီဂျီသမ္မတနိုင်ငံ

ရတနာရွှေစည်

**နိဒါန်း**

ဖီဂျီသမ္မတနိုင်ငံသည် တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း မီလန်နီးရှားဒေသတွင်ရှိသော ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဖီဂျီသမ္မတနိုင်ငံသည် ၁၈၂၇၄ စတုရန်းကီလိုမီတာ အကျယ်အဝန်း ရှိပါသည်။ ကျွန်းစုပေါင်း ၃၀၀ ကျော်ရှိပြီး ကျွန်းပေါင်း ၁၁၀ တွင် အမြဲတမ်းလူနေထိုင်ကြသည်။ အဓိကကျွန်းနှစ်ခုဖြစ်သော ဗီတီလီဗူးနှင့် ဗနွားလီဗူးတွင် လူဦးရေစုစုပေါင်း၏ ၈၇ ရာခိုင်နှုန်းကျော် နေထိုင်ကြသည်။ မြို့တော်မှာ ဗီတီလီဗူးကျွန်းတွင် တည်ရှိသော ဆူးဗားမြို့ ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ နောက်ဆုံးကောက်ယူရရှိသည့် အချက်အလက်များအပေါ် အခြေခံတွက်ချက်မှုအရ ၂၀၂၁ ခုနှစ်တွင် နိုင်ငံ၏လူဦးရေမှာ ကိုးသိန်းကျော်ခန့်ရှိသည်။ အနီးဆုံး အိမ်နီးချင်းနိုင်ငံများမှာ အနောက်ဘက်တွင် ဗနွားတူနိုင်ငံ၊ အနောက်တောင်ဘက်တွင် နယူးကယ်လီဒိုးနီးယား၊ အရှေ့တောင်ဘက်တွင် နယူးဇီလန်၏ ကာမာဒက်ကျွန်းများ၊ အရှေ့ဘက်တွင် တုံဂါနိုင်ငံ၊ အရှေ့မြောက်ဘက်တွင် ဆမိုးအားနိုင်ငံ၊ ပြင်သစ်၏ ဝေါလစ်နှင့် ဖူကျူးနား၊ မြောက်ဘက်တွင် တူဗားလူနိုင်ငံတို့ ဖြစ်ကြသည်။

**၁၉၇၀ ပြည့်နှစ်တွင် လွတ်လပ်ရေးရရှိခဲ့**

ဗြိတိသျှလက်အောက်မှ ဓနသဟာယနိုင်ငံအနေဖြင့် ၁၉၇၀ ပြည့်နှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး သမ္မတနိုင်ငံအဖြစ် ၁၉၈၇ ခုနှစ်တွင် ကြေညာခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက် စစ်တပ်မှ လေးကြိမ် အာဏာသိမ်းခဲ့ပြီး နောက်ဆုံးအကြိမ်မှာ ၂၀၀၆ ခုနှစ်တွင် ဖြစ်သည်။ ဖီဂျီနိုင်ငံ၏ နိုင်ငံရေးစနစ်မှာ ပါလီမန်ကိုယ်စားပြု ဒီမိုကရေစီစနစ်အပေါ်တွင် အခြေခံသော သမ္မတနိုင်ငံစနစ်ဖြစ်ပြီး သမ္မတကို ပါလီမန်က တင်မြှောက်သည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ခေါင်းဆောင်ဖြစ်ကာ သမ္မတသည် နိုင်ငံတော်၏ အကြီးအကဲဖြစ်သည့်အပြင် တပ်မတော်၏ ခေါင်းဆောင်လည်း ဖြစ်သည်။ သမ္မတသည် ပါလီမန်မှတင်ပြလာသည့် ဥပဒေမူကြမ်းများကို ခွင့်ပြုပေးနိုင်သလို ပယ်ဖျက်ပိုင်ခွင့်ရှိသည်။ သမ္မတ၏ သက်တမ်းမှာ သုံးနှစ်ဖြစ်ပြီး နှစ်ကြိမ်ထိ တာဝန်ထမ်းဆောင်နိုင်သည်။ အကြောင်းအမျိုးမျိုးကြောင့် သမ္မတနေရာ လစ်လပ်ပါက တရားသူကြီးချုပ် (Chief Justice)က သမ္မတ၏ တာဝန်များကို ထမ်းဆောင်ရသည်။ ပါလီမန်တွင် ကိုယ်စားလှယ်အရေအတွက် စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းအထက် ပိုမိုရရှိသည့် နိုင်ငံရေးပါတီ၏ ခေါင်းဆောင်သည် ဝန်ကြီးချုပ် ဖြစ်သည်။ ဝန်ကြီးချုပ်သည် ယေဘုယျအားဖြင့် ဖီဂျီနိုင်ငံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံအသိပေးရန် တာဝန်ရှိသည်။ အုပ်ချုပ်ရေးအာဏာကို သမ္မတထံ အပ်နှင်းပြီး ဥပဒေပြုအာဏာကို သမ္မတနှင့် ပါလီမန်ထံ အပ်နှင်းထားသည်။ တရားစီရင်ရေးအာဏာမှာ သီးခြားတည်ရှိသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲစနစ်ပြောင်းလဲမှုများ**

ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၀ ပြည့်နှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေသည် ဗြိတိသျှတို့နှင့် ဆွေးနွေးညှိနှိုင်းရေးဆွဲခဲ့သဖြင့် ၁၉၆၆ ခုနှစ် ကိုလိုနီခေတ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲပြားခြားနားမှုမရှိပေ။ ၁၉၉၀ ပြည့်နှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ဒေသရင်း ဖီဂျီလူမျိုး (Fijian) တို့၏ ရိုးရာအယူအဆများသာ လွှမ်းမိုးသောကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်သော လူဦးရေ၏ ထက်ဝက်ခန့်က ကျေနပ်မှု မရှိခဲ့ဘဲ လူမျိုးရေးတင်းမာမှုများ ရှိခဲ့သည်။ ဖီဂျီနိုင်ငံသည် ၁၉၇၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၁၉၉၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် မဲအများဆုံးရသူ အနိုင်ယူစနစ် (First Past The Post)(FPTP)ကို အသုံးပြု၍ ရွေးကောက်ပွဲကျင်းပခဲ့သည်။ လူမျိုးရေးတင်းမာမှုများကို ဖြေရှင်းနိုင်ရန် ၁၉၉၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ထပ်မံပြဋ္ဌာန်းခဲ့သည်။ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲစနစ်ကို ကြိုက်နှစ်သက်မှု ဦးစားပေး ဗဟု/ အများစုစနစ် (Alternative Voting System) (AV)ကို ပြောင်းလဲကျင့်သုံးခဲ့သည်။

၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန်တွင် အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (House of Representatives) ဟူသည့် လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းခဲ့သည်။ အထက်လွှတ်တော်အဖွဲ့ဝင် ၃၂ ဦးမှာ ရွေးကောက်တင်မြှောက်ရန် မလိုအပ်ဘဲ အောက်လွှတ်တော်တွင် ငါးနှစ်သက်တမ်းအတွက် မဲဆန္ဒနယ်များအလိုက် ရွေးကောက်ခံ ကိုယ်စားလှယ် ၇၁ ဦး ရှိခဲ့သည်။ အောက်လွှတ်တော် အဖွဲ့ဝင် ၇၁ နေရာအနက် ၂၅ နေရာကို ကန့်သတ်မထားသော်လည်း ကျန် ၄၆ နေရာကို ဌာနေ Fijians များအတွက် ၂၃ နေရာ၊ Indo-Fijians အတွက် ၁၉ နေရာ၊ Rotumans အတွက် တစ်နေရာနှင့် အခြားလူမျိုးများအတွက် သုံးနေရာ စသည်ဖြင့် လူမျိုးရေးအရ ခွဲခြားထားသည်။ မဲဆန္ဒရှင်များ၏ အသက်ကန့်သတ်ချက်သည် ၂၁ နှစ် ဖြစ်သည်။

လူမျိုးရေးအခြေခံသည့် မဲပေးခြင်းစနစ်သည် လူမျိုးရေးတင်းမာမှုကို ပိုမိုကြီးထွားစေခဲ့သဖြင့် ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲခဲ့သည်။ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်မတူဘဲ ထင်ရှားသည့် ကွဲပြားခြားနားမှုမှာ လူမျိုးရေးအခြေခံသည့် မဲပေးခြင်းစနစ်ကို ဖျက်သိမ်းခဲ့ခြင်းပင်ဖြစ်သည်။ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အချိုးကျကိုယ်စားပြုစနစ် (Open List Proportional System)ကို အသုံးပြုရန် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နိုင်ငံသားများသည် ၎င်းတို့ရွေးချယ်ထားသည့် နေရာဒေသအပေါ် မူတည်၍ မည်သည့်ကိုယ်စားလှယ်လောင်းကိုမဆို မဲပေးနိုင်သည်။ မဲဆန္ဒရှင်များ၏ အသက်ကန့်သတ်ချက်ကိုလည်း ၂၁ နှစ်မှ ၁၈ နှစ်သို့ ပြောင်းလဲခဲ့သည်။ အချိုးကျကိုယ်စားပြုစနစ် (PR)ကို ၂၀၁၄ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ပြီး ၂၀၁၈ ခုနှစ် ပါလီမန်ရွေးကောက်ပွဲ၌လည်း ထိုစနစ်ဖြင့်ပင် ရွေးကောက်တင်မြှောက်ခဲ့သည်။

**အချိုးကျကိုယ်စားပြုစနစ် (PR) ဖြင့် ကျင်းပခဲ့သော ၂၀၁၈ခုနှစ် ပါလီမန်ရွေးကောက်ပွဲရလဒ်ဇယား**

| Party | VOTES | PERCENTAGE | SEATS WON |
|---|---|---|---|
| FijiFirst | 227241 | 50.02% | 27 |
| Social Democratic Liberal Party | 181072 | 39.85% | 21 |
| National Federation Party | 33515 | 7.38% | 3 |
| Unity Fiji Party | 6896 | 1.52% | - |
| Fiji Labour Party | 2800 | 0.61% | - |
| HOPE Party | 2811 | 0.62% | - |
| TOTAL | 454335 | 100% | 51 |

**လွှတ်တော် (ပါလီမန်) ဖွဲ့စည်းပုံ**

ဖီဂျီနိုင်ငံ၏ ပထမဆုံးပါလီမန်သည် လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းခဲ့သော်လည်း ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန် (Parliament) ဟူသည့် လွှတ်တော်တစ်ရပ်သာရှိသည်။ ပါလီမန်သည် ဖီဂျီနိုင်ငံ၏ ဥပဒေပြုလွှတ်တော်ဖြစ်ပြီး နိုင်ငံ၏ ဥပဒေများကို ပြဋ္ဌာန်းခွင့်အာဏာ အပ်နှင်းထားသည်။ ပါလီမန်တွင် ငွေကြေးဆိုင်ရာ ကိစ္စရပ်မှတစ်ပါး အခြားသော ဥပဒေမူကြမ်းများကို တင်သွင်းနိုင်သည်။ ပါလီမန်သည် အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် သဘောတူညီချက်များကို အတည်ပြုသည်။ ပါလီမန်အဖွဲ့ဝင်များကို အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။ ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်သည် ဖီဂျီနိုင်ငံတစ်ဝန်းလုံးပင် ဖြစ်သည်။ မဲဆန္ဒရှင်များအနေဖြင့်လည်း ရွေးကောက်ပွဲတွင် မဲပေးနိုင်သည့် အခွင့်အရေး သို့မဟုတ် မဲမပေးဘဲနေနိုင်သည့် အခွင့်အရေးရှိသည်။ နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် အနိမ့်ဆုံးရရှိရမည့် ထောက်ခံမဲရာခိုင်နှုန်း (Threshold) ၅ ရာခိုင်နှုန်းရရှိမှသာ ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ ပြဋ္ဌာန်းဥပဒေများအရဖြစ်စေ အပ်နှင်းထားသော အခွင့်အာဏာမှလွဲ၍ ဥပဒေပြုအာဏာသည် ပါလီမန် (Parliament)ထံ၌သာ တည်ရှိသည်။ ပါလီမန်အဖွဲ့ဝင်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် အညီ ရွေးကောက်ပွဲကော်မရှင်၏ စီမံခန့်ခွဲမှုဖြင့် လွတ်လပ်၍တရားမျှတသည့် လျှို့ဝှက်ဆန္ဒမဲပေးခြင်းဖြင့် ရွေးကောက်တင်မြှောက်သည်။ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန်အဖွဲ့ဝင်များအတွက် ပထမဆုံးအကြိမ် ရွေးကောက်ပွဲကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပါလီမန်ကို ဝန်ကြီးချုပ်၏ အကြံပြုချက်ဖြင့် သမ္မတက ဖျက်သိမ်းခြင်းမပြုလျှင် ပုံမှန်အားဖြင့် ပါလီမန်၏သက်တမ်းသည် အထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် ပါလီမန်အဖွဲ့ဝင်များ အစည်းအဝေး ပထမဆုံး စတင်ကျင်းပသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။ လေးနှစ်သက်တမ်း ကုန်ဆုံးပြီးနောက် ရွေးကောက်ပွဲအသစ်အတွက် အမိန့်စာချွန်လွှာတစ်ရပ်ကို ဝန်ကြီးချုပ်၏ အကြံပြုချက်ဖြင့် သမ္မတက ထုတ်ပြန်ကြေညာသည်။

၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါလီမန်အဖွဲ့ဝင်ဦးရေ ၅၀ ပါဝင်ရမည်ဟု ပြဋ္ဌာန်းထားသော်လည်း ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲမတိုင်မီ ပါလီမန်အဖွဲ့ဝင်ဦးရေကို ပြန်လည်သုံးသပ်ရသည်။ ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များအရ ဖီဂျီနိုင်ငံ၏ လူဦးရေမှာ ၉၀၃၂၀၇ ဦး၊ မှတ်ပုံတင်ထားသော မဲဆန္ဒရှင်ဦးရေမှာ ၅၉၄၅၉၆ ဦးဖြစ်ပြီး မဲပေးမှုရာခိုင်နှုန်း ၈၁ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ၂၀၁၈ ခုနှစ် ပါလီမန်ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များအရ လူဦးရေမှာ ၉၁၂၂၄၁ ဦး၊ မှတ်ပုံတင်ထားသော မဲဆန္ဒရှင်ဦးရေမှာ ၆၃၄၁၂၀ ဖြစ်ပြီး မဲပေးမှုရာခိုင်နှုန်း ၇၁ ရာခိုင်နှုန်းဖြစ်၍ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက မဲပေးမှုရာခိုင်နှုန်း လျော့နည်းကျဆင်းသွားသည်ကို တွေ့ရှိရသည်။ ၂၀၁၄-၂၀၁၈ ပါလီမန်အား ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဖျက်သိမ်းခဲ့သည်။ ဖီဂျီနိုင်ငံပါလီမန်၏ ထူးခြားချက်မှာ ပါလီမန်အဖွဲ့ဝင်ဦးရေသတ်မှတ်ချက်သည် နိုင်ငံ၏လူဦးရေ အတိုးအလျှော့အပေါ် မူတည်နေခြင်းဖြစ်သည်။ နိုင်ငံ့လူဦးရေ အတိုးအလျှော့အပေါ် အခြေခံ၍ အဖွဲ့ဝင်ဦးရေကို ရွေးကောက်ပွဲကော်မရှင်က ပြောင်းလဲသတ်မှတ်သည်။ ၂၀၁၄ ခုနှစ်တွင် ပါလီမန်အဖွဲ့ဝင်ဦးရေ ၅၀ သာ ရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါလီမန်အဖွဲ့ဝင်ဦးရေမှာ ၅၁ ဦး ဖြစ်သည်။ လာမည့် ၂၀၂၂ ခုနှစ် ပါလီမန်ရွေးကောက်ပွဲအတွက် ပါလီမန်အဖွဲ့ဝင်ဦးရေမှာ ၅၅ ဦး ဖြစ်မည်ဟု ဖီဂျီ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာထားသည်။

စာမျက်နှာ ၇ သို့

**"၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အချိုးကျကိုယ်စားပြုစနစ် (Open List Proportional System)ကို အသုံးပြုရန် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နိုင်ငံသားများသည် ၎င်းတို့ရွေးချယ်ထားသည့် နေရာဒေသအပေါ်မူတည်၍ မည်သည့်ကိုယ်စားလှယ်လောင်းကိုမဆို မဲပေးနိုင်သည်။ မဲဆန္ဒရှင်များ၏ အသက်ကန့်သတ်ချက်ကိုလည်း ၂၁ နှစ်မှ ၁၈ နှစ်သို့ ပြောင်းလဲခဲ့သည်။ အချိုးကျကိုယ်စားပြုစနစ် (PR)ကို ၂၀၁၄ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ပြီး ၂၀၁၈ ခုနှစ် ပါလီမန်ရွေးကောက်ပွဲ၌လည်း ထိုစနစ်ဖြင့်ပင် ရွေးကောက်တင်မြှောက်ခဲ့"**

*စာမျက်နှာ ၆ မှ*

**ရွေးကောက်ပွဲကော်မရှင်(Electoral Commission) နှင့် ဖီဂျီရွေးကောက်ပွဲရုံး (Fijian Elections Office)**

ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ ပြဋ္ဌာန်းဥပဒေများနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပသည်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးများကော်မရှင် (Constitutional Offices Commission)၏ အကြံပြုချက်ဖြင့် သမ္မတမှ ခန့်အပ်သည်။ ရွေးကောက်ပွဲကော်မရှင်တွင် အရည်အချင်း ပြည့်ဝသည့် ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင်ခြောက်ဦးတို့ဖြင့် ဖွဲ့စည်းသည်။ ရွေးကောက်ပွဲဆိုင်ရာ ကြီးကြပ်ရေးမှူး (Supervisor of Elections) သည် ရွေးကောက်ပွဲကော်မရှင်၏ အတွင်းရေးမှူးဖြစ်သည့်အပြင် ရွေးကောက်ပွဲ တာဝန်ခံအရာရှိ တာဝန်ကိုလည်း ထမ်းဆောင်သည်။ ရွေးကောက်ပွဲဆိုင်ရာ ကြီးကြပ်ရေးမှူးကို ရွေးကောက်ပွဲကော်မရှင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးများကော်မရှင်တို့ ညှိနှိုင်းဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးများကော်မရှင်၏ အကြံပြုချက်ဖြင့် သမ္မတမှ ခန့်အပ်သည်။ ရွေးကောက်ပွဲဆိုင်ရာ ကြီးကြပ်ရေးမှူးသည် ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်များကို ရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များ၊ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်သည်။

ကြီးကြပ်ရေးမှူးသည် ဖီဂျီရွေးကောက်ပွဲရုံး (FEO) ၏ အကြီးအကဲဖြစ်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့်အညီ ရွေးကောက်ပွဲဆိုင်ရာကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖီဂျီရွေးကောက်ပွဲရုံး (FEO) ဝန်ထမ်းအသစ်များ ခန့်အပ်ခြင်းကို ဆောင်ရွက်နိုင်သည့်အပြင် စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုမရှိသည့် ဝန်ထမ်းများအား အပြစ်ပေးအရေးယူခြင်း၊ ထုတ်ပယ်ခြင်း အစရှိသည့် ကိစ္စရပ်များကိုလည်း ဆောင်ရွက်သည်။ ဖီဂျီရွေးကောက်ပွဲရုံးသည် လွတ်လပ်သည့်ရုံးတစ်ရုံးဖြစ်သည်။ ကြီးကြပ်ရေးမှူးသည် လုပ်ငန်းလည်ပတ်မှုအတွက် လိုအပ်သည်ဟု ယူဆပါက ဌာနရုံးခွဲများ သို့မဟုတ် ခရိုင်ရွေးကောက်ပွဲဆိုင်ရာ ရုံးခွဲများကို ဖွင့်လှစ်ရန် ရုံးခွဲများ၏ အရေအတွက်နှင့် တည်နေရာကို ဆုံးဖြတ်နိုင်သည်။ ထိုသတင်းအချက်အလက်များကို လူသိရှင်ကြား ထုတ်ပြန်ကြေညာရသည်။

ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်များ စာရင်းမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်များစာရင်းကို ပုံမှန်ပြင်ဆင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မဲဆန္ဒရှင် အသိပညာပေးခြင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း၊ ပါလီမန်အဖွဲ့ဝင်ဦးရေကို ဆုံးဖြတ်ပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စာချွန်လွှာများကို လက်ခံခြင်းနှင့် ထုတ်ပြန်ခြင်း၊ မဲစာရင်းရလဒ်များ ထုတ်ပြန်ကြေညာခြင်း၊ အမည်စာရင်း တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း၊ ပြဋ္ဌာန်းဥပဒေများကို နိုင်ငံရေး ပါတီများမှ လိုက်နာမှုရှိစေရန် ကြီးကြပ်ခြင်း စသည်တို့ကို ဆောင်ရွက်သည်။ ကော်မရှင်သည် အဆိုပါဆောင်ရွက်ချက်များနှင့် ပတ်သက်သော နှစ်ပတ်လည် အစီရင်ခံစာကို သမ္မတထံသို့ ပေးပို့ရသည်။ ထိုအစီရင်ခံစာ မိတ္တူတစ်စောင်ကို ပါလီမန်ထံသို့လည်း တင်သွင်းရသည်။

**ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်များ**

ပါလီမန်အဖွဲ့ဝင်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့်အညီ ရွေးကောက်ပွဲကော်မရှင်၏ စီမံခန့်ခွဲမှုဖြင့် လွတ်လပ်၍တရားမျှတသည့် လျှို့ဝှက်ဆန္ဒမဲပေးခြင်းဖြင့် ရွေးကောက်တင်မြှောက်သည်။ မဲစာရင်းမှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်ရန်အတွက် မဲဆန္ဒရှင်များသည် ၎င်းတို့၏ အချက်အလက်များကို ဖီဂျီရွေးကောက်ပွဲရုံး (FEO)ထံသို့ ပုံမှန်ပေးပို့နိုင်သည်။ ဖီဂျီရွေးကောက်ပွဲရုံး (FEO)က မဲစာရင်းပြုစုရာတွင် အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် Voter Service Centres ['VSC's'] ကို ဖွင့်လှစ်ပေးထားသည်။ မှတ်ပုံတင်ပြီးပါက မဲဆန္ဒရှင်သည် မဲဆန္ဒရှင်သက်သေခံကတ်ပြားကို ရရှိမည်ဖြစ်သည်။ မဲဆန္ဒရှင်များ ၎င်းတို့၏ သက်သေခံကတ်ပြားများကို တန်ဖိုးထားကြစေရန်နှင့် ၎င်းတို့၏ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြစေရန်အတွက် မဲဆန္ဒရှင်သက်သေခံကတ်ပြားသည် ဖီဂျီနိုင်ငံရှိ အမျိုးမျိုးသော စိစစ်ရေးကတ်ပြားများ၏ အခြေခံရင်းမြစ်ပင်ဖြစ်သည်။

**၂၀၁၈ ခုနှစ် ရွေးကောက်ပွဲရလဒ်အရ ပါလီမန် ဖွဲ့စည်းပုံ**




**"ဖီဂျီနိုင်ငံသည် လူဦးရေနည်းသည့် ကျွန်းစုနိုင်ငံဖြစ်သော်လည်း လူမျိုးရေးအခြေခံသည့် နိုင်ငံရေးတင်းမာမှုများကြောင့် စစ်တပ်မှ အာဏာသိမ်းယူမှုလေးကြိမ် ဖြစ်ပေါ်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း လေးကြိမ်တိုင် ပြန်လည်ရေးဆွဲခဲ့ရသည်။ ဖီဂျီနိုင်ငံသည် ၎င်းတို့နှင့် လိုက်လျောညီထွေဖြစ်နိုင်သည့် ရွေးကောက်ပွဲစနစ်များကို အကြိမ်ကြိမ် ပြောင်းလဲကျင့်သုံးခဲ့ပြီးနောက် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation) (PR)ဖြင့် နှစ်ကြိမ်တိုင် ရွေးကောက်ပွဲများကို ကျင်းပခဲ့"**

**အမည်စာရင်း တင်သွင်း**

ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းခြင်းကို ရွေးကောက်ပွဲဆိုင်ရာ ကြီးကြပ်ရေးမှူး(Supervisor of Elections)ထံ တင်သွင်းရသည်။ ရွေးကောက်ပွဲအမည်စာရင်း တင်သွင်းရာတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများအတွက် နိုင်ငံရေးပါတီများက တင်သွင်းရပြီး တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ဖြစ်ပါက တစ်ဦးချင်း တင်သွင်းရသည်။ အမည်စာရင်း တင်သွင်းချိန်တွင် ပါတီများအနေဖြင့် ကိုယ်စားလှယ်လောင်းများ၏ ဦးစားပေးအဆင့်ကို ဖော်ပြထားသော်လည်း အနိုင်ရကိုယ်စားလှယ်ကို ဆုံးဖြတ်ရာတွင် ရွေးကောက်ပွဲ၌ ထောက်ခံမဲ အများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းအပေါ် မူတည်၍ ဆုံးဖြတ်သည်။ ပါတီများမှ ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ပါလီမန်ရှိ စုစုပေါင်းအဖွဲ့ဝင်ဦးရေအထိ တင်သွင်းနိုင်သည်။ ရွေးကောက်ပွဲများကို ပုံမှန်အားဖြင့် အများပြည်သူအလုပ်ပိတ်ရက်၌သာ ကျင်းပသည်။

မဲဆန္ဒရှင်များသည် မဲစာရင်းမှတ်ပုံတင်ချိန်တွင် မဲပေးမည့်နေရာ(မဲရုံ)ကို သတ်မှတ်ရွေးချယ်ပြီး ထိုနေရာ၌ မဲပေးနိုင်သည်။ မဲရုံတစ်ရုံတွင် မဲဆန္ဒရှင်ဦးရေ ၅၀၀ ထက် မပိုစေရဘဲ မဲဆန္ဒရှင်ဦးရေ ၅၀၀ ထက် ပိုမိုပါက မဲရုံကို ထပ်မံတိုးချဲ့ဖွင့်လှစ်ရသည်။ ဖီဂျီရွေးကောက်ပွဲရုံး (FEO) သည် သွားလာရခက်ခဲသော တောင်တန်းဒေသများနှင့် ကျွန်းများ၌ မဲပေးခြင်းကို ရွေးကောက်ပွဲမတိုင်မီ တစ်ပတ်အလိုတွင် ဆောင်ရွက်သည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံသို့ လာရောက်၍ မဲမပေးနိုင်သူများ စာတိုက်မှတစ်ဆင့် မဲပေးခြင်းများကို ဆောင်ရွက်နိုင်သည်။ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းများ၏နံပါတ်များကို ကိုယ်စားလှယ်လောင်းများထံ ခွဲဝေပေးထားသည်။ ရွေးကောက်ပွဲဆိုင်ရာ ကြီးကြပ်ရေးမှူးသည် အဆိုပါနံပါတ်များကို အများပြည်သူထံ ကြေညာထားမည်ဖြစ်သည်။ မဲဆန္ဒရှင်သည် မဲလက်မှတ်၌ မဲပေးလိုသည့် ကိုယ်စားလှယ်လောင်း၏ နံပါတ်တွင် အဝိုင်းပုံ သို့မဟုတ် အမှန်ခြစ် သို့မဟုတ် အမှားခြစ် အမှတ်အသားပြု၍ မဲပေးနိုင်သည်။ ဖီဂျီရွေးကောက်ပွဲရုံး (FEO) သည် ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ နံပါတ်များပါဝင်သည့် မဲဆန္ဒရှင်များ လမ်းညွှန်ချက်စာစောင်ကို စီစဉ်ပေးထားသည်။

**ရွေးကောက်ပွဲနေ့**

မဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရာ၌ မဲဆန္ဒရှင်တစ်ဦးလျှင် မဲလက်မှတ်တစ်စောင်သာရရှိမည် ဖြစ်သည်။ မဲဆန္ဒရှင်သည် မဲလက်မှတ်တွင် အမှားတစ်စုံတစ်ရာ ပြုလုပ်မိပါက နောက်ထပ် မဲလက်မှတ်အသစ်တစ်စောင်ကိုသာ ထပ်မံတောင်းဆိုပိုင်ခွင့်ရှိသည်။ ရွေးကောက်ပွဲနေ့တွင် နံနက် ၇း၃၀ နာရီမှ ညနေ ၆ : ၀၀ နာရီအတွင်း ကြိုက်နှစ်သက်ချိန်၌ မဲပေးခြင်း ဆောင်ရွက်နိုင်သည်။ စာပေမတတ်ကျွမ်းသည့် မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲအရာရှိများ၏ အကူအညီကို ရယူနိုင်ပြီး မသန်စွမ်းသူများအနေဖြင့်လည်း ၎င်းတို့နှစ်သက်သည့် မဲစာရင်းတွင် ပါဝင်သောသူ၏ အကူအညီကို ရယူနိုင်သည်။ ရွေးကောက်ပွဲနေ့ မဲရုံပိတ်ချိန် ၆ နာရီကျော်ပြီးနောက် မဲရေတွက်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်သည်။ ရွေးကောက်ပွဲနေ့ မဲရေတွက်ခြင်းကို မဲရုံတွင် ဆောင်ရွက်ပြီးနောက် ရလဒ်များကို တယ်လီဖုန်းဖြင့် လွှဲပြောင်းပေးပြီးနောက်ပိုင်းတွင် လုပ်ထုံးလုပ်နည်းများအတိုင်း ဆူးဗားမြို့ရှိ အမျိုးသားမဲရလဒ်စင်တာ (National Results Centre)သို့ ရလဒ်များကို ပေးပို့သည်။ ရွေးကောက်ပွဲနေ့ ညနေ ၆ နာရီတွင် ကြိုတင်မဲနှင့် စာတိုက်မှတစ်ဆင့်ပေးပို့သည့် မဲများကို ဆူးဗားမြို့ရှိ မဲရေတွက်ခြင်းစင်တာ (National Count Centre)တွင် ရေတွက်သည်။

ဖီဂျီရွေးကောက်ပွဲရုံး (FEO) သည် အတည်မပြုရသေးသည့် ယာယီရွေးကောက်ပွဲရလဒ်များကို ရွေးကောက်ပွဲနေ့ ညအချိန်တွင် ၎င်းတို့၏ ဝက်ဘ်ဆိုက် (Website)နှင့် ဖုန်းများအတွက် အထူးစီစဉ်ဆောင်ရွက်ပေးထားသည့် အက်ပလီကေးရှင်း (Application) များတွင် ထုတ်ပြန်ကြေညာသည်။ ရွေးကောက်ပွဲပြီး နောက်တစ်နေ့ နံနက် ၇ နာရီ အချိန်တွင် ယခင်ထုတ်ပြန်ထားသော ယာယီရလဒ်များ ရပ်ဆိုင်းသွားမည်ဖြစ်သည်။ ဖီဂျီရွေးကောက်ပွဲရုံး (FEO) သည် ရလဒ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စုစည်းပြီးနောက် နောက်ဆုံးရလဒ်ကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ရလဒ်များအားလုံး လက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ရွေးကောက်ပွဲရုံး(FEO)သည် ကိုယ်စားလှယ်နေရာများ ခွဲဝေပေးရန်နှင့် ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် နောက်ဆုံးမဲရလဒ်စာရင်း (Final National Results Tally) ကို ရွေးကောက်ပွဲကော်မရှင် (Electoral Commission) ထံသို့ လွှဲပြောင်းပေးအပ်သည်။ ထိုစာရင်းတွင် မဲရလဒ်အနည်းအများအတိုင်း ပါတီများမှ ကိုယ်စားလှယ်လောင်းများ စာရင်းပါဝင်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပါလီမန်ရွေးကောက်ပွဲပြီးနောက် ဖီဂျီရွေးကောက်ပွဲရုံး (FEO) သည် အလုပ်သမားသမဂ္ဂများ၊ မြူနီစီပယ်များနှင့် အခြားသောရွေးကောက်ပွဲများကိုလည်း ကျင်းပပေးရန် တာဝန်ရှိသည်။

**နိဂုံး**

ဖီဂျီနိုင်ငံသည် လူဦးရေနည်းသည့် ကျွန်းစုနိုင်ငံဖြစ်သော်လည်း လူမျိုးရေးအခြေခံသည့် နိုင်ငံရေးတင်းမာမှုများကြောင့် စစ်တပ်မှ အာဏာသိမ်းယူမှုလေးကြိမ် ဖြစ်ပေါ်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း လေးကြိမ်တိုင် ပြန်လည်ရေးဆွဲခဲ့ရသည်။ ဖီဂျီနိုင်ငံသည် ၎င်းတို့နှင့်လိုက်လျောညီထွေ ဖြစ်နိုင်သည့် ရွေးကောက်ပွဲစနစ်များကို အကြိမ်ကြိမ် ပြောင်းလဲကျင့်သုံးခဲ့ပြီးနောက် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation)(PR) ဖြင့် နှစ်ကြိမ်တိုင် ရွေးကောက်ပွဲများကို ကျင်းပခဲ့ပြီး လာမည့်ပါလီမန်ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နေပြီဖြစ်ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

**ကျမ်းကိုး**

http://www.parliament.gov.fj/
https://constitutionnet.org/country/fiji
Elections – Parliament of the Republic of Fiji
http://www.electoralcommission.org.fj/
https://www.feo.org.fj/fijian-electoral-system/
https://www.loc.gov/item/lcwaN0019198/?
http://press-files.anu.edu.au/downloads/press/p337333/pdf/ch022.pdf
https://www.electionguide.org.
https://www.idea.int/our-work/where-we-work/asia-pacific/fiji
https://aceproject.org/ace-en/topics/em/annex/electoral-management
https://www.c-r.org/programme/pacific/fiji-conflict-focus?
https://www.whereig.com/fiji/
https://www.commonwealthofnations.org/sectors-fiji/government/#
https://www.worldometers.info/world-population/fiji-population/

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းမှ ကျေးလက်နေပြည်သူ ရှစ်သန်းကျော် အကျိုးပြုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်သမဝါယမကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ၊ အသေးစားအလတ်စားစက်မှုလက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာအားလုံး၏ ၂၂ ရာခိုင်နှုန်းခန့်ကို လွှမ်းခြုံထားကာ ကျေးလက်ပြည်သူ ရှစ်သန်းကျော်ကို အကျိုးပြုလျက်ရှိပါကြောင်း၊ လတ်တလော ကိုဗစ်ကာလအတွင်း စီမံကိန်းကျေးရွာများရှိ ကျေးရွာနေပြည်သူများ စီးပွားရေး၊ လူမှုရေးအခက်အခဲများ လျော့နည်းသက်သာစေရေးအတွက် အတိုးနှုန်းဖြေလျှော့မှုများ အပါအဝင် ချေးငွေထုတ်ချေးမှုများ မကြန့်ကြာစေရေး စီမံပေးခဲ့ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ပိုမိုအောင်မြင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ယခုအချိန်အထိ မြို့နယ်ပေါင်း ၂၈၉ မြို့နယ်၊ ကျေးရွာပေါင်း ၁၂၀၈၄ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အနေနှင့် ငွေကျပ် ၂၉၈ ဒသမ ၁၁ ဘီလီယံ မတည်ပေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ရေပေးရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးရွာကုန်ထုတ်လုပ်ငန်း၊ အသေးစားကုန်သွယ်ရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ စီမံကိန်းမှ အတိုးရငွေပေါင်း ၁၈၈ ဒသမ ၈၄ ဘီလီယံ ရရှိခဲ့ပြီး ကျေးရွာပေါင်း ၂၄၈၁ ရွာမှာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ၂၉၃၇ ခုကိုလည်း စီမံကိန်းအတိုးရငွေများ၊ ပြည်သူထည့်ဝင်ငွေများဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်း



**နေပြည်တော် ဩဂုတ် ၁၆**

တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိက ရေပေးဝေလျက်ရှိသည့် ရွှေနတ်တောင်ဆည်ရှိ ဆည်အတွင်း ရေဝင်ရောက်မှု၊ ထိန်းသိမ်းနိုင်သည့် ကန်ရေပြည့်ရေလှောင်ပမာဏနှင့် နေ့စဉ်ရေပေးဝေမှု အခြေအနေကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆည်ရေသတ်မှတ်ပမာဏအတိုင်း ထိန်းသိမ်းရေး၊ သန့်ရှင်းသော သောက်သုံးရေပေးဝေနိုင်ရေးနှင့် ဆည်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(ဝဲပုံ) **သတင်းစဉ်**

# အောင်မြေသာစံမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံဝန်ထမ်းများအား ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေး

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအလိုက် ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် အောင်မြေသာစံမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံဝန်ထမ်းများအား စုရပ်နေရာများခွဲ၍ ကာကွယ်ဆေးထိုးနှံပေးသည်။

နံနက်ပိုင်းမှ စတင်၍ အောင်မြေသာစံမြို့နယ်အတွင်းရှိဆေးထိုးစုရပ်နေရာများဖြစ်သော ဒေါနဘွားရပ်ကွက်ရှိ မှန်တိုင်ဓမ္မာရုံ၌ လူဦးရေ ၁၀၀ ခန့်ကိုလည်းကောင်း၊ အမရဌာနီအရှေ့ရပ်ကွက်ရှိ ဒေါ်ဖီဓမ္မာရုံ၌ လူဦးရေ ၁၂၂ ဦးကို လည်းကောင်း၊ ပြည်ကြီးရန်လုံရပ်ကွက်ရှိ ကိုးခန်းကြီးဓမ္မာရုံ၌ လူဦးရေ ၈၂ ဦးကို လည်းကောင်း၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်ရှိ ရွှေကျီးနားဓမ္မာရုံ၌ လူဦးရေ ၇၀ ကိုလည်းကောင်း၊ ၁၂ လမ်းနှင့် ၇၇ လမ်းထောင့်ရှိ ထားဝယ်ဓမ္မာရုံ၌ လူဦးရေ ၁၇၆ ဦးကို လည်းကောင်း ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်–၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ထိုးနှံပေးကြသည်။

အဆိုပါ ကာကွယ်ဆေးများ ထိုးနှံပေးမှုနှင့်ပတ်သက်၍ အမရဌာနီအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးသန်းဦးက "ကျွန်တော်တို့ရပ်ကွက်မှာ ကာကွယ်ဆေးထိုးနှံပေးနေတာ ၁၀ ရက်လောက်ရှိပြီ။ တစ်ရက်ကို လူဦးရေ ၆၀ ခန့် ထိုးနှံပေးပါတယ်။ အခုဆို လူဦးရေ ၁၀၀၀ ကျော်လောက်ရှိပြီ။ ကိုဗစ် – ၁၉ ရောဂါပျံ့နှံ့မှု မြန်ဆန်လာတဲ့အတွက် ဆေးလာထိုးသူတွေ အလွန်များပါတယ်။ ဆေးလာရောက်မထိုးနှံနိုင်တဲ့ အဘိုး၊ အဘွားတွေအတွက် စေတနာ့ဝန်ထမ်းတွေက ဆေးထိုးစုရပ်အထိ ကူညီခေါ်ဆောင်ပေးပါတယ်။ ဆေးမထိုးရသေးတဲ့သူတွေလည်း ဆေးလာရောက်ထိုးနှံပေးဖို့ ဖိတ်ခေါ်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း အမြဲတမ်းလက်ဆေးကြပြီး လူစုလူဝေးနေရာကို မသွားကြဖို့လိုပါတယ်။ ရပ်ကွက်ရုံးအနေနဲ့လည်း အမြဲတမ်းနှိုးဆော်ပေးနေပါတယ်" ဟု ပြောသည်။

ကာကွယ်ဆေး လာရောက်ထိုးနှံသူ စက်ရုံဝန်ထမ်း ဦးဝင်းကိုကိုကလည်း "အခုလို ဆေးထိုးနှံပေးတဲ့အတွက် ကျွန်တော်တို့ စက်ရုံဝန်ထမ်းတွေအနေနဲ့ ဝမ်းသာနေကြပါတယ်။ ဝန်ထမ်းအားလုံးလည်း မပျက်မကွက် ဆေးလာရောက်ထိုးနှံကြပါတယ်။ ဆေးထိုးနှံရတာလည်း သက်သောင့်သက်သာရှိပြီး နာကျင်ခြင်းမရှိပါဘူး။ ပြည်သူတွေအားလုံးလည်း ကာကွယ်ဆေး မဖြစ်မနေလာရောက်ထိုးနှံကြဖို့ ဖိတ်ခေါ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားတဲ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်တွေနဲ့အညီ နေထိုင်ကြဖို့ကိုလည်း တိုက်တွန်းလိုပါတယ်" ဟု ပြောသည်။

ထို့ပြင် ကာကွယ်ဆေး လာရောက်ထိုးနှံသူ ဆပ်ပြာစက်ရုံမှ ဒေါ်ခင်သိန်းဦးကလည်း "ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ထိုးချင်တာကြာပါပြီ။ အခုထိုးနှံခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ လာရောက်ထိုးနှံပေးတဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကာကွယ်ဆေးထိုးနှံပြီးတော့ ကိုယ့်ကိုယ်ကိုယ်လုံခြုံမှုရှိသွားပြီလို့ ခံစားလိုက်ရတယ်။ ပြည်သူတွေအနေနဲ့လည်း ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ယုံယုံကြည်ကြည်နဲ့ လာရောက်ထိုးနှံကြဖို့ ဖိတ်ခေါ်လိုပါတယ်" ဟု ပြောသည်။



ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်းအောက်ဆီဂျင် ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြောင်း သိရသည်။

ထို့ပြင် ကာကွယ်ဆေးထိုးနှံပြီးသူများ နာရီဝက်နားနေနိုင်စေရန် နားနေခန်းများ စီစဉ်ဆောင်ရွက်ထားပေးခြင်း၊ အနားယူနေစဉ်အချိန်အတွင်း ရုတ်တရက် ကျန်းမာရေးချို့ယွင်းလာပါကလည်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့အပြင် ကာကွယ်ဆေးများ ထပ်မံရောက်ရှိလာပါကလည်း ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအလိုက် ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ **မောင်အေးချမ်း**

# အာဆင်နယ်အသင်း အင်တာမီလန်တိုက်စစ်ကစားသမား မာတီနက်ဇ်ကို ခေါ်ယူဖွယ်ရှိ



ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် စီးရီးအေကလပ် အင်တာမီလန်အသင်းမှ အာဂျင်တီးနား တိုက်စစ်ကစားသမား လော်တာရိုမာတီနက်ဇ်ကို ခေါ်ယူလိုကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ထွက်ပေါ်လာသော သတင်းများအရ အာဆင်နယ်အသင်းသည်အသင်းနည်းပြအာတီတာကို ထုတ်ပယ်ခဲ့ပါက အင်တာမီလန်နည်းပြဟောင်း အန်တိုနီယိုကွန်တီဖြင့် အစားထိုးရန်လည်း ချိန်ရွယ်နေကြောင်း သိရသည်။

အာတီတာ၏ အာဆင်နယ်အသင်းသည် ၂၀၂၁-၂၀၂၂ ရာသီ ပရီမီယာလိဂ် အဖွင့်ပွဲစဉ်အဖြစ် သောကြာနေ့က တန်းတက်ဘရန်ဖို့ဒ် အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ထို့အပြင် အာဆင်နယ်အသင်းသည် ရာသီအကြိုခြေစမ်းပွဲအဖြစ် လေးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာတွင်လည်း ရိန်းဂျားအသင်းကိုသာလျှင် တစ်ဖက်နှစ်ဂိုးစီ သရေကျအောင် ကစားထားနိုင်ပြီး ဟိုင်ဘာနင်၊ ချယ်ဆီး၊ စပါး စသည့်အသင်းများကို ရှုံးနိမ့်ထားသည်။ ထို့ကြောင့် နည်းပြအာတီတာသည် အသင်းရလဒ်များ ဆိုးရွားနေသည့်အတွက် ဖိအားများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ အာတီတာသည် ပြီးခဲ့သည့်ရာသီတွင်လည်း အာဆင်နယ်အသင်းကို အဆင့် (၈) နေရာဖြင့်သာ ရာသီပိတ်သိမ်းနိုင်အောင် စွမ်းဆောင်ပေးထားနိုင်ခဲ့သည်။ ထို့ကြောင့် အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီတွင် ယူရိုပြိုင်ခွင့်နှင့် လွဲချော်ခဲ့ရခြင်း ဖြစ်သည်။

အာဆင်နယ် အသင်းသည် လာမည့်ပွဲစဉ်များတွင် ချယ်ဆီး၊ ဝက်စ်ဘရွန်း၊ မန်စီးတီး စသည့် အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် အဆိုပါပွဲစဉ်များတွင် အာတီတာအနေဖြင့် အာဆင်နယ်အသင်းကို ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်ပေးနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

အာဆင်နယ်နည်းပြ အာတီတာသည် အပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီတွင် တိုက်စစ်ကစားသမားသစ်တစ်ဦး ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။ ပြီးခဲ့သည့် ဘရန်ဖို့ဒ်နှင့် ပွဲစဉ်တွင် အသင်းမှ အားထားရသည့် လာကာဇက်နှင့် အူဘာမီယန်တို့ အဖျားရောဂါကြောင့် ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ချေ။ ထို့ကြောင့် အာဆင်နယ် အသင်းသည် အင်တာမီလန် တိုက်စစ်ကစားသမား မာတီနက်ဇ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေခြင်း ဖြစ်သည်။

မာတီနက်ဇ်သည် ပြီးခဲ့သည့် ရာသီ အင်တာမီလန်အသင်းတွင် ခြေစွမ်းပြသထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ် ၄၇ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားကာ ၁၉ ဂိုး သွင်းယူပေးထားနိုင်သည်။

အင်တာမီလန် အသင်းသည် အသင်းမှ အဓိက တိုက်စစ်မှူးတစ်ဦးဖြစ်သူ လူကာကူကို ချယ်ဆီးအသင်းသို့ လက်လွှတ်ခဲ့ရသောကြောင့် ယခုအခါ မာတီနက်ဇ်ကို လွယ်လွယ်ထွက်ခွာခွင့်ပြုဖွယ်မရှိကြောင်း သိရသည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် မာတီနက်ဇ်ကို ခေါ်ယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

❖ *ကျောဖုံးမှ*

အမျိုးသားဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ (၃၁) ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို ယခင်က ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

မြန်မာဖူဆယ်အသင်းများသည် ယခင်က ယခုနှစ်အတွင်း ကျင်းပဖြစ်ပါက နှစ်လယ်ပိုင်းတွင် စတင်လေ့ကျင့်ရန် စီစဉ်ထားသော်လည်း ပြိုင်ပွဲရွှေ့ဆိုင်းသွားသဖြင့် လေ့ကျင့်မည့်အစီအစဉ်ကို ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်းကို ၂၀၀၇ ခုနှစ်တွင် စတင်ထည့်သွင်းကျင်းပခဲ့ပြီး မြန်မာအသင်းများသည် ပါဝင်သည့်အကြိမ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်းကို ၂၀၀၇၊ ၂၀၁၁၊ ၂၀၁၃ နှင့် ၂၀၁၇ ခုနှစ်တို့တွင် ထည့်သွင်းကျင်းပခဲ့ပြီး ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ငါးကြိမ်မြောက် ပါဝင်မည်ဖြစ်သည်။ မြန်မာအမျိုးသားနှင့် အမျိုးသမီးအသင်းသည် ပါဝင်သည့် လေးကြိမ်စလုံး ယှဉ်ပြိုင်ခဲ့သော်လည်း မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသာ ၂၀၁၁ အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရယူနိုင်ခဲ့သည်။ မြန်မာအမျိုးသားအသင်းမှာမူ ပြီးခဲ့သည့်လေးကြိမ်စလုံး ဆုတံဆိပ်ရယူနိုင်ခြင်း မရှိခဲ့ပေ။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်ကို နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ထားသော်လည်း မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းနည်းပြချုပ်ကိုမူ တရားဝင် ထုတ်ပြန်ခြင်း မရှိသေးပေ။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်း နည်းပြချုပ်အဖြစ် နိုင်ငံခြားသား နည်းပြခန့်အပ်ရန် ပြီးခဲ့သည့်နှစ်ကတည်းက ကြိုးပမ်းခဲ့သော်လည်း လက်ရှိအချိန်အထိ အဆင်မပြေသေးဘဲ အကယ်၍ မခန့်အပ်ဖြစ်ပါက ပြည်တွင်းနည်းပြကိုသာ တာဝန်ပေးမည်ဖြစ်သည်။

**ရဲရင့်လွင်**

❑ *ကျောဖုံးမှ*

Test Kit အခု ၇၈၀၊ ဆိပ်ကမ်းများမှ အောက်ဆီဂျင် (အရည်) Storage Container တစ်ခုအပါအဝင် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ ထီးခီး ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင် (အရည်) Bowser ယာဉ်နှစ်စီးဖြင့် ၃၆ တန်၊ အောက်ဆီဂျင်(အရည်) အိုးဖြင့် ၉ တန်၊ အောက်ဆီဂျင် (အရည်) Storage Container တစ်ခု ၊ အောက်ဆီဂျင်အိုး(အခွံ) ၅၆၁၄ ခု၊ ဆေးရုံးသုံးအောက်ဆီဂျင်ဖြည့်စက် နှစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၁၃၄၄ ခု၊ Test Kit အခု ၇၈၀၊ PPE ဝတ်စုံ ၈၁၅၀ နှင့် နှာခေါင်းစည်း (Mask) တန် ၇၀ တင်သွင်းနိုင်ခဲ့သည်။ အထက်ပါ ပစ္စည်းများကို ကုမ္ပဏီ ၂၀ မှ ယာဉ်စီးရေ ၃၇ စီးဖြင့် တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၈၇၂ စီး ဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်ဖြင့် ၇၉၈ တန်၊ အောက်ဆီဂျင် (အရည်)အိုးဖြင့် ၁၈၉ တန်၊ အောက်ဆီဂျင် (ဓာတ်ငွေ့) အိုးဖြင့် ၇၂ တန်၊ အောက်ဆီဂျင် (အရည်) Storage Container ရှစ်ခု၊ အောက်ဆီဂျင် (အရည်) Distributor ခြောက်ခု၊ အောက်ဆီဂျင် (အိုးခွံ) ၁၀၆၉၀၅ ခု၊ Oxygen Plant ၂၂ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် နှစ်ခု၊ အောက်ဆီဂျင်(Generator) ၁၀ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၇၃၉၀၄ ခု၊ Test Kit ၁၅၁၀၄၈ ခု၊ PPE ၄၉၆၆၆၂ စုံ၊ လက်အိတ် ၈၂ တန်နှင့် နှာခေါင်းစည်း (Mask) ၁၁၀၅ တန် တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၁၆ ရက်အထိ ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ် စုစုပေါင်း ၇၉ စီးမှာ ရန်ကုန်မြို့သို့ ၆၁ စီး၊ မန္တလေးမြို့သို့ ၁၁ စီး၊ မော်လမြိုင်မြို့သို့ လေးစီး ၊ ပဲခူးမြို့သို့ နှစ်စီး၊ သထုံမြို့သို့ တစ်စီး ဖြစ်ကြောင်း သိရသည်။ Oxygen Plant စုစုပေါင်း အခု ၃၀ မှာ လားရှိုးမြို့သို့ ငါးခု၊ ရန်ကုန်မြို့သို့ လေးခု၊ ပဲခူးမြို့သို့ လေးခု၊ မန္တလေးမြို့သို့ သုံးခု၊ ပခုက္ကူမြို့သို့ နှစ်ခု၊ ဘားအံမြို့သို့ နှစ်ခု၊ မော်လမြိုင်မြို့သို့ နှစ်ခု၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ ကျောက်ပန်းတောင်းမြို့နှင့် မိုးကောင်းမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူများ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၆-၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၇၄၆၆၇၁၈ | ၃၀၁၅၃၅၇၆ | ၆၃၇၅၆၁ |
| ၂။ | အိန္ဒိယ | ၃၂၂၂၅၅၁၃ | ၃၁၄၁၁၉၂၄ | ၄၃၁၆၇၄ |
| ၃။ | ဘရာဇီး | ၂၀၃၆၄၀၉၉ | ၁၉၂၁၈၆၃၀ | ၅၆၉၂၁၈ |
| ၄။ | ရုရှား | ၆၆၂၁၆၀၁ | ၅၈၉၉၉၁၇ | ၁၇၁၃၀၅ |
| ၅။ | ပြင်သစ် | ၆၄၇၁၀၃၅ | ၅၈၈၆၅၈၈ | ၁၁၂၆၅၆ |
| ၆။ | ဗြိတိန် | ၆၂၆၇၄၃၇ | ၄၈၂၄၉၁၅ | ၁၃၀၉၅၃ |
| ၇။ | တူရကီ | ၆၀၇၈၆၅၃ | ၅၆၀၅၀၀၄ | ၅၃၁၅၉ |
| ၈။ | အာဂျင်တီးနား | ၅၀၈၄၆၃၅ | ၄၇၄၆၉၉၄ | ၁၀၉၀၄၁ |
| ၉။ | ကိုလံဘီယာ | ၄၈၆၇၉၆၁ | ၄၆၉၀၈၅၅ | ၁၂၃၄၅၉ |
| ၁၀။ | စပိန် | ၄၆၉၃၅၄၀ | ၃၈၈၈၇၁၇ | ၈၂၄၇၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၆- ၈ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၈၇၁၇၃၈ | ၃၃၈၁၈၈၄ | ၁၁၈၈၃၃ |
| ဖိလစ်ပိုင် | ၁၇၅၅၈၄၆ | ၁၆၁၈၈၀၈ | ၃၀၃၆၆ |
| မလေးရှား | ၁၄၂၄၆၃၉ | ၁၁၆၂၅၇၈ | ၁၂၇၈၄ |
| ထိုင်း | ၉၂၈၃၁၄ | ၇၀၉၆၄၆ | ၇၇၃၄ |
| မြန်မာ | ၃၅၆၉၈၅ | ၂၇၅၅၁၆ | ၁၃၄၄၅ |
| ဗီယက်နမ် | ၂၇၅၀၄၄ | ၁၀၂၅၀၄ | ၅၇၇၄ |
| ကမ္ဘောဒီးယား | ၈၆၀၄၁ | ၈၁၂၀၂ | ၁၇၀၄ |
| စင်ကာပူ | ၆၆၂၂၅ | ၆၄၇၉၂ | ၄၄ |
| လာအို | ၁၀၄၄၁ | ၄၂၄၀ | ၉ |
| ဘရူနိုင်း | ၇၈၇ | ၃၃၃ | ၃ |

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင်ရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

နေပြည်တော် ဩဂုတ် ၁၆

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင်ရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ ရက် ည ၈ နာရီတွင် ကလေးမြို့ စုပေါင်းရုံးအနီး ပေါက်ကွဲသံကြားရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ညောင်ပင်သာရပ် အိမ်အမှတ်(၂၇/၄)တွင် အိမ်ငှားနေထိုင်သူ ဇော်ရဲအောင် (စိစစ်ဆဲ)သည် အဆိုပါခြံဝင်းအတွင်း၌ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ ပြုလုပ်ရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ၎င်း၏ ယာလက်မောင်း၊ ဝမ်းဗိုက်နှင့် အောက်ပိုင်း ပြတ်ထွက်ဒဏ်ရာများဖြင့် သေဆုံးနေပြီး ၎င်း၏အနီးမှ ပေါက်ကွဲထားသည့် Keypad ဖုန်းနှင့် PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း အပိုင်းအစများ တွေ့ရှိသိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းငှားရမ်းနေထိုင်သော နေအိမ်အတွင်း ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ PVC ပိုက်ဖြင့် ပြုလုပ်ထားပြီး Keypad ဖုန်းဖြင့် ချိတ်ဆက် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံး၊ ဆားကစ်ပြား၊ ဝိုင်ယာကြိုးတို့ဖြင့် ချိတ်ဆက်ထားသည့် Keypad ဖုန်း ခုနစ်လုံးနှင့် အခြားဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လက်လုပ်မိုင်းတပ်ဆင်ရာမှ ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံးခဲ့သည့် ဇော်ရဲအောင်၏ အလောင်းကို ရဲလုပ်ငန်းများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိခဲ့ပြီး ပူးပေါင်းပါဝင်ပတ်သက်သူများကို ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ။

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

နေပြည်တော် ဩဂုတ် ၁၆

**ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အဦများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများကို ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။**



အကြမ်းဖက်သူများက ပစ်ပေါက်ခဲ့၍ ပေါက်ကွဲခဲ့သည့် လက်လုပ်ဗုံး။

ထိုသို့ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၅ ရက် ည ၉ နာရီ မိနစ် ၄၀ က စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ ပုလဲ-ဂန့်ဂေါ ကားလမ်းဘေးရှိ စေတနာ လူမှုကူညီရေးအဖွဲ့ဝင် ဦးမြင့်နိုင်သည် နေအိမ်အရှေ့အဖီ၌ တောင်ပိုင်းရပ်ကွက်နေ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင် ဦးမြတ်လေးပါ ငါးဦးနှင့်အတူ မြို့ပေါ်ရပ်ကွက်များရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရသူများ၏ လိုအပ်လျက်ရှိသော အောက်ဆီဂျင် ဝယ်ယူဖြည့်တင်းရေးနှင့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများပေးနိုင်ရေး ဆွေးနွေးညှိနှိုင်း တိုင်ပင်နေစဉ် နေအိမ်အရှေ့ လမ်းမပေါ်မှ အကြမ်းဖက်သူ အမျိုးသားသုံးဦး (စိစစ်ဆဲ) က လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ကာ ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ၎င်းတို့နှင့်အနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိသော်လည်း အဖီတွင် မိုးထားသော တာလပတ်စ၊ သစ်သားစားပွဲနှင့် ရေနွေးကြမ်း ပန်ကန်လုံးများ ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရောဂါကာကွယ်ရေးအတွက်ထုတ်ပြန်ထားသည့် ကျန်းမာရေးညွှန်ကြားချက်များအား လိုက်နာခြင်းမရှိသည့် အမျိုးသားရှစ်ဦးအား အရေးယူ

**နေပြည်တော် ဩဂုတ် ၁၆**

နေပြည်တော် လယ်ဝေးမြို့နယ်၌ ဩဂုတ် ၁၅ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသည့် ကျန်းမာရေး ညွှန်ကြားချက်များအား လိုက်နာခြင်းမရှိသည့် အမျိုးသားရှစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီခွဲက လယ်ဝေးမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့နယ်အတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ထားခြင်း မရှိသည့် (၇)ရပ်ကွက် အင်ဘုမီးပွိုင့်လမ်းဆုံတွင်း အေလာရွာနေ ဦးသန်းထွေး(၃၁ နှစ်)ပါ နှစ်ဦးကို လည်းကောင်း၊ (၁)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် စံပြရွာနေ ဦးဇော်ဝင်းထွန်း(၂၈နှစ်)ပါ လေးဦးကိုလည်းကောင်း၊ (၃) ရပ်ကွက် လယ်ဝေး-သစ်ပုတ်ပင်လမ်းနှင့် မိုးဝေလမ်းထောင့်တွင် သက္ကာယ်ချင်းရွာနေ ဦးဝင်းလက်စိုး(ခ) ကိုကို(၄၅ နှစ်)ပါ နှစ်ဦးကိုလည်းကောင်း၊ စုစုပေါင်းရှစ်ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော အမိန့်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် မြို့နယ်တရားရုံးဖွင့်သည့်နေ့တွင် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေဖြင့် ဦးတိုက်လျှောက်ထားတရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# လွိုင်ကော်နှင့် ရွှေညောင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၅ ရက် မွန်းလွဲ ၃ နာရီခွဲက လွိုင်ကော်-ဆီဆိုင်သွားကားလမ်း လွိုင်ကော်မြို့နယ် လွိုင်လင်လေး ကျေးရွာအုပ်စု ကုန်းဆွတ်ကျေးရွာအနီးတွင် အောင်ချစ် (ခ)ခမ်းကောင် မောင်းနှင်ပြီး မောင်မျိုးနှင့် ခွန်ဝေးတို့ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၊ အမ်-၁၆ ကျည်အိမ်တစ်ခုနှင့် ၅ ဒသမ ၅၆ ကျည် ၂၄၁ တောင့်တို့ကို လည်းကောင်း။ **(အပေါ်ယာပုံ)**



အလားတူ ဩဂုတ် ၁၄ ရက် နံနက် ၇ နာရီက ရွှေညောင် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေညောင်မြို့ ရွှေဘုံသာရပ်ကွက် ဇော်တိကလမ်း အနီးတွင် အောင်ကိုမင်း (ခ) ကျွဲကြီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါး များဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ငွေကျပ်တစ်သန်းကျော်တန်ဖိုးရှိ ဘေထုပ် တရားဝင်စာရွက်စာတမ်းမပြနိုင်၍ ဖမ်းဆီး

**နေပြည်တော် ဩဂုတ် ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၁ စီး၊ သွင်းကုန် ငါးစီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၃၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်လျက်ရှိရာ ဩဂုတ် ၁၅ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၁၃ သန်းတန်ဖိုးရှိ တရားဝင် စာရွက် စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ဘေထုပ်(အသုံးပြုပြီး) 675 Pkg ကို ဖမ်းဆီးရမိခဲ့ကြောင်းသတင်းရရှိသည်။

သတင်းစဉ်

# သမ္မတနန်းတော်နှင့် ကဘူးလ်မြို့လယ်ရှိ အစိုးရရုံးများကို တာလီဘန်တို့ သိမ်းပိုက်

**ကဘူးလ် ဩဂုတ် ၁၆**

အာဖဂန်နစ္စတန် အစိုးရတပ်များကို အနိုင်တိုက်ခိုက်နိုင်ပြီဟု တာလီဘန်တို့က ကြေညာခဲ့သည်။ အာဖဂန်သမ္မတ အက်ရှရက်ဖ်ဂါနီသည်လည်း တိုင်းပြည်အတွင်းမှ ထွက်ခွာသွားပြီး ၎င်း၏ အစိုးရအဖွဲ့မှာ ထိန်းချုပ်မှုများ ဖရိုဖရဲဖြစ်နေပြီဖြစ်သည်။

တာလီဘန်များသည်ပြည်နယ် ၃၄ ခုအနက် ၃၁ ခုကို ထိန်းချုပ်နိုင်ပြီးနောက် ဩဂုတ် ၁၅ ရက်တွင် မြို့တော် ကဘူးလ်သို့ ရောက်ရှိလာပြီ ဖြစ်သည်။ တာလီဘန်များသည် သမ္မတနန်းတော်နှင့် ကဘူးလ်မြို့လယ်ရှိ အစိုးရရုံးများကို သိမ်းပိုက်ထားပြီးဖြစ်ကြောင်း ဒေသခံမီဒီယာများကပြောသည်။

တာလီဘန် ဒုတိယခေါင်းဆောင် မူဘာအဗ္ဗဒူဂါနီဘာရာဒါကလည်း ၎င်းတို့အနိုင်ရရှိကြောင်း ဗီဒီယို ကြေညာချက်ထုတ်ပြန်ခဲ့သည်။ နိုင်ငံအတွင်းမှ ထွက်ခွာသွားသော သမ္မတ အက်ရှရက်ဖ်ဂါနီကလည်း သွေးထွက်သံယိုမှုများကို ရှောင်ရှားရန် ထွက်ခွာသွားခြင်းကသာလျှင် အကောင်းဆုံး နည်းလမ်းဟု တွေးမိကြောင်း၊ တာလီဘန်များ အနိုင်ရရှိသွားကြောင်း ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားခဲ့သည်။

တာလီဘန်များ မည်သို့အစိုးရအဖွဲ့ဖွဲ့မည်နည်းနှင့် အစိုးရတပ်များနှင့် မည်သို့ငြိမ်းချမ်းရေးရယူမည်နည်းဆိုသည်ကို အများက စိတ်ဝင်စားနေကြသည်။

**အင်န်အိတ်ချ်ကေ**



ကဘူးလ်မြို့ အမေရိကန်သံရုံးအနီးတွင် မီးခိုးငွေ့များထွက်နေသည်ကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။

## ဟေတီငလျင်ကြောင့် သေဆုံးသူ ၁၂၀၀ ကျော်အထိ ရှိလာ

**ပေါ်တိုပရင့်စ် ဩဂုတ် ၁၆**

ကာရေဘီယံကျွန်းနိုင်ငံဖြစ်သည့် ဟေတီတွင် ဩဂုတ် ၁၄ ရက်ကငလျင်လှုပ်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူအရေအတွက်မှာ ၁၂၀၀ ကျော်လွန်လာပြီဖြစ်သည်။ ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူ ရှိသော ငလျင်ကြောင့် နေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးခဲ့ရသည်။

ငလျင်ကြောင့် လူပေါင်း ၁၂၉၇ ဦးသေဆုံးခဲ့ရသည်ဟု ဟေတီ အစိုးရက ဩဂုတ် ၁၅ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။ ဒဏ်ရာရရှိသူအရေအတွက်မှာ အကြမ်းဖျင်းအားဖြင့် ၅၇၀၀ ကျော် ရှိခဲ့သည်။ နိုင်ငံတော် အရေးပေါ်အခြေအနေ ကြေညာထားခဲ့ပြီး အသက်ရှင်ကျန်ရစ်သူများကိုကူညီရန် လုပ်ဆောင်လျက်ရှိသည်။

ဟေတီနိုင်ငံသို့ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးများပြုလုပ်ရန် အတွက် ကယ်ဆယ်ရေးအဖွဲ့စေလွှတ်ရန်လည်း အမေရိကန်အစိုးရ က ဆုံးဖြတ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင်လည်း ဟေတီနိုင်ငံတွင် ပြင်းအား ၇ ဒသမ ၀ မဂ္ဂနီကျူရှိသော ငလျင်လှုပ်ခဲ့ရာ လူပေါင်း ၃၀၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။

**ဆင်ဟွာ**

## အမေရိကန်နိုင်ငံ၏ ကိုဗစ်- ၁၉ နေ့စဉ်ကူးစက်မှုနှုန်း လာမည့်သီတင်းပတ်များအတွင်း နှစ်သိန်းကျော်လွန်လာနိုင်

**ဝါရှင်တန် ဩဂုတ် ၁၆**

**ဒယ်လ်တာဗိုင်းရပ်စ်ကြောင့် အမေရိကန်တွင် ရောဂါကူးစက်ခံရသူ တစ်ရက်လျှင် နှစ်သိန်းအထိ ရှိလာနိုင်သည်ဟု အမျိုးသားကျန်းမာရေးအင်စတီကျူမှ ညွှန်ကြားရေးမှူး ဖရန်စစ်ကောလင်းက ဩဂုတ် ၁၅ ရက်တွင် သတိပေးပြောကြားသည်။**

ယခုအခါ ကူးစက်မြန်ဒယ်လ်တာဗိုင်းရပ်စ်နှင့် ကြုံတွေ့နေရကြောင်း၊ လူပေါင်းသန်း ၉၀ ကျော်မှာ ကာကွယ်ဆေးမထိုးရသေးကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

တိုင်းပြည်အတွင်း ကလေးသူငယ်များ ကိုဗစ်- ၁၉ ကူးစက်မှုနှုန်းမှာလည်း စိုးရိမ်စရာကောင်းလာကြောင်း ကလေးငယ်ပေါင်း ၄၀၀ မှာ ကိုဗစ်-၁၉ နှင့် ဆက်စပ်၍ သေဆုံးရကြောင်း၎င်းကပြောသည်။ ဆေးရုံတွင်ဆေးကုသမှုခံယူနေသူ ကလေးပေါင်း ၂၀၀၀ ရှိသည်။ အများစုမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသည်။ အသက် ၁၂ နှစ်အောက်ကလေးများမှာ ကိုဗစ်- ၁၉ ကာကွယ် ဆေးထိုးရန် ခွင့်ပြုချက်မရပေ။ ပြီးခဲ့သည့် တစ်ပတ်တာ ကာလအတွင်း ကိုဗစ် - ၁၉ နေ့စဉ်ပျမ်းမျှကူးစက်မှုမှာ ၁၂၉၀၀၀ ခန့်ရှိသည်။ ဇူလိုင် ၅ ရက်နောက်ပိုင်းမှ စတင်က အရေအတွက်တဖြည်းဖြည်းချင်း များပြားလာခဲ့ခြင်းဖြစ်သည်ဟု ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

## ကုလအတွင်းရေးမှူးချုပ်က တူရကီတွင်ရေကြီးမှုနှင့် ရွှံ့နွံများ ပြိုဆင်းမှုကြောင့် အသက်ဆုံးရှုံးရသူများအတွက် ဝမ်းနည်းကြောင်းပြောကြား

**ဂျီနီဗာ ဩဂုတ် ၁၆**

တူရကီနိုင်ငံတွင် မကြာသေးမီကာလအတွင်း တောမီး အကြီးအကျယ်လောင်မှု ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံမြောက်ပိုင်းတွင် ရေကြီးမှုနှင့် ရွှံ့နွံများ ပြိုဆင်းမှုဖြစ်ပေါ်ခဲ့ရာ အသက်ဆုံးရှုံးမှုများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးမှုဖြစ်ပေါ်ခဲ့ရသည်။

ယင်းအတွက် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဝမ်းနည်းကြောင်း ဩဂုတ် ၁၅ ရက်တွင် ပြောကြားခဲ့သည်။ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖင်ဒူဂျာရစ်က တူရကီတွင် သဘာဝဘေးဒဏ်ခံ မိသားစုများအတွက် ဝမ်းနည်းကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။



တူရကီနိုင်ငံတွင် ရေကြီးနေမှုကို တွေ့ရစဉ်။

ကုလသမဂ္ဂအဖွဲ့အစည်းသည် သဘာဝဘေးအန္တရာယ် စိန်ခေါ်မှုများနှင့်ကြုံတွေ့နေရသည့် တူရကီနိုင်ငံနှင့် တစ်သားတည်းရှိကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဩဂုတ် ၁၁ ရက်တွင် နိုင်ငံမြောက်ပိုင်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုဖြစ်ပေါ်ခဲ့သည်။ ရေကြီးမှုကြောင့်လူ ၆၀ ကျော်ထက်မနည်း သေဆုံးခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၂၀၈၁၃ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ ဩဂုတ် ၁၆**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် – ၁၉ကူးစက်ခံရသူ ၂၀၈၁၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ ကူးစက်ခံရသူပေါင်း ၃၈၅၄၃၅၄ ရှိလာပြီဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၁၅ ရက်တွင်ပြောသည်။

### စည်းကမ်းတင်းကျပ်မှုများပြုလုပ်

ယင်းနေ့တွင်ပင် ပြန်လည်ကျန်းမာလာသူ ၃၀၃၆၁ ဦးမှာ ဆေးရုံမှဆင်းသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အင်ဒိုနီးရှားနိုင်ငံတွင် လူမှုအသိုက်အဝန်းအတွင်း ကိုဗစ်– ၁၉ စည်းကမ်းတင်းကျပ်မှုများ ပြုလုပ်ထားပြီး ကူးစက်မှုနှုန်းလျှော့ချရန် ကြိုးပမ်းလျက်ရှိသည်။

### ခြေရာခံခြင်းများပြုလုပ်

ထို့ပြင် ရောဂါကူးစက်သူများနှင့် ထိတွေ့မှုရှိသူများနောက်သို့လည်း ခြေရာခံခြင်းများ ပြုလုပ်လျက်ရှိသည်။ နိုင်ငံအတွင်း လူဦးရေ ၂၈ ဒသမ ၁၁ သန်းမှာ နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသားဖြစ်ပြီး တစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၅၃ ဒသမ ၆၈ သန်းရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၇၃၈၄ ဦးရှိပြီး ၁၂၄၅ ဦး ထပ်မံသေဆုံး

**ဂျကာတာ ဩဂုတ် ၁၆**

အင်ဒိုနီးရှားနိုင်ငံတွင် ဩဂုတ် ၁၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၇၃၈၄ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၈၇၁၇၃၈ ဦးအထိရောက်ရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၁၂၄၅ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူ ၁၁၈၈၃၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၂၉၉၂၅ ဦးရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၃၈၀၈၈၄ ဦးအထိ ရောက်ရှိလာသည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုလျော့နည်းစေရန်ရည်ရွယ်ပြီး ပီပီကေအမ် ဟုခေါ်သော အဆင့်ဆင့်သော လူထုလှုပ်ရှားမှုကန့်သတ်ချက်အစီအစဉ်ကိုစတင်ကာ သက်ဆိုင်ရာအာဏာပိုင်များကလည်း ကိုဗစ်-၁၉ ထိတွေ့မှုဆိုင်ရာ ခြေရာခံမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဆိုင်ရာ ကန့်သတ်မှုများကို လူဦးရေအထူထပ်ဆုံးဖြစ်သော ဂျာဗားကျွန်းနှင့် ဘာလီအပန်းဖြေကျွန်းတို့တွင် ချမှတ်ကျင့်သုံးလျက်ရှိရာ ဩဂုတ် ၁၆ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ ယခုအချိန်အထိ နောက်ထပ်ထပ်မံသက်တမ်းတိုးမည့်ရက်ကို အစိုးရက မကြေညာသေးပေ။

ဩဂုတ် ၁၆ ရက်က အင်ဒိုနီးရှားနိုင်ငံသည် တရုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်သည့် ဆီနိုဗက်ကာကွယ်ဆေး ငါးသန်းကို လက်ခံရရှိခဲ့သည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ဆေးများသည် အင်ဒိုနီးရှားနိုင်ငံသားများအားလုံးအတွက် အခမဲ့ဖြစ်သည်။

ဩဂုတ် ၁၆ ရက်အထိ လူပေါင်းအနည်းဆုံး ၂၈ ဒသမ ၅၂ သန်းအား ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်းသိရကာ ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၄ ဒသမ ၃၈ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

ဆင်ဟွာ



အင်ဒိုနီးရှား၌ အစုလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ စံချိန်တင်ကူးစက်ဖြစ်ပွားပြီး သေဆုံးသူ ၁၇ ဦး ထပ်တိုး

**မနီလာ ဩဂုတ် ၁၆**

ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၁၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၆၁၀ တိုးလာကြောင်း သတင်းထုတ်ပြန်မှုနှင့်အတူ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၇၅၅၈၄၆ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၂၇ ဦး ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၀၃၆၆ ဦးအထိ ရောက်ရှိလာခဲ့သည်။ ဓာတ်ခွဲခန်းခုနစ်ခုမှ ရလဒ်များကို ပေးပို့ရန်ပျက်ကွက်ခဲ့ကြောင်းနှင့် ဆေးရုံနှင့် ပြည်နယ်အစိုးရများ၏ ကိုဗစ်-၁၉ သေဆုံးသူအတည်ပြု ဖော်ပြမှုများလည်း နှောင့်နှေးကြန့်ကြာမှုများရှိကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဒယ်လ်တာ ကိုဗစ်-၁၉ သန္ဓေပြောင်းမျိုးစိတ်သစ်သည် တခြား ကိုဗစ်-၁၉ မျိုးစိတ်သစ်များကို လွှမ်းမိုးကျော်လွန်ပြီး လျင်လျင်မြန်မြန် ကူးစက်ပျံ့နှံ့နေကြောင်း ဖိလစ်ပိုင်သက်ရှိဇီဝပစ္စည်း၏ မျိုးပွားပစ္စည်းလေ့လာရေးဌာန အမှုဆောင်ညွှန်ကြားရေးမှူး ဆင်သီယာဆယ်လိုမာက ပြောသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု၏ ၄၂ ရာခိုင်နှုန်းခန့်မှာ ဒယ်လ်တာကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။


ဖိလစ်ပိုင်၌ သက်ကြီးမသန်စွမ်းသူတစ်ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

ကိုဗစ်-၁၉ လျင်မြန်စွာကူးစက်ပျံ့နှံ့မှုများကို အထူးသဖြင့် မြို့တော်မနီလာတွင်ထင်ရှားစွာ တွေ့မြင်နိုင်ကြောင်း ၎င်းက ဆက်လက်သတိပေးပြောကြားသည်။

လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၁၆ ဒသမ ၅ သန်းကျော်ရှိသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ တိုးလာပြီး ဆေးရုံနေရာအခက်အခဲများရှိလာသောကြောင့် မြို့တော်မနီလာအတွင်းရှိ ဒေသပေါင်း ၁၁ ခုတွင် ကိုဗစ်-၁၉ အမြင့်ဆုံးသတိပေးမှုများ ပြုလုပ်ထားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ပြည်တွင်းကူးစက်ဖြစ်ပွားသူများနှင့်အတူ ဒယ်လ်တာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၀၇ ဦးတွေ့ရှိခဲ့သည့်အနက် ၁၇ ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဆင်ဟွာ

## ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၆၀၄၁ ဦးအထိရှိလာ

**ဖနောင်ပင် ဩဂုတ် ၁၆**

ကမ္ဘောဒီးယားနိုင်ငံတွင် ဩဂုတ် ၁၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၉၃ ဦးရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၆၀၄၁ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၁ ဦးရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၇၀၄ ဦးအထိ ရှိလာသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၈၀၆ ဦးရှိလာမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ မှပြန်လည်ကောင်းမွန်လာသူ ၈၁၂၀၂ ဦး ရှိလာပြီဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက်က အရွယ်ရောက်ပြီးသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ပြီး ဆယ်ကျော်သက်အရွယ် အသက် ၁၂ နှစ်မှ ၁၇ နှစ်ရှိသူများကို ဩဂုတ် ၁ ရက်မှစကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

နိုဝင်ဘာလမတိုင်မီ လူဦးရေ ၁၆ သန်း၏ ၇၅ ရာခိုင်နှုန်း သို့မဟုတ် လူ ၁၂ သန်းအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းထားသည်။

စုစုပေါင်းလူဦးရေ၏ ၈ ဒသမ ၉၄ သန်း သို့မဟုတ် ၅၅ ဒသမ ၉ ရာခိုင်နှုန်းမှာ အနည်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးပြီဖြစ်၍ ၇ ဒသမ ၂၅ ရာခိုင်နှုန်း သို့မဟုတ် ၄၅ ဒသမ ၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ နှစ်ကြိမ်ထိုးနှံမှုခံယူပြီးပြီဖြစ်သည်။

ဆင်ဟွာ

## အိန္ဒိယတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၂ သန်းကျော်လွန်ရောက်ရှိ

**နယူးဒေလီ ဩဂုတ် ၁၆**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၂၉၃၇ ဦး တိုးလာမှုအပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၂၂၂၅၅၁၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၁၇ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၃၁၆၄၂ ဦးအထိ ရှိလာခဲ့သည်။ လတ်တလော နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၈၁၉၄၇ ဦးရှိသည်။ ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၃၁၄၁၁၉၂၄ ဦး ရှိပြီဖြစ်သည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ၂၇၄ ဦး ထပ်မံသေဆုံး

**ကွာလာလမ်ပူ ဩဂုတ် ၁၆**

မလေးရှားနိုင်ငံ၌ ဩဂုတ် ၁၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၉၇၄၀ တိုးလာကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၄၂၄၆၃၉ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၉ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၁၉၇၂၁ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောကြားလိုက်သည်။

နောက်ထပ် ၂၇၄ ဦး ကိုဗစ်-၁၉ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၂၇၈၄ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာပြီးဆေးရုံမှ ဆင်းလာသူ ၁၇၄၅၀ အပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၁၁၆၂၅၇၈ ဦး သို့မဟုတ် ၈၁ ဒသမ ၆ ရာခိုင်နှုန်းရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၄၉၂၇၇ ဦးအနက် ၁၀၄၇ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၅၂၀ မှာ အသက်ရှူအထောက်အကူလိုအပ်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# အာဖဂန်ပြည်သူတွေရဲ့ အလိုချင်ဆုံးသော ငြိမ်းချမ်းရေး

— လင်းဟန်သစ် —

**အာဖဂန်နစ္စတန်မြောက်ပိုင်း ဘာ့ခ်ပြည်နယ်မှာရှိတဲ့ မာဇာအီရှာရစ်ဖ်မြို့မှာနေထိုင်တဲ့ ရွှေ့ပြောင်းအမျိုးသမီးတစ်ဦးဖြစ်တဲ့ ဘီဘီမာရမ်ဟာ ကလေးနှစ်ယောက်နဲ့အတူ သူတို့ရဲ့ တဲလေးအရှေ့မှာ စိတ်ပျက်လက်ပျက်နဲ့ ထိုင်နေပါတယ်။ သူ့ရဲ့အိမ်ကတော့ နိုင်ငံတွင်းမှာဖြစ်ပွားနေတဲ့ စစ်ပွဲကြောင့် ပျက်စီးသွားခဲ့ပါပြီ။**



လက်လုပ်တဲတွေမှာ နေထိုင်ရင်း ဒုက္ခပင်လယ်ဝေနေတဲ့ အာဖဂန်ပြည်သူတွေရဲ့ ဘဝကို တွေ့ရစဉ်။

### ရင်ထဲမှာ မချိအောင်ခံစား

အသက် ၃၇ နှစ်ရှိတဲ့ သနားစဖွယ် အမျိုးသမီးဟာ စစ်ပွဲနဲ့ လောကဓံရဲ့ ရိုက်ခတ်မှုတွေကြောင့် သူ့ရဲ့ မျက်နှာဟာ သူ့ရဲ့ ရှိရင်းစွဲ အသက်ထက်ပိုပြီး ကြီးသယောင် ဖြစ်နေပါတယ်။ နေ့တိုင်း နီးပါးတိုက်ပွဲတွေဖြစ်နေတယ်၊ အပြစ်မဲ့သူတွေကို သတ်ဖြတ်နေတာတွေ၊ အိုးအိမ်အဆောက်အအုံတွေကို ဖျက်ဆီးနေတာတွေကို စိတ်မကောင်းဖွယ်ရာတွေ့မြင်နေရတာကြောင့် ရင်ထဲမှာ မချိအောင် ခံစားနေရတယ်လို့ သူက ပြောပါတယ်။

### ငြိမ်းချမ်းရေးကို တွေ့ချင်

ကျွန်မဘဝရဲ့ အတောင့်တဆုံးဆန္ဒ၊ အဖြစ်ချင်ဆုံး စိတ်ကူးကတော့ ငြိမ်းချမ်းရေးကိုမြင်ချင်တာပါ။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေချင်တာပါလို့ သူကပြောလိုက်ပါတယ်။ ဒါဟာ ကျွန်မဘဝရဲ့ စိတ်ကူးအိပ်မက်တစ်ခုပါ။ ကျွန်မဆုတောင်းနေတဲ့ အရာတစ်ခုပါ။ အကယ်၍ ငြိမ်းချမ်းရေးပြန်ရရင် ကျွန်မလည်း ရွာပြန်ပြီး ပုံမှန်ဘဝမျိုးမှာ အကောင်းဆုံးနေထိုင်သွားတော့မယ်လို့ မာရမ်က ပြောပါတယ်။

ဒါကတော့ အာဖဂန်စစ်ပွဲဒဏ်ကြောင့် ဒုက္ခသုက္ခအပေါင်းကို ခံစားနေရတဲ့ အာဖဂန် အမျိုးသမီးတစ်ဦးရဲ့ ဝမ်းနည်းဖွယ်ရာ၊ ပျော်ရွှင်မှုတို့ ဆိတ်သုဉ်းရာ ဘဝစာမျက်နှာရဲ့အစိတ်အပိုင်းတစ်ခုမျှသာဖြစ်ပါတယ်။

မာရမ်က အာဖဂန်နစ္စတန်မှာ ဆက်လက်ဖြစ်ပွားနေတဲ့ စစ်ပွဲဟာ ပုံမှန်မိရိုးဖလာ နေထိုင်လုပ်ကိုင်စားသောက် နေထိုင်တဲ့ အာဖဂန်ပြည်သူတွေရဲ့ ပုံမှန်ဘဝကို အမှောင်ဖုံးစေတဲ့၊ ဒုက္ခအပေါင်းကို ခါးစည်းခံစားရစေတဲ့ ဖြစ်ရပ်အားလုံးရဲ့ အကြောင်းရင်းမြစ်ပဲ ဖြစ်တယ်လို့ ပြောလိုက်ပါတယ်။

### ကလေးငယ်တွေကို မိဘမဲ့တွေဖြစ်စေ

အာဖဂန်စစ်ပွဲဟာ အာဖဂန်ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ပြုတ်ပြုတ်ပြုန်းကာ အိုးမဲ့အိမ်မဲ့တွေဖြစ်စေခဲ့သလို မရေမတွက်နိုင်တဲ့ ကလေးငယ်တွေကိုလည်း မိဘမဲ့တွေ ဖြစ်စေကုန်ပါတယ်။

စစ်ပွဲကြောင့် ကျွန်မတို့ရဲ့အိမ်လည်း ပြာမှုန်အဖြစ်ကို သက်ဆင်းခဲ့ရတယ်။ ကျွန်မလည်း စစ်ပွဲကြောင့် အဖေပျောက်နေရတဲ့ သနားစရာ တူလေးတွေနဲ့ နေထိုင်နေရတယ်၊ စားစရာဆိုတာ အနည်းငယ်။ မျှော်လင့်ချက်မနက်ဖြန်ဆိုတာ ဘာမှန်းမသိ။ အသက်အာမခံချက်ဆိုတာ မရှိရ။ ဘဝဟာ နတ္ထိဆိုပြီး မာရမ်က ညည်းညည်းညူညူ ပြောပါတယ်။

မာဇာအီရှာရစ်ဖ်မြို့ပြင် လက်လုပ်တဲလေးတွေမှာ နေထိုင်ရတဲ့ ဘဝဟာ တကယ်တမ်းတော့ ဒုက္ခတွေကို မိတ်ဆွေဖွဲ့ထားရမျိုးပါ။ အဲဒီနေရာမှာ နွေရာသီဆိုရင် အပူချိန်ဟာ ၄၅ ဒီဂရီဆဲလ်စီးယပ်အထက်ကို ကျော်လွန်နေပါတယ်။ အဲဒီမှာ အအေးပေးစက်ဒါမှမဟုတ်ရင် ပန်ကာဆိုတာမျိုးကို မျှော်လင့်တောင့်တနေမယ် ဆိုရင်တော့ လမင်းကို ရေတွင်းထဲက ဆယ်ယူဖို့ ကြိုးစားတဲ့ သူမိုက်ပုံပြင်လို ဖြစ်နေမှာပါ။

### ရွေးချယ်စရာမရှိဘူး

တစ်ခါတစ်ရံမှာ သူများလှူဒါန်းတာလေးတွေနဲ့ စားသောက်နေထိုင်ရတယ်။ တစ်ခါတလေမှာလည်း တောင်းစားရတယ်။ တစ်ခါတစ်ရံမှာလည်း ရေနဲ့ အစားအစာလေးတွေရဖို့ အကူအညီတောင်းရတယ်။ တောင်းစားတယ်ဆိုတာ ရှက်စရာကောင်းတဲ့ လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့မှာ ရွေးချယ်စရာမရှိပါဘူးလို့ သူက ပြောပါတယ်။

မာရမ်က အာဖဂန်တိုက်ပွဲကြောင့် အာဖဂန် လုံခြုံရေးတပ်ဖွဲ့တွေရော တာလီဘန်တပ်ဖွဲ့တွေရော နှစ်ဖက်စလုံး နေ့စဉ်အကျအဆုံးများတယ်လို့ ပြောပါတယ်။ သွေးတွေဖုံးလွှမ်းနေတဲ့ အာဖဂန်မှာ ငြိမ်းချမ်းရေးမရရင် ပြည်သူတွေရဲ့ အနာဂတ်တွေဟာလည်း မှုန်တိမှုန်ဝါး ပါပဲ။

### ငြိမ်းချမ်းရေးပြန်ရဖို့ အမြဲဆုတောင်းနေ

ဒါကြောင့် ငြိမ်းချမ်းရေး မြန်မြန်ပြန်ရဖို့ ကျွန်မကတော့ အမြဲဆုတောင်းနေရတယ်လို့ မာရမ်က ပြောပါတယ်။ အာဖဂန်တစ်ဝန်းမှာ ငြိမ်းချမ်းရေးတွေ ပြန်ရပြီး အကြောက်တရားတွေ ကင်းဝေးကာ ပုံမှန်ဘဝမျိုး နေထိုင်ရှင်သန်ဖို့၊ အထူးသဖြင့် ချန်တယ်ဒေသမှာ ထာဝရငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တရင်း ငြိမ်းချမ်းမှုကို ကျွန်မအမြဲရှာဖွေလျက်ရှိတယ်လို့ သူက ဟိုးအဝေးတစ်နေရာကို ငေးကြည့်ရင်း ပြောပါတယ်။

အာဖဂန်နစ္စတန်ထဲက အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆုတ်ခွာသွားတဲ့ မေလအစောပိုင်းကစပြီး အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ တာလီဘန်တွေကြား တိုက်ပွဲတွေ ပြင်းထန်ခဲ့ပါတယ်။ တာလီဘန်အဖွဲ့တွေဟာ ထိုးစစ်တွေကို အရှိန်မြှင့်တင် ဆင်နွှဲလာကြပြီး အာဖဂန်ရဲ့ ပြည်နယ် အတော်များများကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။ အဲဒီထဲမှာ အာဖဂန်မြောက်ပိုင်း ဘာ့ခ်ပြည်နယ်ထဲမှာရှိတဲ့ ဒေသပေါင်း ၂၀၀ ကျော်ကိုလည်း သိမ်းခဲ့ပါတယ်။

### အိုးမဲ့အိမ်မဲ့ဖြစ်စေ

တစ်ဖက်နဲ့ တစ်ဖက် တိုက်ပွဲတွေ အရှိန်မြင့်လာခြင်းက များစွာသော မိသားစုတွေကို အိုးမဲ့အိမ်မဲ့ဖြစ်စေပါတယ်။ အဲဒီထဲကမှ အတော်များများသော မိသားစုဝင်တွေဟာ ဘာ့ခ်ပြည်နယ်မြို့တော် မာဇာအီရှာရစ်ဖ်မြို့ပြင်နဲ့ မြို့တွင်းတွေမှာ လက်လုပ်တဲလေးတွေနဲ့ အခြေချနေထိုင်ကြရပါတယ်။

ဘဝနေထိုင်မှုဟာ အလွန်ခက်ခဲပါတယ်။ ရွာတွေထဲမှာလည်း အပြစ်မဲ့ပြည်သူတွေဟာ နှစ်ဖက်ပစ်ခတ်မှုတွေကြောင့် မြေစာပင်ဖြစ်ခဲ့ရသလို လက်လုပ်တဲတွေထဲမှာ နေထိုင်နေရတဲ့ သူတွေကလည်း အခြေခံလိုအပ်ချက်တွေ မရှိဘဲ ဘဝကိုဖြစ်သလို မသေရုံတစ်မယ် ကျော်ဖြတ်နေကြရတာပါ။ ကျွန်တော်တို့ဟာ ကလေးဘဝကတည်းက ဒီလိုဒုက္ခသုက္ခတွေနဲ့ အသားကျပြီးသားပါလို့ အဲဒီစခန်းမှာ နေထိုင်သူတစ်ဦးဖြစ်တဲ့ မိုဟာမက်က ပြောပါတယ်။

### အခွင့်အရေးတွေ ပိတ်ပင်ခံထားရ

ကျွန်တော်တို့တွေ အသတ်ခံနေရတယ်။ ကျွန်တော်တို့တွေ အခွင့်အရေးတွေမရဘဲ ပိတ်ပင်ခံထားရတယ်။ ကျွန်တော်တို့ ကလေးတွေလည်း ကျောင်းမသွားနိုင်ဘူး။ ကျွန်တော်တို့ရဲ့ ခံစားချက်ကို ဘယ်သူမှ ကိုယ်ချင်းမစာဘူး။ လျစ်လျူရှုထားတယ်လို့ မိုဟာမက်က စိတ်မကောင်းစွာပြောပါတယ်။

ဒါတွေဟာ အာဖဂန်မှာဖြစ်ပွားနေတဲ့ တိုက်ပွဲတွေကြောင့် အပြစ်မဲ့ပြည်သူတွေ ခံစားနေရတဲ့ ဒုက္ခသုက္ခတွေပဲ ဖြစ်ပါတယ်။ ဒီလိုဒုက္ခအပေါင်း ချုပ်ငြိမ်းဖို့ရာ ငြိမ်းချမ်းရေးကလွဲပြီး တခြားလမ်းကြောင်းကတော့ မရှိပါဘူး။ ငြိမ်းချမ်းရေးကသာ အကောင်းဆုံး လမ်းကြောင်းဖြစ်ပါတယ်။ ။

ကိုးကား-ဆင်ဟွာ

- **အာဖဂန်နစ္စတန်မှာ ဆက်လက်ဖြစ်ပွားနေတဲ့ စစ်ပွဲဟာ ပုံမှန်မိရိုးဖလာ နေထိုင်လုပ်ကိုင်စားသောက် နေထိုင်တဲ့ အာဖဂန်ပြည်သူတွေရဲ့ ပုံမှန်ဘဝကို အမှောင်ဖုံးစေတဲ့၊ ဒုက္ခအပေါင်းကို ခါးစည်းခံစားရစေတဲ့ ဖြစ်ရပ်အားလုံးရဲ့ အကြောင်းရင်းမြစ်ပဲဖြစ်တယ်**
- **အာဖဂန်စစ်ပွဲဟာ အာဖဂန်ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ပြုတ်ပြုတ်ပြုန်းကာ အိုးမဲ့အိမ်မဲ့တွေဖြစ်စေခဲ့သလို မရေမတွက်နိုင်တဲ့ ကလေးငယ်တွေကိုလည်း မိဘမဲ့တွေ ဖြစ်စေကုန်ပါတယ်**

ကျန်းမာရေးဝန်ကြီးဌာန

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (ကိုဗစ်-၁၉) မိမိကစ၍ ကာကွယ်ပါ

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို “ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ” ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည် -

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ တပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့် (၂၀)ကြာ မကြာခဏ စနစ်တကျဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံး စသည့် နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊

(၁၂) ကိုရိုနာဗိုင်းရပ်စ်ရောဂါ သံသယလက္ခဏာများ ပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ၊

(၁၃) အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ မတပ်ဆင်ခြင်းနှင့် လူစုလူဝေးပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

(၉-၇-၂၀၂၁)

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်ရန် အသိပေးကြေညာချက်

၁။ COVID–19 ကာကွယ်ဆေး ဝယ်ယူနိုင်ရေးအတွက် COVID – 19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund)ကို မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် အောက်ပါအတိုင်း ဖွင့်လှစ်ထားပါသည်–

**(က) COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)။**

ငင်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ် ၃၃၈ ဘီလီယံခန့်နှင့် ညီမျှသော အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကို ထည့်သွင်းထားပါသည်။

**(ခ) COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733)။**

ငင်းစာရင်းတွင် နိုင်ငံတော်မှမတည်ရန်ပုံငွေကျပ် သန်း ၁,၀၀၀ ကို ထည့်သွင်းထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပြည်တွင်း/ ပြည်ပမှ ပါဝင်လှူဒါန်းလိုကြသော ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ရှိ COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012) သို့ မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733) သို့ မြန်မာကျပ်ငွေဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ လှူဒါန်းသူများအနေဖြင့် ပြည်တွင်းနေရာဒေသအသီးသီးရှိမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် အခြားပြည်တွင်း ပုဂ္ဂလိက ဘဏ်အသီးသီးတို့တွင် အထက်အပိုဒ် ၁ (က) နှင့် (ခ) ပါ ငွေစာရင်းအမှတ်များကို ဖော်ပြလှူဒါန်းနိုင်ပါသည်။

၄။ အလှူရှင်စာရင်းကို မှတ်တမ်းထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက email: treasury05@365mopf.gov.mm, treasury10@365mopf.gov.mm သို့ အလှူငွေပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းမေးမြန်း လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၃၄၁၀၁၅၆ |
| ငွေတိုက်ဦးစီးဌာန | ၀၉-၄၅၀၄၅၅၂၃၇ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၃၄၁၀၁၅၈ |
| ငွေတိုက်ဦးစီးဌာန | ၀၉-၂၅၄၅၅၈၄၂၄ |

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

◆ *ကျောဖုံးမှ*

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၅-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၆-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၁,၂၄၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၇၀၆) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၅၈,၂၁၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၅၆,၉၈၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄,၂၈၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၇၅,၅၁၆)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၈၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၃,၄၄၅) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၆-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၂၉)ခု | (၁၅၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၇)ခု | (၂၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၆၀)ခု | (၄၆)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၄)ခု | (၂၆)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်၇၀၀) | (၁၃) ခု | (၄) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၅၄) ခု | (၃၂) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၃၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၂၉)ခု | (၆၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၀၁)ခု | (၄၇၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၈၄၀)ခု | (၁,၈၈၄)ဦး |
| **စုစုပေါင်း** | (၁၁,၂၄၇)ခု | (၂,၇၀၆)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ထူးခြားမှုများနဲ့ အားလုံးအမှတ်ရနေမယ့် တိုကျိုအိုလံပစ်

တက္ကသိုလ် မောင်ရှုပ

*(ယမန်နေ့မှအဆက်)*

တတိယ ထူးခြားချက်ကတော့ အားကစားမှာ ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ရုရှားနိုင်ငံက အားကစားသမားတွေအနေနဲ့ တိုကျိုအိုလံပစ်ပြိုင်ပွဲမှာ ရုရှားနိုင်ငံ အလံတော်အောက်ကနေ ပါဝင်ယှဉ်ပြိုင်ခွင့်မရခဲ့ဘဲ ရုရှားအိုလံပစ်ကော်မတီ (Russian Olympic Committee-ROC) အလံအောက်ကပဲ ပါဝင်ယှဉ်ပြိုင်ခဲ့ရခြင်း ဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ ယခင်အားကစားပြိုင်ပွဲတွေမှာတုန်းက အားကစားသမားတွေအပေါ် တားမြစ်ထားတဲ့ အားဆေးတွေ အသုံးပြုခဲ့တယ်ဆိုတဲ့ ဖောက်ဖျက်မှုတွေကြောင့် တိုကျိုအိုလံပစ်ပွဲတော်အပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲတွေမှာ တရားဝင် ပါဝင်ယှဉ်ပြိုင်ခွင့်ကို ၄-နှစ် ပိတ်ပင်ခံထားရတာ ၂၀၁၉ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ သို့သော်လည်း ရုရှားနိုင်ငံဟာ ရုရှားအိုလံပစ်ကော်မတီနာမည်အောက်ကပဲ အားကစားသမားပေါင်း ၃၃၅ ဦးကို တိုကျိုအိုလံပစ်ပြိုင်ပွဲအတွက် စေလွှတ်ခဲ့ပြီး ဆုတံဆိပ်တွေလည်း ဆွတ်ခူးနိုင်ခဲ့တာကို တွေ့မြင်နိုင်ပါတယ်။ ရွှေတံဆိပ်ဆုဆွတ်ခူးရရှိတဲ့အချိန်မှာ ရုရှားနိုင်ငံအလံလွှင့်တင်ခြင်းနဲ့ ရုရှားနိုင်ငံတော်သီချင်းတီးမှုတ်ခြင်းအစား ရုရှားအိုလံပစ်ကော်မတီရဲ့အလံနဲ့ ကော်မတီကိုယ်စားပြုသီချင်းကိုပဲ တီးမှုတ်ရပါတယ်။ ဒီအခြေအနေတွေ အောက်ကပဲ ရုရှားအားကစားသမားတွေဟာ တိုကျိုအိုလံပစ်မှာ ရွှေတံဆိပ် ဆု ၂၀ အပါအဝင် ဆုတံဆိပ်ပေါင်း ၇၁ ခု ဆွတ်ခူးပေးခဲ့ပြီး အဆင့်အလိုက် အမှတ်စဉ် (၅) နေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။




တိုကျိုအိုလံပစ်ပွဲတော်ကြီး အောင်မြင်စွာလက်ခံကျင်းပပေးခဲ့သည့်အတွက် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီနှင့် နိုင်ငံတကာအားကစားသမားများက ဂျပန်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

*** ပြိုင်ပွဲမှာ လာရောက်ပါဝင် ယှဉ်ပြိုင်ကြမယ့် အားကစားသမားတွေ၊ အုပ်ချုပ်သူတွေ၊ အိုလံပစ်ကော်မတီဝင်တွေနဲ့ အခြားဧည့်သည်တွေအတွက် တင်းကျပ်တဲ့ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ငန်းစဉ်တွေ ချမှတ်ပေးခဲ့ပါတယ်။ အိုလံပစ်အားကစားကျေးရွာ (Olympics Village) မှာ တည်းခိုနေထိုင်ကြမယ့် ပြိုင်ပွဲဝင်အားကစားသမားတွေကို ပြင်ပလူတွေနဲ့ ထိတွေ့ခွင့်မပြုသလို အားကစားသမားတွေကိုလည်း နေ့စဉ် ကိုဗစ်-၁၉ ပိုး ရှိ/မရှိ စစ်ဆေးမှုတွေ ပြုလုပ်ခဲ့**



ရုရှားနိုင်ငံမှ အားကစားသမားများအနေဖြင့် ရုရှားအိုလံပစ်ကော်မတီအလံတော်အောက်မှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရသော်လည်း ဆုတံဆိပ်အမြောက်အမြား ဆွတ်ခူးပေးခဲ့သည်။

### ပြိုင်ပွဲတွေ တစ်နှစ်ရွှေ့ဆိုင်း

စတုတ္ထနဲ့ နောက်ဆုံးထူးခြားချက်ကတော့ တိုကျိုအိုလံပစ်ပြိုင်ပွဲဟာ အိုလံပစ်သမိုင်းမှာ ပွဲကြည့်ပရိသတ်တွေ ပါဝင်တက်ရောက်ခြင်းကို ခွင့်မပြုဘဲ အားကစားသမားတွေချည်း သက်သက်သာယှဉ်ပြိုင်ကြရတဲ့ အားကစားပွဲကြီးဖြစ်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် အားကစားပြိုင်ပွဲတွေကို တစ်နှစ်ရွှေ့ဆိုင်းခဲ့ရသလို ၂၀၂၁ ခုနှစ်မှာလည်း ကူးစက်မှုတွေက ဆက်လက်ရှိနေဆဲ ဖြစ်ပါတယ်။ ပြိုင်ပွဲတွေကို ထပ်မံရွှေ့ဆိုင်းဖို့ တိုက်တွန်းမှုတွေ ရှိနေပေမယ့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှာ ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲတွေကို တရုတ်နိုင်ငံ က လက်ခံကျင်းပသွားဖို့ရှိသလို ၂၀၂၄ ခုနှစ်မှာလည်း ပြင်သစ်နိုင်ငံက ပါရီအိုလံပစ်ပြိုင်ပွဲကြီးကို ကျင်းပဖို့ရှိတာကြောင့် ဂျပန်အစိုးရဟာ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲတွေကို ကျင်းပသွားဖို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့ပါတယ်။ ပြိုင်ပွဲမှာ လာရောက်ပါဝင်ယှဉ်ပြိုင်ကြမယ့် အားကစားသမားတွေ၊ အုပ်ချုပ်သူတွေ၊ အိုလံပစ်ကော်မတီဝင်တွေနဲ့ အခြားဧည့်သည်တွေအတွက် တင်းကျပ်တဲ့ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ငန်းစဉ်တွေ ချမှတ်ပေးခဲ့ပါတယ်။ အိုလံပစ်အားကစားကျေးရွာ (Olympics Village) မှာ တည်းခိုနေထိုင်ကြမယ့် ပြိုင်ပွဲဝင်အားကစားသမားတွေကို ပြင်ပလူတွေနဲ့ ထိတွေ့ခွင့်မပြုသလို အားကစားသမားတွေကိုလည်း နေ့စဉ် ကိုဗစ်-၁၉ ပိုး ရှိ/မရှိ စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အားကစားသမားတွေရော၊ အုပ်ချုပ်သူတွေပါ သတ်မှတ်ထားတဲ့ လမ်းကြောင်း အဝန်းအဝိုင်း (bubble) အတွင်းမှာသာ သွားလာ လှုပ်ရှားခွင့်ပြုခဲ့ပါတယ်။ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို တိတိကျကျ လိုက်နာနိုင်ကြစေဖို့ အကူအညီပေးမယ့် လုပ်အားပေး (Volunteers) စုစုပေါင်း ၁၀၀၀၀၀ နီးပါးကိုလည်း အိုလံပစ်ပွဲတော်ကာလမှာ အသုံးပြုခဲ့ပါတယ်။

### အားကစားပြိုင်ပွဲတွေ ပိတ်ပင်

ပြည်ပနိုင်ငံတွေကနေ လာရောက်ပြီး အိုလံပစ်အားကစားပြိုင်ပွဲတွေကို လာရောက်ကြည့်ရှုမယ့် ပရိသတ်တွေကို လုံးဝပိတ်ပင်ခဲ့တဲ့အပြင် ပြည်တွင်းက ပရိသတ်တွေကိုလည်း ပြင်ပမှာပြုလုပ်တဲ့ အားကစားပြိုင်ပွဲအချို့ကလွဲရင် ကျန် indoors အားကစားပြိုင်ပွဲတွေမှာ ကြည့်ရှုခွင့်ကို လုံးဝပိတ်ပင်ခဲ့ပါတယ်။ အားကစားပြိုင်ပွဲတွေမှာ ပွဲကြည့်ပရိသတ်တွေ ပါဝင်တက်ရောက်အားပေးမှုဟာ အားကစားသမားတွေအတွက် အင်အားကို ဖြစ်စေပြီး စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးနိုင်တဲ့ ခွန်အားတွေ ရရှိစေပါတယ်။ တိုကျိုအိုလံပစ်ပြိုင်ပွဲကြီးဟာ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားနေတဲ့ကာလမှာ ကျင်းပရတာဖြစ်ပြီး အိုလံပစ်ကြောင့် ကူးစက်ရောဂါ အကြီးအကျယ်ပြန့်ပွားစေတဲ့ ဖြစ်စဉ်မျိုးမဖြစ်စေလိုတဲ့ ပြည်တွင်းက တောင်းဆိုမှုတွေ ရှိနေတဲ့အတွက် ဂျပန်အစိုးရဟာ တိုကျိုအိုလံပစ်ပြိုင်ပွဲကို ဖွင့်ပွဲအခမ်းအနားရော၊ ပိတ်ပွဲအခမ်းအနားအပါအဝင် အားကစားပြိုင်ပွဲအားလုံးနီးပါးမှာ ပွဲကြည့်ပရိသတ် ပါဝင်တက်ရောက်ခွင့်ကို ပိတ်ပင်ခဲ့ပါတယ်။ ပွဲကြည့်ပရိသတ်ခွင့်ပြုနိုင်တဲ့ အားကစားပွဲစဉ်အချို့မှာတောင် ပွဲကြည့်ပရိသတ်ဝင်ဆံ့နိုင်တဲ့ အရေအတွက်ကို ၅၀၀၀ အထိသာ ခွင့်ပြုခဲ့ပါတယ်။ ပွဲကြည့်ပရိသတ်တွေ မပါဝင်တော့တဲ့အတွက် အားကစားပြိုင်ပွဲများဟာ ခြောက်ကပ်ကပ်နဲ့ပဲ ယှဉ်ပြိုင်ခဲ့ကြရသလို ရင်ခုန်လှုပ်ရှားဖွယ်ဝန်းကျင် (festive atmosphere) လည်း ပျောက်ကွယ်ခဲ့ရပါတယ်။ ဂျပန်အစိုးရအနေနဲ့လည်း အားကစားပွဲစဉ်တွေအတွက် ဝင်ခွင့်လက်မှတ်တွေ ရောင်းချရမှုကနေ ရရှိနိုင်မယ့်ဝင်ငွေ အမေရိကန် ဒေါ်လာ ၈၁၅ သန်းခန့် နစ်နာခဲ့ရပါတယ်။ အိုလံပစ်ပြိုင်ပွဲတွေကို မကြာခဏ တက်ရောက် ကြည့်ရှုလေ့လာခွင့်ရကြတဲ့ နိုင်ငံတကာက အမျိုးသားအိုလံပစ်ကော်မတီ အဖွဲ့ဝင်တွေ အတွက်ကတော့ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားတွေဟာ အကျဉ်းချုံးထားတဲ့အတွက် ပြီးခဲ့တဲ့ အိုလံပစ် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားတွေနဲ့ နှိုင်းယှဉ်ရင်တော့ စိတ်ကျေနပ်မှု နည်းပါးနိုင်ပေမယ့် အခုလို ကပ်ရောဂါ အကျပ်အတည်းကာလမှာ ကျင်းပရတဲ့ အခြေအနေကို ထည့်သွင်းစဉ်းစားရင် ခမ်းနားမှုက ချီးကျူးအံ့သြဖွယ်ရာ ဖြစ်ပါတယ်။

ဒါကြောင့် ပြန်သုံးသပ်ရရင် တိုကျိုအိုလံပစ်ပွဲတော်ကြီးဟာ အိုလံပစ်အားကစားပွဲတော်သမိုင်းမှာ အခက်အခဲအကျဉ်းအကျပ်တွေကြားက ကျင်းပပြုလုပ်ခဲ့ရတဲ့ ပထမဆုံး အိုလံပစ်ဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ကိုဗစ်-၁၉ ကူးစက်ရောဂါတွေ ဖြစ်ပွားပြီးနောက်ပိုင်း နိုင်ငံပေါင်းစုံက ပြည်သူတွေရဲ့ ပထမဆုံးအကြိမ် စုစည်းမှုတစ်ခုလည်း ဖြစ်ပါတယ်။ အားကစားသမားတွေ၊ အုပ်ချုပ်သူတွေ၊ လုပ်အားပေးဝန်ထမ်းတွေအပါအဝင် သက်ဆိုင်သူတွေ အားလုံးတင်းကျပ်တဲ့ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများ ကြားကနေ ပါဝင်ယှဉ်ပြိုင်၊ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရတာ ဖြစ်ပါတယ်။ ဒီအခက်အခဲတွေကြားကပဲ တိုကျိုအိုလံပစ်ပြိုင်ပွဲမှာ ပြေးခုန်ပစ်၊ စက်ဘီးစီး၊ လှေလှော်၊ သေနတ်ပစ်၊ ရေကူး၊ အလေးမနဲ့ အခက်အခဲ တက်ပြိုင်ပွဲတွေမှာ နိုင်ငံတကာက အားကစားသမားတွေဟာ ကမ္ဘာ့စံချိန်သစ် အများအပြားကို တင်နိုင်ပြီး စွမ်းရည်ပြသခဲ့ကြတာဟာလည်း ထူးခြားချက်တစ်ခု ဖြစ်ပါတယ်။ အားကစားပြိုင်ပွဲတွေ ကျင်းပပြုလုပ်နေစဉ် *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ကာလအတွင်း တိုကျိုမြို့မှာ ကိုဗစ်-၁၉ ကူးစက်မှုတွေဟာ မြင့်တက်ခဲ့ပါတယ်။ ဩဂုတ်လ ၅ ရက်နေ့ တစ်ရက်တည်းမှာ တိုကျိုမြို့တော်မှာ ကိုဗစ်-၁၉ ကူးစက်ခံရသူဦးရေ ၅၀၄၂ ဦး ရှိခဲ့တာကြောင့် တိုကျိုမှာ စံချိန်တင်အမြင့်မားဆုံး ကူးစက်မှုဖြစ်ခဲ့ပါတယ်။ သို့သော်လည်း ယခု စံချိန်တင်ကူးစက်မှုဟာ အိုလံပစ် အားကစားပွဲတွေနဲ့ တိုက်ရိုက်ဆက်စပ်မှု မရှိဘူးလို့ တာဝန်ရှိသူတွေက ငြင်းဆိုခဲ့ပါတယ်။



အပြာရောင်တူညီဝတ်စုံနှင့် အပြုံးပန်းကိုယ်စီ ဆင်မြန်းထားကြသည့် အိုလံပစ်လုပ်အားပေးများ၏ တက်တက်ကြွကြွပါဝင်ဆောင်ရွက်ပေးခဲ့မှုသည် တိုကျိုအိုလံပစ်ပြိုင်ပွဲကြီး အောင်မြင်မှုအတွက် များစွာအထောက်အကူပြုခဲ့သည်။

## ပြန်လည်နိုးထ

ဂျပန်နိုင်ငံက ၂၀၂၀ တိုကျိုအိုလံပစ်ပွဲတော်ကြီးကို လက်ခံကျင်းပဖို့ စတင်ကြိုးစားခဲ့တဲ့ ၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံဟာ တိုဟိုကုဒေသ (Tohoku region) မှာ ငြင်းအားပမာဏ ကြီးမားလှတဲ့ ရစ်ချ်တာစကေး ၉ ရှိတဲ့ မြေငလျင်ကြီးနဲ့ နောက်ဆက်တွဲဆူနာမိ ရေလှိုင်းလုံးကြီးတွေရဲ့ဒဏ်နဲ့ နောက်ဆက်တွဲရိုက်ခတ်မှုတွေကို ခံစားနေရတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအချိန်တုန်းက ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ ၂၀၂၀ တိုကျိုအိုလံပစ်ကနေ ကမ္ဘာကိုချပြချင်တဲ့ အဓိကသတင်းစကားတွေကတော့ ဂျပန်နိုင်ငံဟာ အခက်အခဲတွေကြားကနေ ပြန်လည်နိုးထလာပြီ (Japan is back) ဆိုတဲ့အချက်နဲ့ ဂျပန်နိုင်ငံရဲ့ ဧည့်ဝတ်ကျေပွန်မှု (hospitality) ကို ပြသဖို့ပဲ ဖြစ်ပါတယ်။ ဂျပန်အစိုးရဟာ တိုကျိုအိုလံပစ်နဲ့ မသန်စွမ်းအားကစားပြိုင်ပွဲတွေ ကျင်းပဖို့အတွက် ဒေါ်လာ ၁၅ ဒသမ ၄ ဘီလီယံ လောက်ကို ကျခံသုံးစွဲခဲ့သလို ပုဂ္ဂလိကကဏ္ဍက ရင်းနှီးမြှုပ်နှံထားမှုကလည်း ဒေါ်လာ ၃ ဘီလီယံလောက် ရှိပါတယ်။ ၁၉၆၄ ခုနှစ်မှာ ပထမအကြိမ် အိုလံပစ်အားကစားပြိုင်ပွဲကြီးကို လက်ခံကျင်းပပြီးတဲ့နောက် နှစ်ပေါင်း ၅၆ နှစ်အကြာမှာ ဒုတိယအကြိမ် လက်ခံကျင်းပဖို့ အစွမ်းကုန် ပြင်ဆင်ခဲ့ပေမယ့် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် အခက်အခဲတွေ ကြုံတွေ့ခဲ့ရတာ ဖြစ်ပါတယ်။

## အကောင်းဆုံးသံတမန်များ

သို့သော်လည်း အားကစားသမားများနဲ့ အုပ်ချုပ်သူတွေအပေါ် ဂျပန်နိုင်ငံရဲ့ ဧည့်ဝတ်ကျေပွန်မှု၊ ဂျပန်ပြည်သူတွေ အထူးသဖြင့် အားကစားပြိုင်ပွဲကာလအတွင်း နေ့စဉ်ထိတွေ့နေရတဲ့ လုပ်အားပေးတွေရဲ့ စိတ်စေတနာနဲ့ ကူညီဆောင်ရွက်ပေးမှုတွေကို နိုင်ငံတကာက အားကစားသမားတွေ၊ အုပ်ချုပ်သူတွေက အပြည့်အဝ အသိအမှတ်ပြုကြတာကို တွေ့ရပါတယ်။ အားကစားပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံတကာက အားကစားသမားတွေ ကိုဗစ်-၁၉ ကူးစက်မှုမရှိစေရေးအတွက် ဂျပန်နိုင်ငံက လေဆိပ်တွေကို စတင်ရောက်ရှိချိန်ကစပြီး အားကစားပြိုင်ပွဲ ပွဲစဉ်တွေပြီးတိုင်း ပိုးသတ်ဆေးဖျန်းခြင်း လုပ်တာကအစ၊ အားကစားသမားတွေ တစ်နေရာက တစ်နေရာ သယ်ယူပို့ဆောင်ရေးအပါအဝင် ဂျပန်နိုင်ငံကနေ ပြန်လည်ထွက်ခွာချိန်အထိ လုပ်အားပေး လူငယ်တွေရဲ့ စေတနာနဲ့ ကူညီမှုတွေဟာ များစွာ ထိရောက်ခဲ့ပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ Thomas Bach က သူ့ရဲ့မိန့်ခွန်းမှာ အိုလံပစ် လုပ်အားပေးတွေကို ဂျပန်နိုင်ငံရဲ့အကောင်းဆုံးသံတမန်များဖြစ်တယ်လို့တောင် ရည်ညွှန်းသုံးနှုန်းခဲ့ပါတယ်။

## အောင်မြင်စွာကျင်းပ

(၃၂) ကြိမ်မြောက် အိုလံပစ်အားကစားပြိုင်ပွဲကြီးကို ၂၀၂၀ ပြည့်နှစ်မှာ ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ ၂၀၁၃ ခုနှစ်က အာဂျင်တီးနားနိုင်ငံ၊ ဗျူနိုအေးရီးစ်မြို့မှာ ကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ အစည်းအဝေးက ဆုံးဖြတ်ထားရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ကူးစက်မှု အခက်အခဲတွေ ရှိနေတဲ့ကြားကပဲ အိုလံပစ်ပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့တဲ့အတွက် ဂျပန်အစိုးရဟာ သူ့ရဲ့ ကတိကဝတ်ကို ဖြည့်ဆည်းခဲ့ပြီး ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ဂျပန်အစိုးရရဲ့ ဆုံးဖြတ်ချက်နဲ့ ကြိုးပမ်းအားထုတ်မှုတွေအတွက်လည်း အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီနဲ့ နိုင်ငံတကာက အားကစားသမားတွေဟာ ဂျပန်အစိုးရကို ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြပါတယ်။

## ဂုဏ်သိက္ခာပေးစွမ်း

ဂျပန်အစိုးရဟာ ၁၉၆၄ ခုနှစ်မှာ ပထမအကြိမ် နွေရာသီအိုလံပစ်အားကစားပြိုင်ပွဲကို လက်ခံကျင်းပခဲ့စဉ်က နွေရာသီအိုလံပစ် အားကစားပြိုင်ပွဲကို ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့တဲ့ အာရှနိုင်ငံဖြစ်ခဲ့ပါတယ်။ ၁၉၆၄ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲမကျင်းပမီ ကိုးရက်အလိုမှာ ဂျပန်နိုင်ငံဟာ ကမ္ဘာပေါ်မှာ အမြန်ဆုံးကျည်ဆန်ရထား (ရှင်ကန်ဆန်) ကို တိုကျိုနဲ့ အိုဆာကာအကြား စတင်ပြေးဆွဲခဲ့ပြီး နိုင်ငံရဲ့ နည်းပညာသာလွန်မှုကို ကမ္ဘာကို ပြသခဲ့ပါတယ်။ ၁၉၆၄ ခုနှစ် တိုကျိုအိုလံပစ်ဟာ ဒုတိယကမ္ဘာစစ်အပြီး ဂျပန်နိုင်ငံအတွက် နိုင်ငံတကာမျက်နှာစာကို ပြန်လည်ဝင်ရောက်လာစေနိုင်ခဲ့တဲ့ ဂုဏ်သိက္ခာကို ပေးစွမ်းနိုင်ခဲ့ပါတယ်။

ဂျပန်နိုင်ငံဟာ ၁၉၇၂ ခုနှစ်မှာ ဆောင်းရာသီ အိုလံပစ်ပွဲတော်ကို ဆာပိုရိုမြို့မှာ လက်ခံကျင်းပခဲ့သလို ၁၉၉၈ ခုနှစ်မှာ နာဂါနိုမြို့မှာ နောက်တစ်ကြိမ် ဆောင်းရာသီအိုလံပစ်ပွဲတော်ကို လက်ခံကျင်းပပေးခဲ့ပါတယ်။ ၂၀၂၀ တိုကျိုနွေရာသီအိုလံပစ်ပွဲတော်ကို လက်ခံကျင်းပပေးခြင်းဖြင့် ဂျပန်နိုင်ငံဟာ နွေရာသီအိုလံပစ်ပွဲတော်ကို နှစ်ကြိမ်တိုင်တိုင် လက်ခံကျင်းပပေးတဲ့ ပထမဆုံး အာရှနိုင်ငံ ဖြစ်လာခဲ့ပါတယ်။ အခု အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲမှာ ဆုရရှိမှုအခြေအနေကို ပြန်ကြည့်ရင် ဂျပန်နိုင်ငံဟာ ရွှေ ၂၇ ဆု၊ ငွေ ၁၄ ဆု၊ ကြေး ၁၇ ဆု စုစုပေါင်း ၅၈ ဆုရရှိခဲ့ပြီး အားကစားထိပ်သီး တွေဖြစ်ကြတဲ့ အမေရိကန်နဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့ပြီးရင် တတိယနေရာကို ရယူနိုင်ခဲ့ပါတယ်။ ဒါဟာလည်း ဂျပန်နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ အိုလံပစ်အားကစားသမိုင်းတစ်လျှောက်မှာ ဆုတံဆိပ်အများဆုံး ရရှိခဲ့တာဖြစ်လို့ ဂျပန်နိုင်ငံအတွက် အောင်မြင်မှုတစ်ခု ဖြစ်ပါတယ်။

## အိုလံပစ်စိတ်ဓာတ်

အိုလံပစ် အားကစားပြိုင်ပွဲကြီးတွေရဲ့ အသက်က အိုလံပစ်စိတ်ဓာတ် (Olympics Spirit) ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက အားကစားသမားတွေဟာ ကဏ္ဍအမျိုးမျိုးသော အားကစားပြိုင်ပွဲတွေမှာ အားကစားဆိုင်ရာ တန်ဖိုးတွေ၊ စံနှုန်းစံထားတွေအပေါ် အခြေခံဝင်ရောက်ယှဉ်ပြိုင်ကြရင်း အခက်အခဲတွေကို ကျော်လွှားနိုင်မှု၊ တစ်ဦးနဲ့တစ်ဦး နားလည်မှု၊ သည်းခံခွင့်လွှတ်မှု၊ ချစ်ကြည်ရင်းနှီးမှုတွေကို ဖော်ဆောင်မှုကနေတစ်ဆင့် ကမ္ဘာကြီးရဲ့ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းနိုင်ရေးကို အထောက်အကူပြုနေကြတာ ဖြစ်ပါတယ်။ အခုကျင်းပခဲ့တဲ့ တိုကျိုအိုလံပစ်ဟာဆိုရင် သမိုင်းမှာ မကြုံစဖူး ကြီးမားတဲ့ ကိုဗစ်-၁၉ ကူးစက်မှုအခက်အခဲကြားကနေ ကျင်းပပြုလုပ်ခဲ့ရတာဖြစ်တဲ့အတွက် ယခင်အိုလံပစ်တွေနဲ့ မတူကွဲပြားမှုတွေ အများကြီးရှိခဲ့ပါတယ်။ အထူးသဖြင့် အားကစားပြိုင်ပွဲကာလတွေအတွင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လက်တွေ့အကောင်အထည်ဖော်ရာမှာ အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။ ဒါတွေကို စနစ်တကျစီစဉ်ပြီး အောင်မြင်စွာကျင်းပသွားနိုင်ခဲ့တဲ့ ဂျပန်အစိုးရရဲ့ အစီအစဉ်တွေဟာ လေးစားဖွယ်ရာဖြစ်ပါတယ်။ ဒါကြောင့် တိုကျိုအိုလံပစ်ကနေတစ်ဆင့် ဂျပန်အစိုးရရဲ့ ရည်မှန်းချက်တွေဖြစ်တဲ့ ဂျပန်နိုင်ငံရဲ့ ဧည့်ဝတ်ကျေပွန်မှုအပြင် ဗိုင်းရပ်စ်ပိုးအပေါ် လူသားများရဲ့ အောင်မြင်မှု (Humanity's triumph over the virus) ကိုလည်းနိုင်ငံတကာကို တစ်စိတ်တစ်ဒေသအားဖြင့် ပြသနိုင်ခဲ့တာကြောင့် ဂျပန်နိုင်ငံရဲ့ အိုလံပစ်အားကစား ပြိုင်ပွဲကြီးအတွက် ကြိုးပမ်းအားထုတ်မှုတွေဟာ အောင်မြင်မှု အထူးရရှိခဲ့ပါကြောင်းနဲ့ ထူးခြားမှုများနဲ့ ပြည့်နေတဲ့ အိုလံပစ်ပွဲတော်ကြီးအဖြစ် အားလုံးက အမှတ်ရနေကြမှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

| Rank | Country | Gold | Silver | Bronze | Total |
|---|---|---|---|---|---|
| 1 | USA | 39 | 41 | 33 | 113 |
| 2 | China | 38 | 32 | 18 | 88 |
| 3 | Japan | 27 | 14 | 17 | 58 |
| 4 | Great Britain | 22 | 21 | 22 | 65 |
| 5 | Russian Olympic Comm. | 20 | 28 | 23 | 71 |
| 6 | Australia | 17 | 7 | 22 | 46 |
| 7 | Netherlands | 10 | 12 | 14 | 36 |
| 8 | France | 10 | 12 | 11 | 33 |
| 9 | Germany | 10 | 11 | 16 | 37 |
| 10 | Italy | 10 | 10 | 20 | 40 |

တိုကျိုအိုလံပစ်ပွဲတော်တွင် ဆုတံဆိပ်ရရှိခဲ့သည့် ထိပ်တန်း ၁၀ နိုင်ငံစာရင်း။


**ရည်ညွှန်း**

Olympian Struggles by Francesca Regalado and Rurika Imahashi

(Nikkei Asia July 6– August 1)

Japan's news resources (Japan Times, Japan News, Kyodo News, The Mainichi News)

# ကိုဗစ်–၁၉ ရောဂါဖြစ်ပွားပြီးနောက်ပိုင်း ရောဂါလက္ခဏာစုအတွက် ကျန်းမာအောင်နေထိုင်စားသောက်နည်း

တင်ထက်ထက်ဇော်

**ကိုဗစ်–၁၉ နောက်ပိုင်း ရောဂါလက္ခဏာစုကို ဆေးသိပ္ပံနည်းအရ Post Covid Syndrome ဟု ခေါ်သည်။ ဥပမာ သာမန်တုပ်ကွေးဖြစ်ပြီးနောက် ပြန်ကောင်းသည့်အခါ လူကောင်းပကတိပြန်ဖြစ်သွားသော်လည်း ကိုဗစ်–၁၉ ရောဂါကမူ အကျိုးဆက်များစွာ ရောဂါခံစားရနိုင်ပါသည်။ အထူးသဖြင့် မျိုးကွဲဗိုင်းရပ်စ် အကျိုးဆက်များကြောင့် ရောဂါလက္ခဏာစုများကို ပြင်းပြင်းထန်ထန်ခံစားရနိုင်ပါသည်။ လူတချို့က နေပြန်ကောင်းပြီးနောက် သုံးလကြာသည်အထိ ရောဂါလက္ခဏာစုကို ခံစားရပြီး တချို့ကမူ ခြောက်လမှ ကိုးလအထိ ခံစားရဖွယ် တွေ့ရသည်။ ၎င်းကို ရေရှည်ကိုဗစ် (Long Covid) ဟု ခေါ်ပါသည်။**

ပျမ်းမျှ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ၏ ၃၃ ရာခိုင်နှုန်း (သို့မဟုတ်) သုံးပုံ တစ်ပုံတွင် နောက်ဆက်တွဲရောဂါ ခံစားရတတ်သည်။ လက္ခဏာအမျိုးအစားပေါင်း ၂၀၀ ကျော်ရှိပြီး ၎င်းတို့အနက် အဓိက ဖြစ်ပွားမှုသုံးမျိုးတွေ့ရသည်။ ၎င်းတို့မှာ (က) အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း (သို့မဟုတ်) လှုပ်လှုပ်ရှားရှားမလုပ်ပါဘဲ ထိုင်နေ၊ လှဲနေရင်းဖြင့် မော၍ အသက်ရှူကျပ်လာခြင်း၊ (ခ) မိမိ၏ မှတ်ဉာဏ်ဆိုင်ရာ တည်ငြိမ်မှုမရှိခြင်း (သို့မဟုတ်) တလွဲတချော်ဖြစ်ခြင်း၊ (ဂ) ဦးနှောက်က မောပန်းနွမ်းနယ်ပြီး လုပ်နိုင်ကိုင်နိုင်စွမ်း မရှိတော့ဘဲ ဝေဝါးမှုဖြစ်ခြင်း စသည်တို့ ဖြစ်သည်။

အထက်ဖော်ပြပါ သုံးမျိုးအပြင် နောက်ဆက်တွဲ ရောဂါလက္ခဏာစုများအဖြစ် အောက်ပါအခြေအနေများကိုလည်း ခံစားရနိုင်ပါသေးသည်။

- လက်ဖဝါးများ ပုံမှန်ထက် ပူနေခြင်း၊
- နှာစေးခြင်း၊
- ဝမ်းချုပ်ခြင်း၊
- ခန္ဓာကိုယ်က ကောက်ကာငင်ကာ ချမ်းတုန်ခြင်း၊
- ရံဖန်ရံခါ ချွေးထွက်လွန်၍ ပူစပ်စပ်ဖြစ်ခြင်း၊
- တာရှည်ချောင်းဆိုးခြင်း၊
- ညဘက် ကောင်းစွာအိပ်မပျော်ခြင်း (သို့မဟုတ်) မကြာခဏလန့်နိုးခြင်း (သို့မဟုတ်) နံနက်လင်းအားကြီး ပြန်အိပ်မရခြင်း၊
- ခြေဆစ်၊ လက်ဆစ်များ နာကျင်ကိုက်ခဲခြင်း၊
- လည်ချောင်းထဲ ချွဲကပ်ပြီး အသံတိမ်သွားခြင်း၊
- ဗိုက်ဆာလောင်နေတတ်ပြီး စားသောက်ပြီးနောက်မှာလည်း အစာမကြေလေပွခြင်း၊
- စိတ်အတက်အကျ မြန်ဆန်ခြင်း (သို့မဟုတ်) စိတ်ဖိစီးမှုလွန်ကဲနေပြီး စိတ်အလိုမကျ ဖြစ်နေခြင်း၊
- ရင်ဘတ်နှင့် ကျောကုန်းတို့ နာခြင်း၊ အောင့်ခြင်း၊
- လက်၊ ရင်ဘတ်နှင့် ကျောကုန်းတို့တွင် အနီရောင် အဖုများ၊ အစက်အပြောက်များ ပေါ်လာခြင်း၊
- ခြေသလုံးကြော၊ ပေါင်ကြောများတင်း၍ တောင့်နေခြင်း၊
- ရံဖန်ရံခါ ခေါင်းကိုက် ခေါင်းခဲခြင်း၊
- ရံဖန်ရံခါ ရင်တုန်ပန်းတုန်ဖြစ်ခြင်း၊
- ရေထိစဉ် ခဏမှာပင် လက်ဖဝါးအရေပြားတွန့်လာခြင်း စသည်တို့ဖြစ်သည်။

ထိုအခြေအနေမျိုး၌ အဖျားမရှိတော့သော်လည်း လုံးဝကျန်းမာသွားသည်မျိုး မဟုတ်သေးဘဲ နေမကောင်းသလို ခံစားရတတ်ပါသည်။

**ရောဂါလက္ခဏာစုအတွက် ကျန်းမာအောင်စားသောက်နည်း**

ကိုဗစ်–၁၉ နောက်ပိုင်း ရောဂါလက္ခဏာစုများ အမြန်ဆုံး သက်သာပျောက်ကင်းစေရန်အတွက် အောက်ဖော်ပြပါ ပရိုတင်းနှင့် ခွန်အားပြည့်ဝသောအစားအစာတို့ကို ဦးစားပေးရွေးချယ်စားသင့်ပါသည်။







- ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စသည့် ဥအမျိုးမျိုး၊
- အနီရောင် အသားများ၊
- ငါး၊
- ကြက်သား ဆန်ပြုတ်၊
- ပုစွန် (သို့မဟုတ်) ကြက်သား ဂျုံခေါက်ဆွဲပြုတ်၊
- လူး၊ ဆပ်၊ အုတ်(ဂျုံ)၊ အာလူး၊
- အစိမ်းရောင် ပဲသီးအမျိုးမျိုး၊
- မလိုင်ပါသော နို့နှင့် ဒိန်ချဉ်၊ ချိစ် စသည့် နို့ထွက်ပစ္စည်းများ၊
- မြေပဲ နှင့် ပဲစေ့အမျိုးမျိုး (အထူးသဖြင့် ကုလားပဲ)
- တိုဟူး၊
- လတ်ဆတ်၍ အရည်ရွှမ်းသော သစ်သီးမျိုးစုံ (သတိပြုရမည့်အချက်မှာ အလွန်ချဉ် သို့မဟုတ် အလွန်ချိုသော သစ်သီးများကိုရှောင်၍ မချိုမချဉ်သစ်သီးကို ဦးစားပေး စားသုံးပါ)
- ရာသီစာ နာနတ်သီးစားပါ (အထူးသဖြင့် နာနတ်သီး အူတိုင်စားပါ)

ယခုအချိန်မှာ အားပြန်ပြည့်ဖို့ အရေးကြီးသဖြင့် ကိုယ်အလေးချိန် မလျှော့ပါနှင့်။ စားနိုင်သမျှ များများစား၍ များများအနားယူရင်း အိပ်ရေးဝဝအိပ်ပါ။ အထက်ပါ အစားအစာများကို စားသောက်ရင်း လိုအပ်ပါက ဆရာဝန်နှင့်တိုင်ပင်၍ ဗီတာမင်နှင့် သတ္တုဓာတ်အားဆေးများ၊ ဗီတာမင်ဒီ ဖြည့်စွက်ဆေးများကို သောက်သုံးပါ။ Post Covid Syndrome က ဝမ်းချုပ်ခြင်းနှင့် အာခြောက်ခြင်းတို့ကို ဖြစ်ပေါ်စေတတ်သဖြင့် ကျော်ကြလွယ်သော ဟင်းသီးဟင်းရွက်တို့ကို စားသောက်ရင်း ရေ မကြာမကြာသောက်ပါ။ အချိုပါဝင်မှုနည်းပြီး ပူရှိန်းမဟုတ်သော ရိုးရိုးပီကေ ဝါးစားနိုင်ပါသည်။

**သွေးလည်ပတ်စီးဆင်းစေမည့် ခြေထောက်လေ့ကျင့်ခန်းများ**

ကိုဗစ်ပိုးက လူ့သွေးကို ပျစ်သွားအောင် လုပ်နိုင်စွမ်းရှိသည်။ ကိုဗစ်–၁၉ ရောဂါကြောင့် သွေးလည်ပတ်မှု နှေးကွေးနေသောအချိန်မှာ သွေးကလည်း ပျစ်နေရာ အင်မတန်အကွေ့အကောက်များသော လူ့တစ်ကိုယ်လုံးက သွေးကြောများထဲတွင် သွေးခဲလေးများ ဖြစ်လာနိုင်သည်။ ထိုသွေးခဲအစအနလေးများက နှလုံးအဆို့ရှင်ကို ပိတ်ဆို့ခြင်း၊ အဆုတ်နှင့် ဦးနှောက်ထဲရှိ ဆံခြည်မျှင်သွေးကြောများကို ပိတ်ဆို့ခြင်းတို့ဖြစ်တတ်ပြီး အောက်ဆီဂျင်ကျ၍ စိုးရိမ်ဖွယ်အခြေအနေဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုးတွေ့လူနာနှင့် Negative ပြနေသော နာလန်ထစလူနာများအနေဖြင့် သွေးခဲအန္တရာယ်ရှောင်ရှားရန်အတွက် အိပ်ရာထဲမှာ လှဲနေရင်း ခြေထောက်လေ့ကျင့်ခန်းကို မဖြစ်မနေလုပ်ပေးသင့်ပါသည်။ ၎င်းကို ဆေးသိပ္ပံနည်းအရ Physiotherapy ကုထုံးဟု ခေါ်သည်။ ပုံတွင်ပြထားသည့် လေ့ကျင့်ခန်းလေးများကို အိပ်ရာထဲတွင် သက်သောင့်သက်သာလှဲနေရင်း ပြုလုပ်ပေးခြင်းဖြင့် ခြေသလုံးကြွက်သားထဲက သွေးပြန်ကြောမကြီးအတွက် သွေးလည်ပတ်မှုကောင်းစွာ စီးဆင်းစေကာ ကိုဗစ်ကြောင့် သွေးခဲအစအနများ ပိတ်ဆို့မှုအန္တရာယ်ကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

ပုံပါလေ့ကျင့်ခန်းတစ်မျိုးစီအား တစ်ကြိမ်လျှင် အခါ ၂၀၊ တစ်နေ့ သုံးကြိမ်လုပ်ပေးရပါမည်။ အကယ်၍ လူနာက မိမိကိုယ်တိုင် မလုပ်နိုင်လောက်အောင် ရောဂါအလွန်ဖိစီးနေပါက မိသားစုတစ်ယောက်က လူနာ၏ခြေသလုံးကြွက်သားများကို ခပ်ဖွဖွ ဆုပ်နယ်ဖျစ်ညှစ်ပေးပါ။

အချုပ်အားဖြင့်ဆိုသော် ရောဂါကာကွယ်ရန် အကောင်းဆုံးနည်းမှာ ကာကွယ်ဆေးထိုးနှံခြင်းဖြစ်၍ ဆေးမထိုးရသေးသူများအနေဖြင့် မိမိအလှည့်ရောက်ချိန်မှာ သတ်မှတ်ထားသည့်အတိုင်း နှစ်ကြိမ်တိတိ ဆေးထိုးနှံရပါမည်။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးထားလျှင် ရောဂါဖြစ်ပွားမှုကို သုံးဆမျှ ကာကွယ်ထားနိုင်ပြီး ဆေးရုံတက်ရောက်ရမှုကို ၁၀ ဆ ကာကွယ်နိုင်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ဆေးဗဟိုဌာန (CDC)၏ ထုတ်ပြန်ချက်များအရ သိရသည်။ ဆေးထိုးပြီးသော်လည်း မပေါ့ဆသင့်ဘဲ ကိုဗစ်–၁၉ စည်းကမ်းချက်များအတိုင်း ဆက်လက်နေထိုင်ရပါမည်။ ကမ္ဘာ့တုပ်ကွေးကပ် (၁၈၈၉–၁၈၉၀)၊ ကမ္ဘာ့တုပ်ကွေးကပ် (၁၉၁၈)၊ အာရှတုပ်ကွေးကပ် (၁၉၅၆–၁၉၅၈)၊ ကမ္ဘာ့တုပ်ကွေးကပ် (ဟောင်ကောင်တုပ်ကွေး) (၁၉၁၈)၊ SARS (၂၀၀၂–၂၀၀၄)၊ MARS (၂၀၁၂) စသည့် ရင်ဆိုင်ခဲ့ရသော ကပ်ရောဂါအားလုံး၏ အဆုံးသတ်နိဂုံးတွင် လူသားများကသာ အနိုင်ရမြဲဖြစ်ပါသည်။ ယခုချိန်ခါ ကိုဗစ်–၁၉ ရောဂါမှာလည်း အချိန်တန်လျှင် လူသားများကသာ ဧကန်မုချ အနိုင်ယူနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အလွန်အမင်းစိတ်ဓာတ်ကျ၊ စိုးရွံ့ခြင်းမဖြစ်သင့်ဘဲ နိုင်ငံတော်က အခါအားလျော်စွာ တိုက်တွန်းညွှန်ကြားသည့် ကိုဗစ်–၁၉ စည်းကမ်းများအတိုင်း ပြည်သူတစ်ဦးချင်းစီက လိုက်နာကျင့်ကြံမည်ဆိုပါက စုပေါင်းအားနှင့် ဘုံရန်သူကိုဗစ်ကို အနိုင်ယူနိုင်မည် ဖြစ်ပါကြောင်း။ ။

> **“ သွေးခဲအစအနလေးများက နှလုံးအဆို့ရှင်ကို ပိတ်ဆို့ခြင်း၊ အဆုတ်နှင့် ဦးနှောက်ထဲရှိ ဆံခြည်မျှင်သွေးကြောများကို ပိတ်ဆို့ခြင်းတို့ဖြစ်တတ်ပြီး အောက်ဆီဂျင်ကျ၍ စိုးရိမ်ဖွယ်အခြေအနေ ဖြစ်လာနိုင် ”**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၈-၂၀၂၁ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၄၀** ပြည်သူ့နီတိ 'အကြွေး'
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
**၁၆:၃၅** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ
**၁၇:၀၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၄၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၂၂)
**၂၂:၁၀** ပြည်သူ့နီတိ 'ရှုမိ'

**mitv**

**07:01** News
**07:27** Aseinnaya (Takkatho Lae Lae)
**07:35** Taung Byone Nat Festival (Ep-3)
**07:54** Inn-Waing Waterfall
**08:01** Myanmar Social & Charitable Association (Ep-2) (Jivitadana Hospital)
**08:27** The Beauty In The North Of Myanmar
**08:43** Lacquerware Technology College
**09:01** Lucrative Myanma Rattan Industry
**09:20** Life In Night ........Art In Life (Ep-1)
**09:51** Temple Stalls
**10:01** Myanmar Masterclass: Impressionism
**10:52** Bagan Choral Dance
**11:32** A Glance At A Naga Family Life

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သွားကိုက်ပျောက်စေတဲ့နည်း
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကျွဲချိုအကြောင်း
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သာယာလှပသဲဖြူကျွန်းအလှ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စားချင်စရာဝဥဟင်းအရသာ
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
သင်မယ်၊ ရေးမယ် ဒို့ချင်းစာ (အပိုင်း-၂၇)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဝိတိုရိယတောင် (ခေါ်) ခေါ်နူးစုဝ်
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဓါတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
လှပဆင်ယင်ခမ်းတီးအဆင်
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၂)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** အတွေးအမြင် (အပိုင်း-၃)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ'
**၁၀:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

## မုတ်သုံလေ အားအသင့်အတင့် ရှိမည်

**နေပြည်တော် ဩဂုတ် ၁၆**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိမည်။

**မိုး/ဇလ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၁၆ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၃၉ ခုမှ Spray Gun ၇၈၅ ခု၊ Flow Meter ၂၄၀၊ Nasal Cannula ၃၀၀၊ Oximeter ၆၆၀၀၊ Oxygen Concentrator ၁၁၁၇ခု၊ Oxygen mask ၁၀၃၀၀၊ Oxygen Pipe ၁၃၀၊ Oxygen Tube ၅၀၀၊ Oxygen Concentrator Spare Parts ၁၇၅၀၊ Ultramax Oxygen တစ်ခု၊ Test Kit ၇၈၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ကိုဗစ်-၁၉ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၂၆၄၅၂၄၇၀ kg ၊ Oxygen Storage Tank တစ်ခု၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ)တွင် ကုမ္ပဏီ ၃၄ခုမှ Oxygen Cylinder ၆၇၇၈ခု၊ Oxygen Concentrator ၅၉၄ခု၊ Liquid Oxygen ၁၄၆၂၇ $m^3$၊ Flow Meter ၈၂၅၀၊ PPE ၈၀၀၀၊ Mask ၇၅၃၅၀ kg ၊ Oxygen Filling Compressor နှစ်ခု၊ Oxygen Cylinder Trolley ၁၇၀၊ Oxygen Mask ၁၃၀၀၀၊ Face Shield ၅၀၀၊ Incentive Spirometer ၂၉၉၇ခု၊ Oximeter ၂၈၀၊ Apron ၁၆၈၀၊ Exam Gloves ၁၀၀၀၀ kg ၊ Surgical Gown ၁၈၀၀၀၊ Pai Ome III Pai VE-400 Capsule ၁၁၀၀၀ kg ၊ Sodium Chloride Injection ၃၂၀၀၀ kg တို့ကို ထုတ်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၈ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၄၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၄၈၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၀ | ကျပ် | ၉၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၀ | ကျပ် | ၉၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၀ | ကျပ် | ၁၀၈၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၄ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၄၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၄ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၄ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၂၀၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃ | ၂၇၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၂၅၁၂ | ၈၂၈၉၆၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၈ | ၆၃၂၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၄ | ၂၀၈၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၀၅၀၆ | ၁၃၆၆၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၆ | ၇၉၉၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကောင်းကင်ဘုံ တောင်ဘက်တံခါးပေါက်မှ ဖွံ့ဖြိုးရေးပန်းခင်းများ

ဝ ထ က လ သ (နတလ)

*(ယမန်နေ့မှအဆက်)*

## မြောင်ဇီးအမျိုးသမီးများ

မြောင်ဇီးအမျိုးသမီးများ၏ ခေါင်း တွင် အနက်စအရှည် ဆယ်ကိုက်ကျော် ခန့်အား အထပ်ထပ်ဖြင့် လှပစွာ ခေါင်းပေါင်းပြုလုပ်၍ ဆင်မြန်းထားကြ၏။ ကော်လံအပြားကြီးပါသော အင်္ကျီ လက်ရှည်ဆင်မြန်း၏။ ထိုအင်္ကျီလက်တွင် အဖြူ၊ အနီ၊ အပြာ၊ အဝါ၊ အစိမ်း၊ ခရမ်း၊ လိမ္မော်အစရှိသော အရောင်တန်းများဖြင့် အလှဆင်ထားပြန်၏။ ထို့နောက် အပေါ်တွင် လက်ပြတ်ကုတ်အင်္ကျီကို ဆင်မြန်းသည်။ ရိုးရာစကပ်ကို ဝတ်ဆင်ပြီး စကပ်၏နောက်တွင် အမြတ်တနိုးဖြင့် ပန်းဖွားပါသော အဝတ်ကြိုးရှည်ကို ဆင်မြန်းကြလေသည်။

ရှေ့တွင် ရှေ့ဖုံးအဖြစ် တစ်ထပ်ထပ် ဆင့်၍ ဆင်မြန်းကြသည်။ လက်တွင် ဆင်မြန်းထားသော အရောင်တန်းများ အလိုက် ခါးတွင်လည်း ရောင်စုံကြိုးများကို အလှဆင် ချည်နှောင်ကြသည်။ ခြေပတ်အဖြူကိုလည်း ဆင်မြန်းထားပါသေးသည်။

မြောင်ဇီးလူမျိုး၏ ထူးခြားသည့် ဓလေ့များနှင့်အတူ မျက်နှာတွေ၏ နုပျိုမှုတွေဖြင့် ဖူးပွင့်ဝေဆာနေကြသည်။ ကြည်လင် ရှင်းသန့်နေကြပါသည်။ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း လှတဲ့ တိုင်းရင်းသူ/ တိုင်းရင်းသားများ ဖြစ်ကြပါသည်။

## တိမ်စိုင်တွေကြားမှဖောက်ပြီး

စာရေးသူတို့အဖွဲ့သည် လောက်ကိုင်မှကွမ်းလုံသို့ ဆက်သွယ်သည့် လမ်းကြောင်းနှစ်ကြောင်းအား စစ်ဆေးပြီးချိန်တွင်တော့ ညနေနေဝင် ရီရီအချိန် ဖြစ်နေပေပြီ။ ကောင်းကင်ကြီးက လိမ္မော်ရောင်ရင့်ရင့်မှ အနီဘက်သို့ ကူးလုကူးခင် အလင်းတန်းများက တိမ်စိုင်တွေကြားမှ ဖောက်ပြီး တောင်တန်းတွေ သစ်တောတွေပေါ် ကျရောက်နေကြ၏။

မြန်မာနိုင်ငံ၏ ရှုခင်းတွေကတော့
ဘယ်နေရာရောက်ရောက်၊ ဘယ်
**အချိန်ရောက်ရောက် သူ့အချိန်နဲ့သူ**
**လှပမှုများဖြင့် တန်ဖိုးမဖြတ်နိုင်ပေ။**
လောက်ကိုင်ကို ပြန်ရောက်တော့
ညမှောင်နေပေပြီ။
ရောင်စုံမီးများကြားမှာ လောက်ကိုင်
မြို့ကြီးက လှပလို့နေပေပြီ။

## သမိုင်းရှိသော မြို့တစ်မြို့

လောက်ကိုင်မြို့သည် ၁၈၃၉ ခုနှစ်က စတင်ခဲ့ပြီး ယနေ့တိုင် နှစ်ပေါင်း ၁၈၂ နှစ်ခန့် သမိုင်းရှိသော မြို့တစ်မြို့ ဖြစ်ပါသည်။

မာလီရှုပင်များ ပေါက်ရောက်နေသော ဒေသဖြစ်၍ "မာလီပါး"ဟု စတင်အမည်တွင်ခဲ့ပြီး နောက်နောင်တွင်မှ ဆင့်ကိုင်- လောက်ကိုင်ဟု အမျိုးမျိုး ပြောင်းလဲခေါ်ဆိုခဲ့ကြကြောင်း သိရပါသည်။

"လောက်" မှာ "ဟောင်းနွမ်းသော" ဟု အဓိပ္ပာယ်ရပြီး "ကိုင်" မှာ "ဈေး"ကို ဆိုလိုပါသည်။ ပေါင်းစပ်လိုက်ပါက "ဈေးဟောင်း"ဟု အဓိပ္ပာယ်ရလေသည်။ ကိုးကန့်ဒေသကို ကိုးကန့်စော်ဘွားများ အုပ်ချုပ်ခဲ့စဉ်က "လောက်ကိုင်မြို့"မှာ အိမ်ခြေ ၂၀ ခန့်သာရှိသော "ကျင်ယှီထန်"ဟု အမည်ရသည့် "ကိုးကန့်ရွာငယ်လေး"ဟု ဆို၏။ ကိုးကန့်စော်ဘွား "ယန်ကျင့်ဆွင်" မှ လောက်ကိုင်တွင် ငါးရက်တစ်ပတ် ဈေးနေ့ သတ်မှတ်ပေးခဲ့သဖြင့် စည်ကားမှု စတင်ဖြစ်ပေါ်ခဲ့သည်ဟု မှတ်တမ်းများက ဆိုခဲ့ကြပါသည်။

အနီ "ဈေးဟောင်း"မှ စတင်ခဲ့သော "လောက်ကိုင်"သည် ယနေ့အချိန်တွင် အဆောက်အအုံများ၊ ကတ္တရာလမ်းမကြီးများ၊ စက်ရုံ အလုပ်ရုံများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ ဟိုတယ်၊ မိုတယ်များ၊ အပန်းဖြေနေရာများ၊ ဘဏ်များ၊ အရောင်းဆိုင်များ၊ ဈေးများဖြင့် ခေတ်မီဒေသတစ်ခုအဖြစ် တိုးတက်ဖွံ့ဖြိုးခဲ့ပေပြီ။

ဤသို့သော ဖွံ့ဖြိုးတိုးတက်မှုများသည် **"ငြိမ်းချမ်းရေးမျက်နှာစာ"** များက စတင်သန္ဓေတည်ခဲ့ခြင်း ဖြစ်ပါသည်။

**ဖွံ့ဖြိုးမှုပန်းခင်း၏ မြစ်ဖျားသည် ငြိမ်းချမ်းခြင်း မြေဆီ မြေနှစ် စီးဆင်းမှုမှ အခြေခံခဲ့သည်မှာ ငြင်း၍မရနိုင်သော အမှန်တရားဖြစ်ပါသည်။**


ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်၏ တည်နေရာပြမြေပုံ

ဤမည်သော ကိုးကန့်ဒေသသည် ဗကပလက်အောက်သို့ အစောဆုံး ကျရောက်ခဲ့ရသောဒေသ ဖြစ်သကဲ့သို့ ဗကပကို အစောဆုံး ပြန်လည်တွန်းလှန်တိုက်ထုတ်ခဲ့သော ဒေသလည်း ဖြစ်ပါသည်။ စင်စစ် ကိုးကန့်အဖွဲ့သည် ၁၉၈၂ ခုနှစ်ခန့်မှစ၍ ဗကပအောက်မှ ခွဲထွက်ရန် တင်ကူးကြံရွယ်ချက် ရှိခဲ့ပြီးဖြစ်သည်။ ဗကပတို့သည် တိုက်ပွဲကြီးများ ဆင်နွှဲတိုင်း ကိုးကန့်၊ "ဝ"တိုင်းရင်းသားများကို ရှေ့တန်းမှတင်၍ အသေခံ တိုက်ခိုင်းခဲ့ကြသည်။ ပွိုင့်- ၆၀၄၁ တောင်ကုန်းတိုက်ပွဲကြီးမှအစပြု၍ ကိုးကန့်တိုင်းရင်းသားတို့ အသက်ပေါင်းများစွာ စတေးခံခဲ့ကြရသည်။

## စီစီဝမ်- တာပန်တိုက်ပွဲ

၁၉၈၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော စီစီဝမ်- တာပန်တိုက်ပွဲသည် ဗကပတို့ဦးကျိုးခဲ့သော တိုက်ပွဲဖြစ်သည်။ မရှုမလှ ရှုံးနိမ့်ခဲ့ရပြီး စိတ်ဓာတ်အင်အား၊ လူအင်အားများစွာ ချည့်နဲ့ ယိမ်းယိုင်သွားစေခဲ့သည်။ ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင်များအနေဖြင့်လည်း ဗကပနှင့် ဆက်လက်၍ လက်တွဲနေလျှင် မိမိတိုင်းရင်းသားများ ယခုထက် ပိုမိုနစ်နာဆုံးရှုံးပြီး အကျိုးမဲ့မည်ကို သုံးသပ်လာခဲ့ကြသည်။

ကိုးကန့်အဖွဲ့သည် ငြိမ်းချမ်းရေး အကျိုးဆောင်များ၏ ဆက်သွယ်ပေးမှုကြောင့် ၁၉၈၇ ခုနှစ်မှ စတင်ပြီး တပ်မတော်က တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထိုသို့ ဆွေးနွေးပြီးနောက် ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များသည် မိမိတို့ အောက်ခြေတပ်ဖွဲ့များ၏ သဘောတူညီချက်ဖြင့် (၁၂- ၃- ၈၉)ရက်နေ့တွင် ဗကပမှခွဲထွက်ကြောင်း ကြေညာခဲ့ပါသည်။ နိုင်ငံတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲပြီး လက်နက်နှင့် ငြိမ်းချမ်းရေးရယူခဲ့သည်။ အမှောင်မှအလင်းသို့ ကူးပြောင်းခဲ့ပေပြီ။

နိုင်ငံတော်က သံလွင်မြစ်အရှေ့ခြမ်း လောက်ကိုင်ဒေသကို ကိုးကန့်အထူးဒေသ(၁)ကိုးကန့်ဒေသအဖြစ် သတ်မှတ်ပေးခဲ့ပြီး ပံ့ပိုးကူညီမှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အမြန်ဝင်ရောက်ဆောင်ရွက်ပေးခဲ့ပါသည်။

ရာနှုန်းပြည့် ငြိမ်းချမ်းရေးရရှိသည့် အခြေအနေမှာ ဆောင်ရွက်ခဲ့ခြင်း မဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခများကြားမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ဒေသအတွင်း ပြဿနာများ ရှိခဲ့ပါသည်။ သို့သော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ "ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့" ကို ၃၀-၃- ၂၀၁၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ဒေသ၏ အုပ်ချုပ်ရေး၊ လူမှုရေးနှင့် စီးပွားရေး၊ တရားဥပဒေ စိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပေပြီ။

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် မူဝါဒ ၄ ရပ်၊ ရည်မှန်းချက် ၇ ရပ် ချမှတ်၍ တိုင်းဒေသကြီးနှစ်ခု၊ ပြည်နယ်ခုနစ်ခု၊ ပြည်နယ်ခွဲနှစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသ ခြောက်ခုတို့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည်လည်း အပါအဝင်ဖြစ်ပါသည်။

## ဖွံ့ဖြိုးရေးလုပ်ငန်းများ

နယ်စပ်ရေးရာဝန်ကြီးဌာနမှာ ယနေ့အထိ ကိုးကန့်ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအား ငြိမ်းချမ်းရေးယူချိန်မှ စတင်၍ ၂၀၁၀- ၂၀၁၁ ဘဏ္ဍာနှစ်အထိ **လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးကောင်းမွန်စေရေးအတွက်** မြေလမ်း ၄၆၄ မိုင် ၁ ဖာလုံ၊ ဖြုန်းလမ်း ၂ မိုင်၊ ကျောက်လမ်း ၃၆၆ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်း ၁၁၈ မိုင် ၇ ဒသမ ၁၇၄ ဖာလုံ၊ ကတ္တရာ ထပ်ပိုးလွှာလမ်း ၄ မိုင် ၅ ဖာလုံ၊ လမ်းပြင်/ထိန်းလုပ်ငန်း ၅၄၀ မိုင် ၂ ဒသမ ၁၅ ဖာလုံတို့ကိုလည်းကောင်း၊ ကွန်ကရစ်တံတား(ကြီး/ငယ်) ၁၂၆ စင်း၊ Box Culvert ၁၁၃ စင်း၊ ရေပြွန် ၇၁ စင်း တို့ကိုလည်းကောင်း၊ **ရေရရှိရေးလုပ်ငန်းအတွက်** ရေရရှိရေးလုပ်ငန်း ၂၅ ခုကိုလည်းကောင်း၊ **စွမ်းအင်လုပ်ငန်းအတွက်** မီးသွယ်တန်းခြင်း လုပ်ငန်းသုံးခု၊ လျှပ်စစ်မီးရရှိရေးငါးခုနှင့် ရေအားလျှပ်စစ်လုပ်ငန်းနှစ်ခုတို့ကို လည်းကောင်း၊ **သာသနာရေး၊ ပညာရေးနှင့် အိမ်ရာလုပ်ငန်းများအတွက်** ဘုန်းကြီးကျောင်း ၁၃ ကျောင်း၊ အခြားသာသနိကအဆောက်အအုံသုံးခုနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှစ်ခု၊ အခြေခံပညာကျောင်း ၄၆ ကျောင်းနှင့် မြို့တည်ဆောက်ရေးလုပ်ငန်းခုနစ်ခု၊ တန်ဖိုးနည်းအိမ်ရာ ၁၂၇ လုံး၊ ဝန်ထမ်းအိမ်ရာ (လုံးချင်း)လုပ်ငန်းတစ်ခု၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာခြောက်လုံးတို့ကို လည်းကောင်း၊ **ကျန်းမာရေးလုပ်ငန်းအတွက်** ဆေးပေးခန်းခုနစ်ခန်း၊ ဆေးရုံခြောက်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနလေးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုတို့ကိုလည်းကောင်း။

*စာမျက်နှာ ၂၁ သို့*

✣ "လောက်" မှာ "ဟောင်းနွမ်းသော" ဟု အဓိပ္ပာယ်ရပြီး "ကိုင်" မှာ "ဈေး"ကို ဆိုလိုပါသည်။ ပေါင်းစပ်လိုက်ပါက "ဈေးဟောင်း"ဟု အဓိပ္ပာယ်ရလေသည်။ ကိုးကန့်ဒေသကို ကိုးကန့်စော်ဘွားများ အုပ်ချုပ်ခဲ့စဉ်က "လောက်ကိုင်မြို့" မှာ အိမ်ခြေ ၂၀ ခန့်သာရှိသော "ကျင်ယှီထန်"ဟု အမည်ရသည့် "ကိုးကန့်ရွာငယ်လေး"ဟု ဆို

# "ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး" ခေါင်းစဉ်နှင့် " ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ " ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၁၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ ပိုမိုပူးပေါင်းလာစေရန်အတွက်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပြည်သူများအသိပညာပေး လုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်စေရေးနှင့် စနစ်တကျ မှတ်တမ်းတင်နိုင်ရေး အတွက်လည်းကောင်း **"ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်နှင့် **"ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဝါသနာရှင်အဆင့်ပြိုင်ပွဲနှင့် ပညာရှင်အဆင့်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား နှစ်မျိုး ကျင်းပမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်ပြိုင်ပွဲကို **"ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံပညာကို ဝါသနာအရ ရိုက်ကူးနေကြသူများ၊ ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိသူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပညာရှင်အဆင့် ပြိုင်ပွဲကို **"ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲသို့ ကိုဗစ်-၁၉ ရောဂါ ဆိုးကျိုးများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေမှုများ၊ အသိပညာပေးဆောင်ရွက်နေမှုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ပါဝင်ကူညီ ဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများ စသည့်အကြောင်းအရာများဖြင့် ဖော်ညွှန်းရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသည့် ဓာတ်ပုံများ၊ ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျောတွင် သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၀-၉-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ ( ရန်ကုန် ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ ) သို့ ဆက်သွယ်ပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဟားခါးမြို့၌ တစ်ရက်လျှင် အောက်ဆီဂျင်အိုးအလုံး ၂၀၀ ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက်ရုံတည်ဆောက်

**ဟားခါး ဩဂုတ် ၁၆**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ ပြည်နယ်ဝန်ကြီးများနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူးဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်တို့သည် ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ပြည်သူ့ဆေးရုံဝင်း အတွင်း၌ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၂၀၀ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား အောက်ဆီဂျင်စက်ရုံတာဝန်ယူ တည်ဆောက်သည့် ကုမ္ပဏီ၏ ပစ္စည်းများ စုဆောင်းထားရှိမှု၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းပြသပြီး ပြည်နယ်ဝန်ကြီးချုပ်က အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးရေး မှာကြားကာ လုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟားခါးမြို့ ပြည်သူ့ဆေးရုံ အတွက် တပ်မတော်မှ လှူဒါန်းသည့် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၄ လုံး ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်ရုံ စမ်းသပ်လည်ပတ်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပုဂ္ဂလိကနှင့် ပရဟိတအသင်းအဖွဲ့များ၏ အောက်ဆီဂျင်လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

ယခု ဆောက်လုပ်သည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးပါက တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၂၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ရာ ဟားခါးမြို့၏ အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် ဖလမ်းမြို့နှင့် ထန်တလန်မြို့တို့မှ အောက်ဆီဂျင်များ လာရောက်ဖြည့်တင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မတူပီမြို့၌လည်း တစ်ရက်လျှင်လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၂၀၀ ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက်ရုံကို ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင် စက်ရုံတည်ဆောက်မည့်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။



## ကံမမြို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန်အတွက် ပန္နက်တင်

**ကံမ ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး ကံမမြို့ အမှတ်(၂) ရပ်ကွက် ဘောလုံးကွင်းပတ်လမ်းအနီး မြေကွက်လပ်၌ အောက်ဆီဂျင်စက်ရုံ အဆောက်အအုံ တည်ဆောက်ရန်အတွက် ပန္နက်တင်ခြင်းကို ဩဂုတ် ၁၄ ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

ရေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒနှင့် ဆရာတော် သံဃာတော်များက မြေသန့်မင်္ဂလာပြုလုပ်ပြီးနောက် အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်ပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုထွန်းနှင့်အဖွဲ့ဝင်များက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ကံမမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများအတွက် အောက်ဆီဂျင်လုံလောက်စွာရရှိစေရန် ရည်ရွယ်၍ အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းပြီး အလှူရှင်များ၏ လှူဒါန်းထည့်ဝင်ငွေများဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း၊ အဆောက်အအုံအကျယ်အဝန်းမှာ အလျားပေ ၃၀ နှင့် အနံ ၂၄ ပေဖြစ်ပြီး စက်ရုံလည်ပတ်ပါက တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၈၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေး ကော်မတီထံမှ သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**

*စာမျက်နှာ ၂၀ မှ*

**အကောင်အထည်ဖော်ဆောင်ရွက်**

**စိုက်ပျိုးရေး လုပ်ငန်းအတွက်**

စိုက်ပျိုးမြေဖော်ထုတ်ခြင်း ဧက၂၀၀ နှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ငါးခုတို့ကို လည်းကောင်း၊ **ပြည်သူ့ဆက်ဆံရေးနှင့် မွေးမြူရေးလုပ်ငန်းအတွက်** ရုပ်သံထပ်ဆင့်လွှင့် စက်ရုံကိုးရုံ၊ စာတိုက်လေးခု၊ ကြေးနန်းလုပ်ငန်းသုံးခု၊ တယ်လီဖုန်းလုပ်ငန်း ၁၂ ခု စာကြည့်တိုက်နှစ်ခုနှင့် မွေးမြူရေးခြံနှစ်ခြံတို့ကိုလည်းကောင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သန်းပေါင်း ၂၀၅၇၃ ဒသမ ၅၁၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။

**ခံစားချက်ချင်း မတူညီကြ**

သဘာဝတရားကြီးက ပျော်ရွှင်ခြင်း အလင်္ကာများ တသီတတန်း ပေးအပ်ထားသော်လည်း လောက၌ ဆန့်ကျင်ဘက်တို့ ဒွန်တွဲလျက် တည်ရှိနေကြဆဲဖြစ်၏။ အနိမ့် အမြင့်၊ အတက် အဆင်း၊ အလင်းအမှောင်၊ အပူ အအေး၊ အဖြူ အမည်း၊ ပန်းပွင့်နှင့် မုန်တိုင်း၊ အနိုင် အရှုံး၊ ကိုးကွယ်ယုံကြည်မှုနှင့် သိပ္ပံပညာ၊ ငြိမ်းချမ်းခြင်း မငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးခြင်း မဖွံ့ဖြိုးခြင်း၊ ဒုက္ခနှင့် သုခ စသည် တို့သည် တစ်ခုနှင့် တစ်ခု ခံစားချက်ချင်း မတူညီကြသလို အဓိပ္ပာယ်ချင်းလည်း ခြားနားနေကြသည်။

အမှန်တွေကို မမြင်နိုင်အောင် တားဆီးနေသည့် အရာတွေကနေရာတိုင်းမှာ ရှိနေကြပါသည်။

**ပြောင်းလဲ တည်ဆောက်နိုင်မည်**

မတူတာတွေကို တူအောင်ညှိနှိုင်းကြပြီး ခြားနားမှုတွေကို ပေါင်းစည်းအောင် လုပ်နိုင်ကြလျှင်ဖြင့် စစ်မှန်တဲ့ ချမ်းမြေ့ပျော်ရွှင်တဲ့ လောကကြီးကို ပြောင်းလဲ တည်ဆောက်နိုင်မည်ဟု ယုံကြည်မိပါသည်။

ငြိမ်းချမ်းခြင်းနှင့် ဖွံ့ဖြိုးခြင်းသည် တိုက်ရိုက် အချိုးကျ၏။ ဒေသများ ငြိမ်းချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ခြင်းများ ရှင်သန်လာမည် ဖြစ်ပါ၏။ ကိုးကန့်ဒေသကား ငြိမ်းချမ်းရေးပန်းခင်းကြီးမှသည် ဖွံ့ဖြိုးရေးပန်းခင်းကြီးအဖြစ် ဆင့်ကဲဖြစ်စဉ်များကို ဖြတ်သန်းလျက် အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပေပြီ...။ ။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေလှူဒါန်း

နေပြည်တော် ဩဂုတ် ၁၆

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေး အသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။



**အောက်ဆီဂျင်အိုးများ လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်- ၁၀၀၀) သို့ အောက်ဆီဂျင်အိုး ၂၀ ကို လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ တက္ကသိုလ်(၁၀)မြို့နယ် ကိုဗစ်စင်တာသို့ PPE ဝတ်စုံ ၅၀၊ Mask ၁၀ ဖာ၊ Surgical Gloves ၅၀၊ အောက်ဆီဂျင်အိုး ငါးလုံးနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့ ကံပေါက်တပ်မတော်ဆေးရုံများသို့ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ်အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ သံမဏိစက်ရုံရှိ အောက်ဆီဂျင်စက်ရုံမှ ထွက်ရှိသော အောက်ဆီဂျင်အိုးများအနက် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ အိုး ၈၀၊ ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံသို့ အိုး ၆၀၊ ပြင်ဦးလွင် အခမဲ့နာရေးကူညီမှုအသင်းသို့ ၁၀ လုံး၊ ပုလဲပရဟိတအသင်းသို့ ၁၀ လုံး၊ မန္တလေးတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့သို့ အိုး ၅၀၊ ဖြဟ္မစို လူမှုကူညီရေး အသင်းသို့ ငါးလုံး၊ ရေဦးပြည်သူ့ဆေးရုံသို့ ၁၀ လုံး၊ ဝမ်းတွင်းပြည်သူ့ဆေးရုံသို့ ၁၅ လုံး၊ နောင်ချိုပြည်သူ့ဆေးရုံသို့ ၁၀ လုံးနှင့် ကျောက်ပန်းတောင်းမြို့ သုဂတိရှင် နာရေးကူညီမှုအသင်း အောက်ဆီဂျင်စက်ရုံမှ ထွက်ရှိသော အောက်ဆီဂျင်အိုး ၂၀ ကို ကျောက်ပန်းတောင်းမြို့ ပြည်သူ့ဆေးရုံသို့လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဈေးကုန်းဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ ပျဉ်းမနားမြို့ပိုင် အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင် ထုတ်လုပ်နေမှုများကို လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ တက္ကသိုလ်(၁၀)မြို့နယ် ကိုဗစ်ကုသရေးစင်တာရှိ ဘားအံဆောင်၌ ကိုဗစ်-၁၉ လူနာများကို လွယ်ကူလျင်မြန်စွာ ကျန်းမာရေးစစ်ဆေး နိုင်ရန်အတွက် ရွှေ့လျားကွန်ပျူတာသုံး ဓာတ်မှန်ရိုက်စက် တပ်ဆင်အသုံးပြုမှုကို လည်းကောင်း၊(ဝဲပုံ) ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံတွင် တပ်မတော်မှ လှူဒါန်းသည့် Oxygen Plant စက်မှ အောက်ဆီဂျင် ထုတ်လုပ် ဖြန့်ဖြူးနေမှုနှင့် ချင်းပြည်နယ် အရေးပေါ် ရန်ပုံငွေမှ ဝယ်ယူသည့် Oxygen Plant ထားရှိမည့်နေရာ အဆောက်အဦဆောက်လုပ်မှုကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ခရိုင်ပြည်သူ့ဆေးရုံ၌ Oxygen Plant စက်ရုံအဆောက်အဦ တည်ဆောက်ပြီးစီးမှုနှင့် ဆက်စပ်ပစ္စည်းများ စတင်တပ်ဆင်မှုကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ တပ်မတော်ဆေးရုံတွင် Oxygen Plant စက်ရုံမှ အောက်ဆီဂျင် ထုတ်လုပ်နေမှုများနှင့် ထပ်မံတည်ဆောက်မည့်နေရာ၌ စက်ပစ္စည်းများ သယ်ဆောင်နေမှုများကို လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများနှင့် တိုင်းမှူးများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက် ထိုးနှံ

နေပြည်တော် ဩဂုတ် ၁၆

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် (၆၅)နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၂၅၃၈ ဦးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၃၁၉၄ ဦးတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၃၃၄၆ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းများမှ သံဃာတော် ၂၁၈ ပါး အပါအဝင် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု တို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၁၀၇၉၆ဦးတို့ကို လည်းကောင်း၊ ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၂၅၆၈ဦးတို့ကို လည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ကလေးငယ် ၁၆၂၆၀ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်

နေပြည်တော် ဩဂုတ် ၁၆

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၈၀၆၈၄ ဦးနှင့် အတွင်းလူနာပေါင်း ၈၂၃၄၉ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစားခွဲစိတ်ကုသလိုအပ်သူ၁၃၀၃၄ဦး၊ အသေးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၇၀၅၆ ဦး၊ စုစုပေါင်း ၂၀၀၉၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင်ကလေးမီးဖွားလူနာ ၆၈၂၃ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၄၃၇ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၆၂၆၀ ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

# ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ စားသောက် ကုန်ပစ္စည်းများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ လှူဒါန်း




နေပြည်တော် ဩဂုတ် ၁၆

စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျန်းမာရေးဦးစီးဌာနဆေးရုံနှင့် ကိုဗစ်စင်တာများ၌ တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ မြိတ်မြို့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ထားဝယ်မြို့နယ် သပြေချောင်းကျေးရွာရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ အိမ်ထောင်စု အစု ၂၀၀တို့အတွက် ဆန်၊ အလှူငွေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များက အသီးသီးသွားရောက် ထောက်ပံ့လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့် နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါအထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၂၂၇ ဦးနှင့် အမျိုးသမီး ၁၅၉ ဦး စုစုပေါင်း ၃၈၆ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခွဲခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ငါးဦး၊ စုစုပေါင်း ၂၀ တို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခွဲခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၆၄ ဦးနှင့် အမျိုးသမီး ၁၄၆ ဦး စုစုပေါင်း ၃၁၀ ကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခွဲခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၅၃ဦးနှင့် အမျိုးသမီး ၃၁ ဦး၊ စုစုပေါင်း ၈၄ ဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

ထို့ပြင် အင်းစိန်မြို့နယ် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီးရှိ ကိုဗစ်-၁၉ ကုသရေးစင်တာ၌ ကိုဗစ်-၁၉ ရောဂါအတည်ပြုသံဃာတော် ၂၃ ပါးနှင့် မရမ်းကုန်းမြို့နယ်ရှိ နယ်မြေခံတပ်၌ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာ ၆၁ ဦးတို့ကို ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက ရောဂါ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ စောင့်ကြည့်လူနာများနှင့် ခွဲခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေး စခန်း၌ Oxygen Plant တည်ဆောက်ပြီးစီးမှုတို့ကို ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက ယနေ့တွင် သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# နွားရူးဆူးတိုး နိုင်ငံရေးအချောင်သမား

မောင်သောမန

**ကမ္ဘာကျော် သည်အီကော်နောမစ် မဂ္ဂဇင်းကြီး၏ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ထုတ် နိုင်ငံရေးသုတေသီဆောင်းပါးရှင် Jame Suiter ရေးသားသည့် Post-truth Politics ဆောင်းပါးတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ရွေးကောက်ပွဲ မဲဆွယ်စဉ်က လူထုကြား၌ "ဟာခနဲ ဟင်ခနဲ" ဖြစ်သွားစေသည့် စကားလုံးများကို ပစ်သွင်းခဲ့သည်။ ဥပမာ - အိုဘားမား၏ မွေးစာရင်းမှာ အတုကြီး၊ အိုဘားမားသည် IS အကြမ်းဖက်အဖွဲ့ကို မွေးဖွားပေးခဲ့သူ၊ အမေရိကန် ဒုက္ခရောက်နေသည်မှာ ယခင်သမ္မတများ၏ လုပ်ရပ်ကြောင့်ဟူသော သမ္မတလောင်းထရမ့်၏ ဟာခနဲ၊ ဟင်ခနဲ ပြောလုံးများသည် မဲဆန္ဒရှင်ပြည်သူများအတွက် သို့လော သို့လောနှင့် စိတ်ဝင်စားစရာဖြစ်အောင် လှည့်ဖြားနိုင်ခဲ့သည်။**

ထရမ့်၏ ပြောစကားများကို မဲဆန္ဒရှင်ပြည်သူများ ဝေဖန်သုံးသပ်ဆန်းစစ်နိုင်သည့် အခြေအနေမရှိပေ။ မှန်သည်၊ မှားသည်ဆိုသည်ထက် ရွေးကောက်ပွဲကို စိတ်ဝင်စားနေသည့် မဲဆန္ဒရှင်ပြည်သူများအဖို့ ထရမ့်၏အပြောတွင် နစ်မျောသွားသည်မှာ သေချာသည်။ နိုင်ငံရေးသမား၊ နိုင်ငံရေးခေါင်းဆောင်များ၏ အလိမ်အညာလှည့်စားမှုများကို ဟုတ်ယောင်ရှိ၊ မှန်၏ စွဲထင်သွားကြသည်။ ပြည်သူများ ယုံသည်၊ မယုံသည် ဆိုခြင်းထက် တစ်ဖက်သားကို ပုံဖျက်ဖို့သည် အဓိကဖြစ်သည်။ အမေရိကန်ပြည်ထောင်စုရှိ လက်ရှိအခြေအနေကို စိတ်အချဉ်ပေါက်နေသော အောက်ခြေလူဖြူလူတန်းစားတို့မှာ "မထူးတော့တဲ့ အတူတူ၊ ဖြစ်ချင်ရာဖြစ် ထရမ့်လိုက်ကြတာပေ့ါ" ဆို၍ ဆုံးဖြတ်ကြကာ မဲပေးခဲ့ကြသည်ဟု အနောက်တိုင်းပညာရှင်တစ်ဦးက သူ၏အမြင်ကို မှတ်ချက်ပြုဖူးသည်။

> " ပါတီခေါင်းဆောင်၏ အာဏာမရမီ မဲဆွယ်စဉ်ကာလက ကတိကဝတ်များသည် အာဏာရပြီး လုပ်ဆောင်ချက်များ၊ အပြောများမှာ ရှေ့နောက် မညီခဲ့ပေ။ တပ်မတော်၊ အတိုက်အခံပါတီနှင့် ပါတီငယ်များ၊ တိုင်းရင်းသားပါတီများအပေါ် မထီမဲ့မြင်လုပ်ရပ်များသည် ပါတီနှင့်ခေါင်းဆောင် ကျဆုံးခြင်း၏ ရှေ့ပြေးလက္ခဏာများ ဖြစ်သည် "

### အတင်းအဖျင်းများ

ဖေ့စ်ဘွတ်ကဲ့သို့သော ဆိုရှယ်မီဒီယာသည် မုသားလွှမ်းမိုးဖြန့်ချိရာ Post-truth နိုင်ငံရေးအတွက် ပင်မကြားခံယန္တရားကြီးဖြစ်ခဲ့သည်။ ထရမ့်ကဲ့သို့သော နိုင်ငံရေးသမားများ၏ လက်ခုပ်ချူသံ လှည့်ဖြားစကားများကို ထောက်ခံဖြန့်ချိပေးရာ၊ လော်ဘီလုပ်ပေးရာ ယန္တရားကြီးဖြစ်သွားတော့သည်၊ အလိမ်အညာလှည့်ဖြားစကား၊ ကောလာဟလများနှင့် အတင်းအဖျင်းများကို စနစ်တကျရေးသားဖြန့်ချိကြသည်။ လော်ဘီအချင်းချင်းစကားများကို ယုံကြည်ကြသည်ဟု ဆောင်းပါးတွင် ဖော်ပြထားသည်။

၂၀၁၆ ခုနှစ်က အမေရိကန်နိုင်ငံရေးလောကမှ အများပြည်သူကို လှည့်ဖြားသည့် နိုင်ငံရေးစကားများ၊ ပုံဖျက်လှည့်စားပြောဆိုမှုများကို နိုင်ငံရေးလေ့လာသုံးသပ်သူများက ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဖော်ရေးသားခဲ့သည်။ သို့သော် တွေးခေါ်မြော်မြင် ဆင်ခြင်တုံတရားတို့ဖြင့် တစ်နေ့တွင် အဖြေမှန်သိကြရသည်။ နိုင်ငံရေးသမားသည် ရွေးကောက်ပွဲမဲဆွယ်စဉ်က အလိမ်အညာလှည့်စားမှုများနှင့် အနိုင်ရသော်ငြားလည်း လေးနှစ်သက်တမ်းနှင့် နိဂုံးတံခဲ့လေသည်။

ရှုပ်ထွေးပွေလီသော နိုင်ငံရေးလောက၊ အလိမ်အညာလောကတွင် ပြည်သူများအား လှည့်စားနိုင်မှုမှာ အတိုင်းအတာတစ်ခုသာဖြစ်သည်။ သဘာဝတရားအရ မည်သည့်အခြေအနေမဆို ရေရှည်တည်မြဲအောင် လုပ်ဆောင်နိုင်စွမ်းမရှိပေ။ အမေရိကန်နိုင်ငံ၏ ၁၆ ဦးမြောက်သမ္မတ အေဘရာဟမ်လင်ကွန်း (၁၈၀၉ - ၁၈၆၅) က "ခင်ဗျားဟာ လူတချို့ကိုတော့ တစ်ချိန်လုံး အရူးလုပ်နိုင်ကောင်း လုပ်နိုင်ပါလိမ့်မယ်။ ခင်ဗျားဟာ လူအားလုံးကို အချိန်ကာလ အပိုင်းအခြားတစ်ခုတော့ အရူးလုပ်ကောင်းလုပ်နိုင်ပေလိမ့်မယ်။ ဒါပေမယ့် (ခင်ဗျားသိထားဖို့က) လူအားလုံးကို အမြဲတမ်း အရူးလုပ်မထားနိုင်ဘူးဆိုတာပဲ"ဟု ပြောကြားခဲ့သည်။

### မနိုင်မီက ထိုစကား

မြန်မာ့နိုင်ငံရေးလောကတွင်လည်း အလိမ်အညာ လှည့်ပတ်စကားများဖြင့် ပြည်သူများကို အရူးလုပ်လှည့်ဖြားကာ အာဏာရရှိရေး ကြိုးပမ်းခဲ့ကြသည်များရှိသည်။ NLD ပါတီ အနိုင်မရမီ ၂၀၁၄ ခုနှစ် မတ်လ ၂၆ ရက်နေ့က နေပြည်တော် ဇမ္ဗူသီရိခန်းမဆောင်၌ မီဒီယာများနှင့်တွေ့ဆုံစဉ် ပါတီခေါင်းဆောင်က ရွေးကောက်ပွဲနှင့် ပတ်သက်၍ "ကျွန်မတို့ဟာ နိုင်ပုံနိုင်နည်းက အရေးကြီးပါတယ်။ ကျွန်မအမြဲပြောပါတယ်၊ နိုင်ရုံနဲ့မပြီးဘူး၊ နိုင်ပုံနိုင်နည်းက အရေးကြီးပါတယ်။ မဟုတ်မမှန်တဲ့နည်းနဲ့ နိုင်တာထက် ရှုံးတာက ပိုကောင်းတယ်လို့ ကျွန်မပြောလိုပါတယ်"ဟု ဆိုခဲ့သည်။

ထိုနှစ် မေလ ၁၇ ရက် ဗဟန်းမြို့နယ်ဗိုလ်စိန်မှန်ကွင်း ဟောပြောပွဲ၌ "တခြားနည်းတွေနဲ့ ဥပမာအားဖြင့်တော့ မမျှတတဲ့ ရွေးကောက်ပွဲဥပဒေနဲ့ပဲဖြစ်ဖြစ်၊ မမျှတတဲ့ နည်းတွေနဲ့ပဲဖြစ်ဖြစ် ၂၀၁၅ ရွေးကောက်ပွဲကို နိုင်မယ့်အစား မနိုင်တာကမှ ပိုပြီးတော့ သိက္ခာရှိတယ်လို့ ပြောချင်ပါတယ်" ဟုလည်းကောင်း၊ "ရွေးကောက်ပွဲမှာ ရှုံးတဲ့လူတွေ နောက်ရွေးကောက်ပွဲမှာ နိုင်ကြတာပဲ။ ဒီလိုပဲ ရှုံးလိုက်နိုင်လိုက် တက်လိုက်ကျလိုက်။ ဒါတွေက အဓိကမဟုတ်ပါဘူး။ ရှုံးပုံ နိုင်ပုံသာ အဓိကကျတာပါ။ သိက္ခာရှိရမယ်။ မှန်ကန်ရမယ်။ ကိုယ်နိုင်ပုံနိုင်နည်းက မှန်မှန်ကန်ကန်နဲ့ သိက္ခာရှိရမယ်။ တချို့ကျတော့ နိုင်တဲ့နေရာမှာကျတော့ သိပ်နိုင်တတ်တာပဲ။ ရှုံးကျတော့ မရှုံးတတ်ဘူး၊ အရှုံးမခံတတ်ဘူး" ဟု ထိုပါတီခေါင်းဆောင်ကပင် ပြောခဲ့ဖူးသည်။

### နိုင်ပြီးနောက်ဝေဝါး

ယင်းစကားများသည် ၂၀၁၅ ရွေးကောက်ပွဲ မတိုင်ခင်ကာလက အတိုက်အခံပါတီကြီး၏ ပါတီခေါင်းဆောင်ပြောကြားခဲ့သည့် ပြည်သူနှစ်ခြိုက်သော စကားလုံးများ ဖြစ်သည်။ ထိုထက်မက ပြည်သူကို ဆွဲဆောင်ခဲ့သော စကားလုံးများ များစွာရှိသည်။ ထိုစဉ်ကာလက အပြောင်းအလဲကို လိုလားနေကြသော ပြည်သူများအား "ပြောင်းလဲချိန်တန်ပြီ" ကြွေးကြော်သံဖြင့် စည်းရုံးလှုံ့ဆော်ခဲ့ရာ ၂၀၁၅ ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြို အနိုင်ရခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် နိုင်ငံ့အာဏာရရှိပြီးနောက် ပါတီခေါင်းဆောင်သည် နိုင်ငံတော်တာဝန်များနှင့် တစ်မျိုး၊ ပါတီခေါင်းဆောင်အနေဖြင့်တစ်ဖုံ ၂၀၂၀ ရွေးကောက်ပွဲမရောက်မီ ပုံစံမျိုးစုံဖြင့် အမျိုးမျိုး အဖုံဖုံ မထပ်ရအောင် ပြည်သူကို စည်းရုံးပြီး နိုင်ငံရေးအသာစီးယူခဲ့သည်။

နိုင်ငံ့ခေါင်းဆောင်အဖြစ်နှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် အခွင့်အာဏာသုံးခြင်း၊ လွှမ်းမိုးခြင်းများပြုလုပ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်ရောဂါဖြစ်ပွားလာသောအခါ ကိုဗစ်နှင့်ပတ်သက်ပြီး ပြည်သူသို့ အစီရင်ခံတင်ပြ၍ စည်းရုံးမှုများပြုလုပ်ခဲ့သည်။ အခြေခံပြည်သူများအား နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ထောက်ပံ့ကြေးအကြိမ်ကြိမ်ပေးခဲ့ရာ နိုင်ငံတော်က ပေးတာလား၊ ပါတီက ပေးတာလား ဝေဝါးစေခဲ့သည်။

### ရှုံးလို့လုံးဝမဖြစ်ဘူး

**ပါတီခေါင်းဆောင်၏ အာဏာမရမီ မဲဆွယ်စဉ်ကာလက ကတိကဝတ်များသည် အာဏာရပြီး လုပ်ဆောင်ချက်များ၊ အပြောများမှာ ရှေ့နောက် မညီခဲ့ပေ။ တပ်မတော်၊ အတိုက်အခံပါတီနှင့် ပါတီငယ်များ၊ တိုင်းရင်းသားပါတီများအပေါ် မထီမဲ့မြင်လုပ်ရပ်များသည် ပါတီနှင့်ခေါင်းဆောင် ကျဆုံးခြင်း၏ ရှေ့ပြေးလက္ခဏာများ ဖြစ်သည်။**

မည်သို့ပင်ဖြစ်စေ အပြောင်းအလဲကို လိုလားကြသော ပြည်သူများသည် အနိုင်ရပါတီကို ထောက်ခံခဲ့ကြသည်။

"ပြောင်းလဲချိန်တန်ပြီ"ဟု ဆိုသော်လည်း မပြောင်းလဲသောအခါ "ပြည်သူနှင့်အတူ" ဟု ဆိုပြန်သည်။ သို့သော် အာဏာရသက်တမ်း ကုန်ဆုံးသော်လည်း နိုင်ငံနှင့်ပြည်သူအတွက် မည်မည်ရရဘာမျှဖြစ်မလာခဲ့ပေ။ ပြည်သူ့ဘဏ္ဍာငွေဖြင့် နိုင်ငံခြားသားအကြံပေး တစ်ရာနီးပါးခန့်ထားပြီး နိုင်ငံကိုစီမံခဲ့သော်လည်း အခွန်တိုးကောက်ခြင်းသာ အဖတ်တင်ခဲ့သည်။ ၂၀၂၀ ရွေးကောက်ပွဲနီးသောအခါ ပါတီများစုစည်းလာမှု၊ တိုင်းရင်းသားပါတီများ ပေါင်းစုမှုတို့ ရှိလာသည်။ ညွှန့်ပေါင်းအခြေအနေ ဖြစ်လာနိုင်သောအခါ နိုင်ငံဦးဆောင်ပါတီခေါင်းဆောင်က "ရှုံးလို့ လုံးဝမဖြစ်ဘူး။ ကျွန်မတို့ အပြတ်အသတ်နိုင်မှကိုဖြစ်မှာ""လူကို မကြည့်နှင့် ပါတီကိုသာကြည့်"ဟု ဆိုပြန်သည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် တရားမျှတမှု၊ ရိုးသားမှု၊ ပွင့်လင်းမြင်သာမှုဖြစ်သည့် ဒီမိုကရေစီစံနှုန်းများကို မျက်ကွယ်ပြုခဲ့သည်။ တစ်ပါတီအာဏာရှင်စနစ်ကို တည်ထောင်နိုင်ရန် အစမ္ပနည်းလမ်းမျိုးစုံကို အသုံးပြုခဲ့သည်။

### အတ္တကြီးသောကတိ

**နိုင်ငံရေးသမားဟူသည် အာဏာရသောအခါ ၎င်းတို့၏ မဲဆွယ်ကတိများကို ထိန်းသိမ်းဆောက်တည်ရန် အခက်အခဲတွေ့သည့်အခါများလည်းရှိတတ်သည်။ သို့သော်လည်း မိမိတို့သည် အာဏာမရမီ ကိုယ်စားလှယ်လောင်းများ ဖြစ်နေချိန်မှာပင် ပြည်သူတို့နှင့် တွေ့ဆုံချိန်၌ နှုတ်ထွက်ကတိများကို အလေးထား ထိန်းသိမ်းသင့်ပေသည်။ ကတိများ ဖောင်းပွခြင်း၊ မိမိတို့အနိုင်ရရေးအတွက်သာ မစားရဝခမန်း ကတိစကားများသာ** *စာမျက်နှာ ၂၆ သို့*

**R 2 P လာမည်၊ UN လာမည်၊ နွေဦးတော်လှန်ရေး၊ အရေးတော်ပုံကြီး အောင်ရမည်၊ D-Day လာမည်၊ တစ်နိုင်ငံလုံးပြည်တော်ဝင်သိမ်းပိုက်ပွဲကြီး လာတော့မည် စသည်ဖြင့် ပြည်သူများအား အလိမ်အညာစကားများဖြင့် စည်းရုံးဆွဲဆောင်နေကြသည်။ ယခုမိုးရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သော်လည်း ရွာတစ်ရွာ၊ မြို့တစ်မြို့မှ မသိမ်းပိုက်နိုင်ဘဲ လူသားချင်းမစာနာ၊ ပြည်သူအချင်းချင်း မငဲ့ညှာ ဗုံးခွဲ၊ လမ်းတံတားဖျက်၊ ကျောင်း၊ ရုံး မီးရှို့၊ မီးကွင်းပစ်၊ အပြစ်မဲ့ပြည်သူများကို ဒလန်ဟု စွပ်စွဲသတ်ဖြတ်၊ လုံခြုံရေးတပ်ဖွဲ့ကို ချောင်းမြောင်းပစ်ခတ်တိုက်ခိုက် စသည့်ပြည်သူများအား အထိတ်တလန့်ဖြစ်အောင်၊ ကြောက်ရွံ့အောင် ခြောက်လှန့်သည့်လုပ်ရပ်များသည် နိုင်ငံရေးသမားလုပ်ရပ်များထက် သာလွန်ကဲသည့် နွားရူးဆူးတိုးလုပ်ရပ်ဖြစ်လာသည်**

# လမ်းပန်းဆက်သွယ်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည့် မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော် ရန်ကုန်

**ချမ်းမြေ့မောင်**

(ယမန်နေ့မှအဆက်)

တိုက်ကြီး-ဥတို-ချောင်းသုံးခွ-အဖျောက်လမ်း (၀/၀-၁၅/၅) မိုင် ကို ၁၉၉၆ ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင်လမ်းအဖြစ် ရွှေ့ပြောင်းလက်ခံခဲ့ပြီး ယင်းလမ်းသည် ရန်ကုန်-ပြည်လမ်း (၅၅/၂) မိုင်မှ ဝဲဘက်သို့ခွဲထွက်သွား၍ လမ်းအရှည်မှာ (၀/၀) မိုင် ဥတိုရွာမှတစ်ဆင့် လှိုင်မြစ်ကိုဖြတ်ကျော်ကာ (၁၅/၅) မိုင် အဖျောက်မြို့ (ဧရာဝတီမြစ်ကမ်း) တွင် ဆုံးသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ညွှန်ကြားရေးမှူး(မြို့ပြ) လမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးက (၁၄/၄) မိုင်မှ (၁၅/၅) မိုင်အထိ ၁ မိုင် ၁ ဖာလုံအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့သောလမ်းဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေးပိုင် လမ်းအဖြစ် ရွှေ့ပြောင်းလက်ခံခဲ့စဉ်က ၁၂ ပေအကျယ် မြေသားလမ်း၊ ဂဝံလမ်း၊ ကျောက်လမ်းများအဖြစ် တည်ရှိခဲ့ရာ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ မိုင် (၀/၀) မှ (၈/၃) အထိ ၈ မိုင် ၃ ဖာလုံအား ၁၈ ပေ အကျယ် ကတ္တရာလမ်း၊ (၈/၆) မိုင် မှ (၁၀/၆) မိုင် အထိ ၂ မိုင် အား ၁၈ ပေ အကျယ် ကွန်ကရစ်လမ်း၊ (၁၂/၀) မိုင်မှ (၁၂/၇) မိုင်အထိ ၇ ဖာလုံအား ၁၆ ပေ အကျယ် ကွန်ကရစ်လမ်း၊ (၁၂/၇) မိုင် မှ (၁၄/၀) မိုင်အထိ ၁ မိုင် ၁ ဖာလုံ အား ၁၈ ပေ အကျယ် ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သောလမ်း ဖြစ်သည်။

## ကျောက်စီနံရံများ တည်ဆောက်

မိုးရာသီကာလ မိုးရွာသွန်း၍ ရေကြီးရေလျှံဖြစ်ပေါ်မှုများကြောင့် လမ်းပေါ်သို့ ရေကျော်ခဲ့သောအပိုင်းများတွင်လည်း အရှည် ပေ ၂၀ တံတားများ တည်ဆောက်ခြင်း၊ ကျောက်စီမြေကာနံရံများ တည်ဆောက်ခြင်း တံတားချဉ်းကပ်လမ်းများတွင်လည်း ရေတိုက်စားမှုများမှ ကာကွယ်ရန် ကျောက်စီမြေကာနံရံများ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကျန်ရှိသော (၈/၃) မိုင် မှ (၈/၆) မိုင်အထိ ၃ ဖာလုံအား ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ ပေ အကျယ် ကတ္တရာလမ်းသို့ လည်းကောင်း၊ (၁၀/၆)



မိုင်မှ (၁၂/၀) မိုင်အထိ ၁ မိုင် ၂ ဖာလုံ အား ၁၂ ပေ အကျယ် ကတ္တရာလမ်းမှ ၁၈ ပေ အကျယ် ကတ္တရာလမ်းသို့ လည်းကောင်း၊ (၁၂/၀) မိုင်မှ (၁၂/၇) မိုင်အထိ ၇ ဖာလုံ အား ၁၆ ပေ အကျယ် ကွန်ကရစ်လမ်းမှ ၁၈ ပေအကျယ် ကွန်ကရစ် လမ်းအဖြစ် လည်းကောင်း၊ (၁၄/၀) မိုင်မှ (၁၄/၄) မိုင် အထိ ၄ ဖာလုံအား ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ ပေ အကျယ် ကတ္တရာလမ်းသို့ လည်းကောင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားလျက်ရှိသည်။

## ဆောင်ရွက်ပြီးစီး

လျာထားလုပ်ငန်းများ ဆောင်ရွက်ပြီးပါက (၀/၀) မိုင် မှ (၁၄/၄) မိုင် အထိသည် မူလ ၁၂ ပေ အကျယ်မှ ၁၈ ပေ အကျယ်လမ်းအဖြစ် ပြောင်းလဲသွားမည်ဖြစ်ပြီး တိုက်ကြီး-ဥတို-ချောင်းသုံးခွ-အဖျောက်လမ်းတွင် နေ့စဉ် ဖြတ်သန်းသွားလာလျက်ရှိသော ယာဉ်စီးရေမှာ ၁၀၀၀ ခန့်ရှိပြီး အဖျောက်မြို့မှ စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်ပစ္စည်းတင်ပို့ရောင်းချမှုများ၊ ကုန်ပစ္စည်းတင်သွင်းမှုများ လွယ်ကူမြန်ဆန်လာမည်ဖြစ်သည်။ ခရီးသည်တင်ယာဉ်များ အချိန်တိုအတွင်း လွယ်ကူစွာသွားလာနိုင်ပြီး ယာဉ်မတော်တဆမှုများလည်း ပိုမိုလျော့နည်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း B.O.T စနစ်ဖြင့် Oriental Highway Co.,Ltd က ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင်အမှတ်(၅/၄)မှ (၁၇/၄) အထိ ၁၂ မိုင်ကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ မိုင်တိုင်အမှတ်(၅/၄)မှ (၇/၄)အထိ ၂ မိုင်ကို ၄၆ ပေအကျယ်၊ မိုင်တိုင်အမှတ်(၇/၄)မှ (၁၇/၄)အထိ ၁၀ မိုင်ကို ၃၆ ပေအကျယ် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် တံတား ၁၀ စင်း တိုးချဲ့ခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာလပိုင်းတွင် လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်စက်တင်ဘာလပိုင်းတွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

## ဖြတ်သန်းသွားလာလျက်ရှိ

Max Highway Co.,Ltd ကလည်း ရန်ကုန်-ပြည်လမ်း ၄၈ မိုင် ၃ ဖာလုံ၊ ရန်ကုန်-မန္တလေး ခြောက်လမ်းသွား လမ်းမကြီး ၁၅ မိုင် ၄ ဖာလုံ၊ အမှတ်(၂)လမ်းမကြီး ၂၃ မိုင်၊ အမှတ်(၃)လမ်းမကြီး ၉ မိုင် ၂ ဖာလုံ ၊ အမှတ်(၄) လမ်းမကြီး ၆ မိုင် ၄ ဖာလုံ၊ ဒဂုံ-သီလဝါလမ်း ၁၃ မိုင် ၅ ဖာလုံ၊ သန်လျင်-ကျောက်တန်းလမ်း ၈ မိုင် ၂ ဖာလုံ၊ ထောက်ကြန့်မြို့ရှောင်လမ်း ၁ မိုင် ၇ ဖာလုံ စုစုပေါင်း ၁၂၆ မိုင် ၃ ဖာလုံကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်-ပြည်အဝေးပြေးလမ်းမကြီးတွင် မှော်ဘီမြို့နယ်အပိုင်း၌ ယာဉ်စီးရေ ၁၂၆၈၉ စီးနှင့် တိုက်ကြီးမြို့နယ်အပိုင်း၌ ၅၆၃၅ စီးမှာ နေ့စဉ်ဖြတ်သန်းလျက်ရှိသည်။ ထို့ကြောင့် ၄၈ ပေအကျယ် ကွန်ကရစ်လမ်း တိုးချဲ့၍ AC ခင်းခြင်းလုပ်ငန်းကို (၂၂/၃) မိုင် မှ (၅၂/၂) မိုင် အထိ ၂၉ မိုင် ၇ ဖာလုံကို ၂၀၁၉ ခုနှစ်တွင် ပြီးစီးခဲ့၍ ဖွင့်ပွဲပြုလုပ်ခဲ့ပြီး (၅၂/၂) မိုင်မှ (၇၀/၆) မိုင်အထိ ၁၈ မိုင် ၄ ဖာလုံကို ကွန်ကရစ်လမ်းတိုးချဲ့ခြင်းနှင့် တံတား ၁၇ စင်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ တံတားများ၏အဝင်/ အထွက် ၂ ဖာလုံခန့်သာ တိုးချဲ့ရန် ကျန်ရှိနေသည်။ ရန်ကုန် - မန္တလေး ခြောက်လမ်းသွားလမ်းမကြီးမှာ နေ့စဉ်ယာဉ်စီးရေ ၁၁၀၀၀ ကျော်ဖြတ်သန်း သွားလာလျက်ရှိပြီး ၇၂ ပေအကျယ် AC လမ်းပြုပြင်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

## လမ်းတိုးချဲ့အဆင့်မြှင့်တင်

အမှတ်(၂) လမ်းမကြီးတွင် နေ့စဉ်ယာဉ်စီးရေ ၅၀၀၀ ကျော် ဖြတ်သန်းသွားလာလျက်ရှိသဖြင့် မူလ ၂၂ ပေအကျယ်မှ ၄၈ ပေအကျယ်သို့ တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ လမ်းတိုးချဲ့ခြင်း ၁၃ မိုင် ၁ဖာလုံ ပြီးစီး၍ တံတားတိုးချဲ့ခြင်း ကိုးစင်းအနက် လေးစင်းပြီးစီးပြီ ဖြစ်သည်။ အမှတ်(၃) လမ်းမကြီးကို ၄၈ ပေအကျယ် AC လမ်းအဖြစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြီးစီးခဲ့သော်လည်း နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသည့် ယာဉ်စီးရေမှာ ၉၀၀၀ ကျော်ရှိသဖြင့် ၇၂ ပေအကျယ် ခြောက်လမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အမှတ်(၄) လမ်းမကြီးမှာ နေ့စဉ်ဖြတ်သန်းသွားလာသည့် ယာဉ်စီးရေ ၄၀၀၀ ကျော်ရှိသဖြင့် ၂၂ ပေ အကျယ်မှ ၄၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပြီဖြစ်၍ AC လမ်းခင်းရန် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။ ဒဂုံ-သီလဝါလမ်းတွင် နေ့စဉ် ဖြတ်သန်းသွားလာသည့် ယာဉ်စီးရေ ၆၀၀၀ ကျော်ရှိသဖြင့် ၄၈ ပေအကျယ် ကွန်ကရစ်လမ်း တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ(၀/၀-၆/၀) မိုင်အထိ ၆ မိုင်နှင့် တံတားသုံးစင်းတိုးချဲ့ခြင်းလုပ်ငန်းပြီးစီး၍ (၆/၀-၁၀/၀) မိုင်အပိုင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ သန်လျင်-ကျောက်တန်းလမ်းတွင် နေ့စဉ်ဖြတ်သန်းသွားလာသည့် ယာဉ် ၃၀၀ ကျော်သာရှိပြီး မူလ ပေ ၂၀ အကျယ် ကတ္တရာလမ်းကို တစ်ဖက် သုံးပေစီ တိုးချဲ့ခဲ့သဖြင့် ပျမ်းမျှ ၂၆ ပေ အကျယ်ရှိသည်။ ကျောက်တန်းမြို့တွင်းပိုင်းတွင် ၁ မိုင် ၆ ဖာလုံကို ၃၆ ပေအကျယ်အထိ တိုးချဲ့အဆင့်မြှင့်တင်ခဲ့သည်ဟု သိရသည်။

တံတားများကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး၌ ပေ ၁၈၀ အထက် တံတားကြီး ၄၄ စင်း၊ ပေ ၁၈၀ အောက် တံတား ၁၂၅၁ စင်းအထိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနက တည်ဆောက်ပေးထားသည်ဟု သိရသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ဆောက်လုပ်ပေးထားသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တံတားများအနက်မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ တံတားကြီးများဖြစ်သည့် တံတားကြီးအစင်း ၂၀ ကို မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ၏ခွင့်ပြုချက်ဖြင့် ယခုအခါ လွှဲပြောင်းပေးထားသည်ဟု သိရသည်။

အချုပ်အားဖြင့် တင်ပြရလျှင် စီးပွားရေးမြို့တော် ရန်ကုန်မြို့ကို ပိုင်ဆိုင်ထားသော ရန်ကုန်တိုင်းဒေသကြီးသည် ကုန်းလမ်း (ကားလမ်း)၊ ရေလမ်း၊ လေကြောင်းလိုင်းများ ဝင်ထွက်သွားလာမှုနှင့် ပြည့်စုံနေသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဟူသော ဝိသေသကို အစဉ်ထာဝရပိုင်ဆိုင်ရပ်တည်နေမည်ဖြစ်သည်ဟု ကျွန်တော်ဆိုချင်ပါသည်။ ။



# သာစည်မြို့နယ်၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည်

သာစည် ဩဂုတ် ၁၆

**မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ အောက်ဆီဂျင် လိုအပ်မှုမရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကချထားပေးမည့် အောက်ဆီဂျင်ထုတ်စက်နှင့် မြို့နယ်မှ အလှူရှင်များ၏လှူဒါန်းမှုတို့ဖြင့်အောက်ဆီဂျင်ထုတ်စက်ရုံ တည်ဆောက်သွားမည်ဖြစ်ရာ ယနေ့ နံနက်ကစတင်၍ မြေနေရာရှင်းလင်းရေး စတင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။**

အောက်ဆီဂျင်စက်ရုံကို သာစည်မြို့ အမှတ် (၁) ရပ်ကွက် ကြာကန်ကျောင်းတိုက် တောင်ဘက်မုခ်ဦးအနီးရှိ ကွင်းအမှတ် ၁၈၃၆ ဦးပိုင်အမှတ် ၂ ထိန်ကန်မြောက်ကွင်း မြေအကျယ်အဝန်း အလျား ၁၀၄ ပေ၊ အနံပေ ၆၀ ပေါ်တွင် အဆောက်အအုံပုံစံ အလျားပေ ၅၀၊ အနံပေ ၃၀ ရှိ Steel Structure Open Type စက်ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရုံတည်ဆောက်မည့် မြေနေရာကို ဒေါက်တာ အရှင်စန္ဒောဘာသ (Ph.D India) သာသနာ့တက္ကမဟာဓမ္မာစရိယ ကြာကန်ကျောင်းတိုက်ဆရာတော်က လှူဒါန်းခြင်းဖြစ်ပြီး ထရန်စဖော်မာ100 KVA နှင့် ဆက်စပ်ပစ္စည်းများကို ဦးဘဇံ မိသားစု (ရွှေနဂါးပဲခွဲစက်နှင့် စက်သုံးဆီအရောင်းဆိုင်) ကလည်းကောင်း၊ စက်ရုံအဆောက်အအုံကို အမှတ် (၅) ရပ်ကွက် အောင်သုခရွှေဆိုင်မိသားစုကလည်းကောင်း၊ အုတ်တံတိုင်း မျက်နှာစာ ၁၀ ခန်းအတွက် ရန်ကုန်မြို့နေ ဦးလှမောင်ရွှေ မိသားစုတို့က လည်းကောင်း လှူဒါန်းထားကြောင်းနှင့် လှူဒါန်းလိုပါက မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဖုန်း ၀၆၄-၂၀၆၉၀၂၈ နှင့် ကြာကန်ကျောင်းတိုက် ဆရာတော် ဖုန်း ၀၉-၄၃၀၇၂၅၅၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဝိုင်းမော်မြို့နယ် ဝါရှောင်ဆည်၊ နန့်လွန်းဆည်၊ နန့်မြင်းချောင်းနှင့် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

နေပြည်တော် ဩဂုတ် ၁၆

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်ငါးလုပ်ငန်းဦးစီးဌာနက သဘာဝမြစ် ချောင်း၊ အင်းအိုင်၊ ဆည်တမံ၊ ကန်များတွင် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ လူတစ်ဦးချင်းငါးစားသုံးမှုတိုးတက်လာစေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးလာစေရေးတို့ကိုရည်ရွယ်၍ ဝိုင်းမော်မြို့နယ်ရှိ ဝါရှောင်ဆည်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ခြောက်သောင်း၊ နန့်မြင်းချောင်းအတွင်းသို့ ငါးမြစ်ချင်း သားပေါက်ကောင်ရေ တစ်သိန်း၊ ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း သားပေါက်ကောင်ရေ တစ်သိန်း၊ နန့်လွန်းဆည်အတွင်းသို့ ငါးကောင်ရေ လေးသောင်း၊ အောင်မြေ (၁) ဆည်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ငါးသောင်း၊ စုစုပေါင်း နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ သုံးသိန်း ငါးသောင်းကို ဩဂုတ် ၁၆ ရက်က မျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါငါးမျိုးစိုက်ထည့်သည့် အခမ်းအနားသို့ မြစ်ကြီးနားခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝင်းဝင်းဟန်၊ ဝိုင်းမော်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးအောင်နိုင်ဦးနှင့် မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ပြီး ငါးမျိုးများ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုဆေးရုံကြီး၊ မိတ္ထီလာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မိတ္ထီလာမြို့တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် လိုအပ်သည့်
(က) ခွဲစိတ်ခန်းသုံးဆေးများ
(ခ) ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ - ၁၈-၈-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) စတင်ရောင်းချမည့်ရက်
တင်ဒါ ပိတ်မည့်ရက်နှင့်အချိန် - ၁-၉-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးခန်း၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ
အထွေထွေရောဂါကုဆေးရုံကြီး
မိတ္ထီလာမြို့

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂)၊ မြေကွက်အမှတ် ၉၂၅/ခ ဟုခေါ်တွင်သော (၂၀x၆၀)ပေ အကျယ်ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးဘိုးအောင်(CJ-048568)အမည်ဖြင့် မှတ်သားတည်ရှိသော မြေနှင့်အကျိုးခံစားခွင့်များဖြစ်ပါသည်။ မူလအမည်ပေါက်ဦးဘိုးအောင်ထံမှအရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ (၇)ရက်အတွင်း ခိုင်မာသော တရားဝင် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ပြည့်မြောက်သည်အထိကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သီတာလွဲ့လွဲ့ထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၈/၁၄)
တိုက်(၉/၁၁)၊ အခန်း(၀၀၅/ဘီ)၊ ၃၆လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၂၆၄၉၆၇၊ ၀၉-၄၄၃၁၇၆၆၀၇

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ်-၅၆/က-၂ ဧရိယာ (၀.၁၈၇) ဧကရှိ မြေပိုင်မြေကွက်၊ လ/န ၃ (ခ) နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၁၀) ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ် (၃) ဟု ခေါ်တွင်သော နေအိမ်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဒေါ်နှင်းမြတ်ထွေး (၁၂/ကမတ (နိုင်) ၀၀၀၆၅၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရံငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဇော်လတ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၈)
အမှတ်-၈၃၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၃၁၀၈၅၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ မြေကွက်အမှတ်(၄၅၂/၄၅၃)၊ ဧရိယာပေ (၄၀x၆၀)၊ ပါမစ်မြေ (၂) ကွက် နှင့် ယင်းမြေကွက်အကျိုးခံစားခွင့်အားလုံးကိုပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းကိုကိုလတ် ၈/ရနခ(နိုင်)၀၆၉၈၇၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇွဲမာန်ဇော် ၁၄/ပသန(နိုင်)၃၃၄၄၁၇က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုရည်လှိုင်
LL.B (၇-၄-၂၀၁၄)
အထက်တန်းရှေ့နေ
အမှတ် (၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊
၃၉(A)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်
ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅


## စာပေမြင့်မှ လူမျိုးတင့်မည်



ကလေးနာမည်ပေး ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးထင်ပွန်းတစ်ချစ်သူနံ့တွဲဇာ၀ီလာရတ်ရွေး
01-399136,09-401207303,09-73009994
09-515252 တိုက်အမှတ်(၉)၃ထပ်၊ဇဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့ (ဖိတ်ရက်မရှိ)


*စာမျက်နှာ ၂၄ မှ*

**ပြောကြားခဲ့ခြင်းများ ပြုလုပ်ခဲ့လျှင် တစ်ချိန်တွင် ထိုအရာများသည် မိမိတို့၏ နိုင်ငံရေးသမိုင်းတွင် အစွန်းအထင်း ဖြစ်စေနိုင်သည်။ ထို့ကြောင့် နိုင်ငံရေးသမားများကို ဒုက္ခပေးစေနိုင်သော အကြောင်းအရာများတွင် ၎င်းတို့၏ အတ္တကြီးသော ကတိများသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုကြခြင်းဖြစ်သည်။**

မည်သို့ပင်ဆိုစေ အစိုးရတစ်ရပ်နှင့် နိုင်ငံရေးသမားတစ်ဦး၏ ပြည်သူထံသို့ ပြောကြားသော အများပြည်သူ အကျိုးစီးပွားအတွက် တည်နိုင်ရန် အမှန်ပင်လိုအပ်ရာ အုပ်ချုပ်ရေးတာဝန်ကို ရယူကြမည့်သူများအနေဖြင့် မိမိတို့၏ ကတိများ တည်နိုင်ရန် ကြိုးစားသင့်ပြီး ကတိမတည်နိုင်ခဲ့လျှင်လည်း ရိုးသားစွာ ချပြဝန်ခံသင့်ပါသည်။

### နိုင်ငံရေးမှိုင်းလုံး

မိမိတို့အာဏာရရှိရေးအတွက် အတ္တကြီးမားခဲ့သော ပါတီကြီးသည် နိုင်ငံနှင့် ပြည်သူအပေါ် ကတိမတည်စကားများ၊ လှည့်ပတ်စကားများ၊ အပြောနှင့်အလုပ် တစ်ထပ်တည်းမကျသော အလုပ်များ လုပ်ခဲ့သည်တို့ကို ဖုံးကွယ်ရန်အတွက် ပြည်သူများ၏ စိတ်ခံစားချက်များကို အသုံးချခဲ့သည်။ ရွေးကောက်ပွဲအောင်နိုင်ရေးတွင် မသမာသော နည်းလမ်းမျိုးစုံ အသုံးပြု၍ နောက်တစ်ကြိမ် အာဏာရရှိရေးကို ကြိုးစားခဲ့ပြန်သည်။ ရွေးကောက်ပွဲတွင် မဲမသမာပြုလုပ်မှု၊ ထိုမသမာမှုကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းမပေးလိုမှု၊ အခြေခံဥပဒေနှင့်မညီဘဲ အာဏာရယူလိုမှုများကြောင့် နောက်တစ်ကြိမ် အာဏာရရှိရေးကို လက်လွှတ်ခဲ့ရသည်။ ထိုအခါ အာဏာရခဲ့ဖူးသော ပါတီကြီးသည် အာဏာလက်လွှတ်လိုက်ရသောအခါ ပါတီကြီး၏ မူလညာဉ်အတိုင်း “တိုင်းပြည်အလုံးစုံပျက်သုဉ်းရေး” လမ်းစဉ်ကို အကောင်အထည်ဖော်ခဲ့သည်။ တစ်ပါတီအာဏာရှင်က အာဏာရှင်ဆန့်ကျင်ရေး၊ အာဏာရှင်တော်လှန်ရေး ဟစ်ကြွေး၍ ပြည်သူများအား နိုင်ငံရေးမှိုင်းလုံး ဖုံးအုပ်ပေးခဲ့သည်။

တရားဝင်နိုင်ငံရေးသမားဖြစ်စဉ်က အလိမ်အညာမုသား၊ ရှေ့နောက်မညီသည့်စကားများဖြင့် ပြည်သူကို လှည့်စားခဲ့ရာမှ တရားမဝင်နိုင်ငံရေးသမားဖြစ်သောအခါ မတရားအသင်း CRPH၊ NUG၊ PDF အဖွဲ့များဖွဲ့၍ ရေပေါ်တွင် အရုပ်ရေးသောအလုပ်များဖြင့် ပြည်သူကို လှည့်စားနေပြန်သည်။

R 2 P လာမည်၊ UN လာမည်၊ နွေဦးတော်လှန်ရေး၊ အရေးတော်ပုံကြီး အောင်ရမည်၊ D-Day လာမည်၊ တစ်နိုင်ငံလုံး ပြည်တော်ဝင်သိမ်းပိုက်ပွဲကြီး လာတော့မည် စသည်ဖြင့် ပြည်သူများအား အလိမ်အညာစကားများဖြင့် စည်းရုံးဆွဲဆောင်နေကြသည်။ ယခုမိုးရာသီကာလသို့ရောက်ရှိလာပြီဖြစ်သော်လည်း ရွာတစ်ရွာ၊ မြို့တစ်မြို့မှ မသိမ်းပိုက်နိုင်ဘဲ လူသားချင်းမစာနာ၊ ပြည်သူအချင်းချင်း မငဲ့ညှာ ဗုံးခွဲ၊ လမ်းတံတားဖျက်၊ ကျောင်း၊ ရုံး မီးရှို့၊ မီးကွင်းပစ်၊ အပြစ်မဲ့ပြည်သူများကို ဒလန်ဟု စွပ်စွဲသတ်ဖြတ်၊ လုံခြုံရေးတပ်ဖွဲ့ကို ချောင်းမြောင်းပစ်ခတ်တိုက်ခိုက် စသည့် ပြည်သူများအား အထိတ်တလန့်ဖြစ်အောင် ကြောက်ရွံ့အောင် ခြောက်လှန့်သည့်လုပ်ရပ်များသည် နိုင်ငံရေးသမားလုပ်ရပ်များထက် သာလွန်ကဲသည့် နွားရူးဆူးတိုးလုပ်ရပ်ဖြစ်လာသည်။

အကြမ်းဖက်သမားထက် သာလွန်ကဲသည့် ယုတ်မာပက်စက်မှုများ ပြုလုပ်လာမှုများသည် အလိမ်အညာလှည့်ဖြား နိုင်ငံရေးသမားမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ပြည်သူများအား လေလှိုင်းပေါ်မှ ကာကွယ်ဆေးထိုးပေးမည်ဟု ဆိုလို့ဆို။ အမှန်တကယ် ကာကွယ်ဆေးထိုးပေးနေသူများအား ဗုံးခွဲတိုက်ခိုက်ဖျက်ဆီး။ ယခုနောက်ဆုံး အွန်လိုင်းပေါ်မှ နွေဦးထီဖွင့်မည်ဆိုပြီး လောဘနောက်လိုက်မည့် အချောင်သမားများကို မြူဆွယ်လှည့်စား အမြတ်ထုတ်မည့်အလုပ်များကို ကြံစည်နေပြန်သောအခါ အလိမ်အညာလှည့်စား နိုင်ငံရေးသမားထက်ပိုသည့် နွားရူးဆူးတိုး နိုင်ငံရေးအချောင်သမားဟု ဆိုလိုက်ချင်ပါသည်။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မောင်(ပခုက္ကူ)

**ဒု ညွှန်ကြားရေးမှူး(ငြိမ်း)၊ အခြေခံပညာဦးစီးဌာန**

**အသက် (၉၀)နှစ်**

ပခုက္ကူမြို့၊ အမှတ်(၉)ရပ်ကွက်၊ လမ်းမတော်လမ်းနေ ဒေါ်ခင်လေး၏ ခင်ပွန်း၊ ဦးအောင်ဝင်းကို( AGM မြန်မာ့စီးပွားရေးဘဏ်၊ ကချင်ပြည်နယ်ရုံး)-ဒေါ်ဝါဝါတင် (DGM မြန်မာ့စီးပွားရေးဘဏ်)တို့၏ ဖခင်ဖြစ်သူသည် ၁၆-၈-၂၀၂၂ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**PSC- 96(မြန်မာ့စီးပွားရေးဘဏ်)**

---

### ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူး မောင်မောင်ခင်(ငြိမ်း)

**အသက် (၈၄)နှစ်**

ဦးမြတ်သူ(ဒါရိုက်တာ၊ ဂမုန်းပွင့်ကုမ္ပဏီလီမိတက်)-ဒေါ်သီတာခင်၊ ဒေါ်နီလာခင်၊ဒေါ်စန္ဒာခင်(ဂမုန်းပွင့်ကုမ္ပဏီလီမိတက်)တို့၏ဖခင် ဗိုလ်မှူးမောင်မောင်ခင်(ငြိမ်း)သည် ၁၃-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဂမုန်းပွင့် ကုမ္ပဏီလီမိတက်**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး

## ဦးမောင်မောင်တင်

### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) မြေတိုင်းဦးစီးဌာန(သစ်တောရေးရာဝန်ကြီးဌာန)၊

### ပအိုဝ် အမျိုးသားဓမ္မာရုံ(နာယကကြီး)

### တိုင်းရေဒီယိုသိပ္ပံ(ကျောင်းအုပ်ကြီး)၊ နတ်မောက်ကျောင်းသားဟောင်း

**အသက် (၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၈၃၈ နေ (ဦးချစ်မောင်-ဒေါ်သောင်းတင်)တို့၏သား၊ (ဦးဖိုးညွန့်-ဒေါ်ချိန်)တို့၏သားသမက်၊ ဒေါ်နန်းသိန်းငွေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအေးမင်းထွန်း-ဒေါ်နန်းဝါဝါတင်၊ ဦးအောင်ကိုလတ်-ဒေါ်မြစန္ဒာစိုး၊ ဦးအောင်ကိုပြုံး-ဒေါ်ဥမ္မာလင်း၊ ဦးထွန်းလင်းနိုင်-ဒေါ်နန်းငွေငွေတင်၊ ဦးတင်လင်းမောင်- ဒေါ်သော်တာလှိုင်၊ ဦးကျော်မင်းဦး-ဒေါ်အင်ကြင်းခိုင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၄-၈-၂၀၂၂ ရက် (စနေနေ့) ညနေ ၆:၄၅ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၂၂ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ တိုင်းရေဒီယိုသိပ္ပံတပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၂၂ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ပါမောက္ခ ဒေါက်တာ ကမ်ကျင့်ဒါးလ်

**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)**

**အခြေခံကျန်းမာရေးတက္ကသိုလ်**

**အသက် (၈၀)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လိုင်ရွာနေ(U C Mang Thawng- Daw Ciin Khaw Mang )တို့၏သားကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နေ ဒေါ်မန်ဇာကျိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထောင်းဇိုမုန်-ဒေါ်ဝုန်ခေါ်ဟွေး၊ ဦးထောင်းဇိုခိုင်-ဒေါ်သိင်္ဂီထွန်းအောင်တို့၏ ချစ်လှစွာသောဖခင်၊ ဒါးလ်ဇိုလွန်းထောင်း၊ ချမ့်မွင့်စိန်ထောင်း၊ မုန်ဗန်လိုင်ထောင်း၊ ဒါးလ်မွင့်ခိုင်၊ ကျိန်စန်းကိမ်တို့၏ ချစ်လှစွာသော အဘိုးဖြစ်သူ (ဒေါက်တာကမ်ကျင့်ဒါးလ်)သည် ၁၆-၇-၂၀၂၂ ရက် နံနက် ၁၁:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၇-၂၀၂၂ရက်တွင် ဇာတိရွာ ချင်းပြည်နယ်၊ ထုတ်လိုင်ရွာတွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးအောင်ဝင်းနိုင်(တရားလွှတ်တော်ရှေ့နေ)

**ဖောင်ကြီး-တေဇ(၃)**

**အသက်(၇၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်(ဦးဘစု-ဒေါ်သန်းကြည်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၂၁၀)၊ ရဲရန်အောင်လမ်း၊ (၃၆)ရပ်ကွက်နေ (ဒေါ်အေး အေးမြင့်)(အ.ထ.ပြ) ငြိမ်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါက်တာအောင်မြင်မိုး)၊ ဦးမင်းမင်းကျော်စိုး-ဒေါ်သူသူလွင်၊ ဦးဇာနည်ကျော်-ဒေါ်ဖွန်သရဖီ၊ ဦးနန္ဒာအောင်-ဒေါ်နေဇာလင်း တို့၏မွေးသဖခင်၊ မြေး(၇)ယောက်တို့၏ အဘိုးသည် ၂၈-၇-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁:၃၅နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၉-၇-၂၀၂၂ ရက် ညနေ ၄:၅၀နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါ သည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်အေးအေးမြင့် (အထပြ-ငြိမ်း)

**အသက်(၇၅)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ နယူးစီဗွီလိုင်းနေ (ဦးစိုးမြင့်-ဒေါ်ကြည်အေး)တို့၏တစ်ဦးတည်းသောသမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ် (၂၁၀)၊ ရဲရန်အောင်လမ်း၊ (၃၆)ရပ်ကွက်နေ (ဦးအောင်ဝင်းနိုင်)တရားလွှတ်တော်ရှေ့နေ၏ချစ်လှစွာသောဇနီး၊ (ဒေါက်တာအောင်မြင်မိုး)၊ ဦးမင်းမင်းကျော်စိုး-ဒေါ်သူသူလွင်၊ ဦးဇာနည်ကျော်-ဒေါ်ဖွန်သရဖီ၊ ဦးနန္ဒာအောင်-ဒေါ်နေဇာလင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး(၇) ယောက်တို့၏ အဘွားသည် ၁၂-၈-၂၀၂၂ ရက် (ကြာသပတေးနေ့)နံနက် ၈:၁၅ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ယင်းနေ့ နံနက် ၉:၅၀ နာရီ၌ ကျီစုသုသာန်ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးအောင်ခိုင်(ခ)Philip

## First Pillar Trading Companies

## အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ [ဦးအောင်ကြီး(ဗိုလ်မှူး-ငြိမ်း၊ တပ်မတော်-လေ)-ဒေါ်စန်းစန်းမြင့်(ခ) ဒေါ်ဘက်တီ]တို့၏သား၊ ပြည်မြို့နေ (ဦးသန်းမောင်-ဒေါ်သိန်းနု)တို့၏သားသမက်၊ (Uncle Harvard)-ဒေါ်မြင့်မြင့်စိန်၊ (ဦးသိန်းစိုး(ခ)မိုက်ကယ်)၊ USAနေ Mr.Robert SusLavich & Mrs. June Suslavich တို့၏တူ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ပေါက်စေတီလမ်းသွယ်(၂)၊ အမှတ်(၁၁/H) နေ သုခမ္မသိင်္ဂီ ဒေါ်ခင်ကြူကြူသန်း၏ ချစ်လှစွာသောခင်ပွန်း၊ [ဦးကျော်ဝေ-ဒေါ်အေးအေးမြင့်(ခ)Dimple]၊ ဦးဆွေမြင့်-(ဒေါ်ဝင်းဝင်းမေ(ခ)ဘေဘီ)၊ ဦးတင်လှိုင်-ဒေါ်နွယ်နီဝင်း(IBS)၊ ဦးအောင်စိုးဝင်း-ဒေါ်နွယ်နွယ်ဆင့်(ဆန်းသစ်အောင်ဆောက်လုပ်ရေးကုမ္ပဏီ)၊ ဦးမြင့်စိုး-ဒေါ်သန်းသန်းစု(IBS ကုမ္ပဏီ)တို့၏အစ်ကို/မောင်၊ ဦးနိုင်နိုင်တင်-ဒေါ်ကေပိုင်ပိုင်ချစ်နွေးအောင်၊ မောင်အောင်ကောင်းဆက်တို့၏ ဖခင်၊ တူ၊ တူမ ၁၁ယောက်တို့၏ဦးကြီး ဦးအောင်ခိုင်(ခ) Philip သည်၄-၈-၂၀၂၂ရက် နံနက် ၉:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိ၍ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးပါကြောင်း၊ ၁၀-၈-၂၀၂၂ရက်တွင် ရန်ကုန်မြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေးကောင်းမှုကုသိုလ်များ ပြုလုပ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဦးမျိုးမြင့်ဖေ(ဘိုဘို)

**B.E(Chemical)1972**

**အသက်(၇၂)နှစ်**

မိတ္ထီလာမြို့နေ(ဦးအေးဖေ-ဒေါ်သန်း) တို့၏သားငယ်၊ (ဦးညိုလှ-ဒေါ်သန်း) တို့၏ သားသမက်၊ဦးမြင့်သိန်းဖေ-ဒေါ်ခင်ချိုဝင်း၊ဦးရဲမြင့်ဖေ-ဒေါ်ညိုညို၊(ဗိုလ်မှူးဖေသိန်း-ဒေါ်ရီရီမြင့်)၊ ဦးညွန့်မောင်-(ဒေါ်ဝင်းကြည်)၊ (ဒေါက်တာစန်းစန်းလှ)၊ ဦးဇော်ဝင်း-ဒေါ်ကြည်ကြည်စိုး၊ ဒေါ်ရီရီမြင့်တို့၏ ညီ/မောင်/အစ်ကို၊ ဒေါ်သန်းသန်းလှ (အထ/ပြ)(ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း ဦးမျိုးမြင့်ဖေသည် ၁၅-၈-၂၀၂၂ရက် ည ၈:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဒဂုံ(မြောက်)မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဝမ်းနည်းစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်အေးအေးမူ

**ဦးစီးအရာရှိ(ငြိမ်း)**

**မြန်မာ့ဆားလုပ်ငန်း**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့နေ (ဦးချစ်လှိုင်-ဒေါ်လှမြင့်)၊ (ဦးအောင်စိန်-ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ ဒေါ်မိုးမိုးဝါ(ခေတ္တ-ကူဝိတ်)၊ ဦးချစ်မင်းသူ-ဒေါ်ဟန်နီမြင့်မြတ်သိန်း၊ ဦးလူလှ-ဒေါ်နန်းသိမ့်သီရိဇူးတို့၏မိခင်၊ မြေး(၃)ယောက်တို့၏အဘွား၊ ဦးမြင့်သိန်း(မ/မ-စတိုး)(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးမူသည် ၁၅-၈-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၈:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၂၂ ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကြော်ငြာဆိုင်းဘုတ်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ကြော်ငြာဘုတ်များကို ၄၅' x ၁၅' အရွယ်အစားသတ်မှတ်၍ စနစ်တကျ စိုက်ထူထားရှိပြီးဖြစ်ပါသည်။ စိုက်ထူပြီး ကြော်ငြာဆိုင်းဘုတ်များအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြန်လည်အငှားချထားမည်ဖြစ်ပါသဖြင့် ကြော်ငြာလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုပါက အသေးစိတ်အချက်အလက်များကို ၂၃-၈-၂၀၂၂ရက်မှ ၃-၉-၂၀၂၂ရက်အထိ ရုံးချိန်အတွင်း စီမံရေးရာဌာန၊ စီမံဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် လာရောက်စုံစမ်းကြည့်ရှု ရွေးချယ်လျှောက်ထား ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

(ဖုန်း-၀၁-၂၅၁၄၃၀)

**စီမံခန့်ခွဲရေး ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ဝမ်းနည်းကြေကွဲခြင်း

## ဦးချန်ဟိုး(ကျောက်တန်း)

**အသက်(၇၂)နှစ်**

ကျောက်တန်းမြို့နယ်အသင်း နာယက ဦးချန်ဟိုးသည် ၁၅-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ကျောက်တန်းမြို့နယ်အသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

Myanmar Mobile Money Service Co.,Ltd နှင့်အတူတကွ မိုဘိုင်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခဲ့သော Easy Pay Co.,Ltd မှ Managing Director ဦးအောင်ဖြိုး အသက်(၄၀)သည် ၁၂-၈-၂၀၂၂ ရက် (ကြာသပတေးနေ့) ညနေ ၆:၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်အရာရှိချုပ်နှင့်ဝန်ထမ်းများ**
**Myanmar Mobile Money Service Co.,Ltd.**

---

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ သုနန္ဒမထေရ်
### (ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဝိနယဓရ၊ ဝိနယ ကောဝိဒ)
### သက်တော်(၆၃)နှစ်၊ သိက္ခာတော်(၄၃)ဝါ

ရန်ကုန်တိုင်းဒေသကြီး (မြောက်ပိုင်းခရိုင်)၊ မင်္ဂလာဒုံမြို့နယ်၊ ရာကျော်စိတ္တသုခ တပ်ဦးစာသင်တိုက်၊ ရှင်ဥပဂုတ္တကန်ကျောင်း ဆရာတော် ဘဒ္ဒန္တသုနန္ဒသည် (၁၃၈၃ ခုနှစ်၊ဝါခေါင်လဆန်း ၇ရက်) ၁၄-၈-၂၀၂၁ရက် (စနေနေ့)ည ၁၁:၁၀နာရီတွင်ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိစျာပနသဘင်အား ဆင်ယင်ပြီးစီးပြီ ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းဆိုင်
### ရတနာထွန်း-ရောင်းဝယ်ရေး
### (မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း- ဥက္ကဋ္ဌ မကွေးမြို့နယ် ကရဏာရှင်များအသင်း-နာယက၊ First Private Bank, Director)
### အသက် (၉၀)

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ပွဲကြိုရပ်၊ ၁၅လမ်း၊ အမှတ် ၁၄၈နေ (ဦးသိုက်-ဒေါ်ဖို့)တို့၏သား၊ (ဒေါ်စန်း)၏ခင်ပွန်း၊ ဒေါ်ကြင်ရွှေ၊ ဦးနေဝင်း-ဒေါ်ဥမ္မာလရောင်၊ ဦးခင်မောင်ဆွေ-ဒေါ်စန်းငွေ၊ ဦးမျိုးမြင့်အောင်-ဒေါ်မော်မော်ညို၊ ဦးနောင်နောင်အောင်-ဒေါ်ဥမ္မာသန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ကိုရဲမာန်ဦး-မလဲ့ယဉ်ထွန်း၊ ကိုခန့်ရဲထွန်း-မချောဝင့်ဝင့်မွန်၊ ကိုနေဦးခန့်၊ ကိုနေဦးသန့်၊ ကိုခန့်နေဝင်းတို့၏အဘိုး၊ မမီးမီးငယ်လေး၏ အဘ ဦးထွန်းဆိုင် သည် ၁၄-၈-၂၀၂၁ ရက် (စနေနေ့)ည ၁၁:၃၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၅-၈-၂၀၂၁ရက် (တနင်္ဂနွေနေ့)တွင် မကွေးမြို့၊ ဝေဠုဝန်ကုန်းမြေ၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးရွှေလမင်း
### ညွှန်ကြားရေးမှူး(ငြိမ်း)
### ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန
### အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City နေ (ဦးညိန်း-ဒေါ်ဒေါ်သိန်း)တို့၏သားငယ်၊ (ဝဏ္ဏကျော်ထင် ဦးကွန်း-ဒေါ်ဒေါ်သင်)တို့၏သားသမက်၊ (ဒေါ်တင်တင်ဆွေ)၏ချစ်လှစွာသော ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးမင်းသီရိ-ဒေါ်သန်းသန်းအေး၊ ဂျပန်နိုင်ငံ နာဂိုယာမြို့နေ ဦးကျော်စိုးဝင်း-ဒေါ်ဆွေဆွေမင်း၊ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့နေဦးအောင်ကျော်မင်း-ဒေါ်နီနီဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ကောင်းဇော်နိုင်-မဝတ်မှုံတင့်၊ မောင်စွမ်းထက်အောင်၊ မပန်းမြတ်ဖြူစင်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး ဦးရွှေလမင်းသည် ၂၆-၇-၂၀၂၁ ရက် (တနင်္လာနေ့)ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၇-၇-၂၀၂၁ရက် (အင်္ဂါနေ့)တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ဆွေ
### အထက(၃)၊ မရမ်းကုန်း(ငြိမ်း)
### အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City နေ (ဝဏ္ဏကျော်ထင်ဦးကွန်း-ဒေါ်ဒေါ်သင်)တို့၏ သမီးငယ်၊ (ဦးညိန်း-ဒေါ်ဒေါ်သိန်း) တို့၏သမီးချွေးမ၊ (ဦးရွှေလမင်း)၏ ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့နေ ဦးမင်းသီရိ-ဒေါ်သန်းသန်းအေး၊ ဂျပန်နိုင်ငံ နာဂိုယာမြို့နေ ဦးကျော်စိုးဝင်း-ဒေါ်ဆွေဆွေမင်း၊ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့နေ ဦးအောင်ကျော်မင်း-ဒေါ်နီနီဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ကောင်းဇော်နိုင်-မဝတ်မှုံတင့်၊ မောင်စွမ်းထက်အောင်၊ မပန်းမြတ်ဖြူစင်တို့၏ ဘွားဘွားကြီး ဒေါ်တင်တင်ဆွေသည် ၂-၈-၂၀၂၁ ရက် (တနင်္လာနေ့)ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃-၈-၂၀၂၁ရက် (အင်္ဂါနေ့)တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝေဝေဖြူ
### မြန်မာစာဌာနမှူး(ငြိမ်း)၊ သစ်တောတက္ကသိုလ်
### အသက်(၇၈)နှစ်

ဦးဝင်းကြည်(ပါမောက္ခချုပ်-ငြိမ်း၊ သစ်တောတက္ကသိုလ်)၏ဇနီး ဒေါ်ဝေဝေဖြူသည် ၁၄-၈-၂၀၂၁ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝေဝေဖြူ
### မြန်မာစာဌာနမှူး(ငြိမ်း)၊ သစ်တောတက္ကသိုလ်
### အသက်(၇၈)နှစ်

ဦးဝင်းကြည်(ပါမောက္ခချုပ်-ငြိမ်း၊ သစ်တောတက္ကသိုလ်)၏ဇနီး ဒေါ်ဝေဝေဖြူသည် ၁၄-၈-၂၀၂၁ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများ

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းလှိုင် (ညောင်တုန်းမြို့)B.A,BCS
### မြန်မာနိုင်ငံဝန်ထမ်း (အကြီးတန်း)(၀/၁၄၁၇)
### ညွှန်ကြားရေးမှူး(ငြိမ်း)သမဝါယမဦးစီးဌာန၊ ရန်ကုန်မြို့
### အသက်(၉၁)နှစ်

ပါမောက္ခဒေါက်တာမြတ်မွန်(ပါမောက္ခ/ဌာနမှူး-ငြိမ်း)၊ (ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)နှင့်ပါမောက္ခချုပ် ပါမောက္ခဒေါက်တာလှလှဝင်း (ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်)တို့၏ ဖခင်ကြီး ဦးထွန်းလှိုင် အသက်(၉၁)နှစ်သည် ၁၀-၈-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

---

## ရဟန်း၊ ကျောင်း၊ ဆွမ်း ဒါယကာကြီး
## ဦးမြင့်သန်း
### လက်ထောက်အင်ဂျင်နီယာ(ငြိမ်း)
### အဝေးဆက်သွယ်ရေး(HF ရေဒီယို)
### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
### အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်းဈေးကွယ်(က) ရပ်ကွက်၊ ဇင်္ဘုလလမ်း၊ အမှတ်(၁၁၊ ပထမထပ်)နေ (ဦးထွန်းရှိန်-ဒေါ်စီစီ) တို့၏သားကြီး၊ (ဦးခင်မောင်ကွန့်-ဒေါ်မမကြီး)တို့၏သားသမက်၊ ဦးလှမြင့်-ဒေါ်တင်မာမြင့်တို့၏မောင်၊ (ဦးတင့်လွင်)၏အစ်ကို၊ ဒေါ်ဖြူဖြူဆွေ (ရုံးအုပ်-ငြိမ်း၊ ပြည်ပဆက်သွယ်ရေး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုနိုင်ဝင်းအောင်(E.T.O, MYANMA FIVE STAR LINE)၊ ကိုဇော်ထက်(CHIEF ENGINEER SUPER SEVEN STARS MOTORS INDUSTRY CO.,LTD.)-မသိမ့်ဆုအောင်တို့၏ဖခင်ကြီး၊ သားသားလေး BABY သိမ့်ဆုအောင်၏ ဘိုးဘိုးကြီး၊ ဦးသော်ဟိန်း(TAT LAN Co.,LTD.)-ဒေါ်စန်းယုခိုင်၊ ဦးမျိုးလွင်မြင့်-ဒေါ်တင်ဇာလွင်တို့၏ ဦးလေး၊ မမိုးသုခ၊ မောင်ဖြိုးစည်သူ၊ မောင်ဥက္ကာဟိန်းတို့၏အဘိုးသည် ၁၅-၈-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်လွင်
### ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
### မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
### အသက်(၆၂)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးမောင်မောင်လွင်သည် ၁၆-၈-၂၀၂၁ ရက် နံနက် ၇:၄၅နာရီတွင် မန္တလေးမြို့၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ထွေးအောင်
### အသက်(၅၃)နှစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးစိုးမြင့်လွင်၏ ချစ်လှစွာသောဇနီး ဒေါ်တင်ထွေးအောင်သည် ၁၆-၈-၂၀၂၁ ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ
မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

---

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှမြိုင်
### အသက်(၈၆)နှစ်

သူငယ်ချင်းအေးလွင်၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်လှမြိုင် အသက်(၈၆)နှစ်သည် ၁၄-၈-၂၀၂၁ရက်(စနေနေ့) ညနေ ၄ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

သီဟ(၆၄) သူငယ်ချင်းမိသားစုများ

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဟန်းဒါယကာကြီး
## ဦးလှကျော်
### စစ်ကွင်းအသင်းနာယက
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက်(၄၄)၊အခန်း(၇)နေ ဒေါ်တင်တင်ထွေး၏ ချစ်လှစွာသောခင်ပွန်း၊ စစ်ကွင်းအသင်းဖြစ်မြောက်ရေး ဦးဆောင်ပါဝင်ခဲ့သူ အသင်း၏ နာယကကြီး ဦးလှကျော်သည် ၁၃-၈-၂၀၂၁ရက် ညနေ ၅:၁၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

စစ်ကွင်းအသင်းနှင့်အသင်းသူအသင်းသားများ

---

## ဦးကျော်ငြိမ်း
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)စီမံကိန်း
### အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကမာကြည်လမ်း၊ ကောက်စောလမ်းသွယ်၊ အမှတ်(၅၆/၂)နေ (ဒေါ်ငွေငွေ)၏ ချစ်လှစွာသောခင်ပွန်းသည် ၅-၈-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ဖောင်ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သိန်း
### (မူလွန် ကျောင်းအုပ်ဆရာမကြီး- ငြိမ်း)
### အသက် (၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊သစ္စာလမ်း၊အမှတ် ၁၃၅၊ အမှုထမ်းနယ်မြေ(၁၀)၊ အောင်ချမ်းသာကုန်းထိပ်နေ (ဦးညွန့်မောင်-ဒေါ်အုန်းကျင်)တို့၏သမီး၊ (ဦးဘဖေ-ဒေါ်ခင်စိန်)တို့၏သမီးချွေးမ၊ ကိုဇေယျာဝေ-မစန်းစန်းနွယ်၊ ကိုကျော်ညီလတ်-မတင်ဇာအောင်၊ ကိုဇေယျာမင်း-မအေးမြမွန်၊ ကိုမျိုးမင်းသိန်း-မခင်လေးခိုင်တို့၏ မွေးသမိခင်၊ မြေး နှစ်ယောက်တို့၏ ချစ်လှစွာသောအဘွား၊ ဦးညွန့်ဝေ (ဖန်ချက်စက်ရုံ-ငြိမ်း)၏ဇနီးသည် ၁၆-၈-၂၀၂၁ ရက် (တနင်္လာနေ့)နံနက် ၁၀:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၂၁ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည် ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ရဟန်း၊ ကျောင်း၊ ဆွမ်း ဒါယကာကြီး
## ဦးမြင့်သန်း
### လက်ထောက်အင်ဂျင်နီယာ(ငြိမ်း)
### အဝေးဆက်သွယ်ရေး(HF ရေဒီယို)
### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
### အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်းဈေးကွယ်(က) ရပ်ကွက်၊ ဇင်္ဘုလလမ်း၊ အမှတ်(၁၁၊ ပထမထပ်)နေ (ဦးထွန်းရှိန်-ဒေါ်စီစီ) တို့၏သားကြီး၊ (ဦးအောင်ကြည်)-ဒေါ်စန်းစန်းဝေ၊ ဦးကျော်အေး-ဒေါ်ဒေစီ၊ (ဦးစိုးဝင်း)-ဒေါ်သီသီခိုင်တို့၏အစ်ကို ကြီး၊ မဆုမွန်၊ ကိုကောင်းထွဋ်ဟိန်း-မချစ်စု၊ ကိုသက်မင်းထွန်း-မဟယ်လန်ဦး၊ ကိုဥက္ကာခန့်တို့၏ဘကြီး၊ မောင်လူထွဋ်ထူး၊ မခင်စောကလျာထူး၊ မမေမြင့်မိုရ်ထွန်း၊ မနှင်းဝတ်ရည်ထွန်း၊ မောင်ကောင်းခန့်လင်းထွန်းတို့၏ ဘိုးဘိုးကြီးသည် ၁၅-၈-၂၀၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းသိန်း
### ပြည်တွင်းအခွန်များဦးစီးဌာန၊ ဒေါပုံမြို့နယ်အခွန်ဦးစီးမှူး
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ စုပေါင်းအိမ်ရာ၊ သစ္စာလမ်း၊ အမှတ်(၂၈)နေ (ဦးနန်းလှအောင်)-ဒေါ်လှသိန်းခင်တို့၏ သားကြီး၊ ဒေါ်စန္ဒာလှိုင်၏ခင်ပွန်း၊ မမြတ်ဝတ်ရည်ဦး၊ မောင်အောင်ဘုန်းမြတ်တို့၏ ဖခင်သည် ၁၆-၈-၂၀၂၁ရက် မွန်းလွဲ ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၂၁ရက် မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ**

## ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၇၀၆ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၁၈၂ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၃၄၄၅ ဦးရှိ**

(၁၆-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊

*စာမျက်နှာ ၁၅ ကော်လံ ၁* ◆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အိုးများ တင်သွင်းလာသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၁၁၁၇ ခု၊

*စာမျက်နှာ ၁၀ ကော်လံ ၁* ❏

### လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း (ဩရိဿကမ်းလွန်အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေ) တို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းများ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအပေါ် မူတည်၍ လေ့ကျင့်ပြင်ဆင်မည်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားနှင့် အမျိုးသမီးအသင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့်ကာလအပေါ်မူတည်၍ လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းသည် ၂၀၁၉ အာဆီယံဖူဆယ်ပြိုင်ပွဲပြီးကတည်းက လေ့ကျင့်မှုရပ်နားထားပြီး မြန်မာအမျိုးသမီး ဖူဆယ်အသင်းမှာမူ ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက စခန်းဝင်လေ့ကျင့်မှုမရှိတော့ခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်ကတည်းက နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရခြင်း မရှိသေးဘဲ ယခုနှစ်ကုန်ပိုင်းတွင်လည်း ယှဉ်ပြိုင်ခွင့်ရရန် မသေချာသေးကြောင်း သိရသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်က ကျင်းပမည့် အာဆီယံဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲကို ယခုနှစ်အတွင်း ကျင်းပဖြစ်ပါက မြန်မာ့လက်ရွေးစင်

*စာမျက်နှာ ၁၀ ကော်လံ ၅* ❖

**ယနေ့ သတင်းအညွှန်း**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင်ရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး ပြည်တွင်းသတင်း စာ - ၁၁

အမေရိကန်နိုင်ငံ၏ ကိုဗစ်- ၁၉ နေ့စဉ်ကူးစက်မှုနှုန်း လာမည့်သီတင်းပတ်များအတွင်း နှစ်သိန်းကျော်လွန်လာနိုင် နိုင်ငံတကာသတင်း စာ - ၁၂